# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (7-2-2016) (၈၄၆၉)


**ဗုဒ္ဓအလိုကျ အဆုံးအမတော်**

| | |
|---|---|
| သဗ္ဗပါပဿ အကရဏံ - | မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။ |
| ကုသလဿ ဥပသမ္ပဒါ - | ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။ |
| သစိတ္တ ပရိယောဒပနံ - | မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။ (မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ) |
| ဧတံ ဗုဒ္ဓါန သာသနံ - | ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။ |

(ဓမ္မပဒ)

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို တိုင်းရင်းသားပြည်သူများအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်

## နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား-**

ယနေ့ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ဗြိတိသျှကိုလိုနီ အစိုးရနှင့် ဆွေးနွေးနေစဉ် ရှမ်းပြည်လူထုခေါင်းဆောင်များက ဦးဆောင်ပြီး တောင်တန်းနှင့်ပြည်မ အတူတကွ လွတ်လပ်ရေးရရှိလိုကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြပါသည်။ ထိုသို့ တောင်တန်းနှင့်ပြည်မ အတူတကွ လွတ်လပ်ရေးရယူနိုင်ရန် အတွက် ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ် ပင်လုံမြို့တွင် တောင်တန်းဒေသ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီး သဘောတူညီမှု ရရှိအောင် ကြိုးပမ်းနိုင်ခဲ့ပါသည်။ ထို့နောက် ပြည်မနှင့် အတူတကွပူးပေါင်းပြီး ကိုလိုနီနယ်ချဲ့ထံက လွတ်လပ်ရေးရယူမည်ဟူသော ဆုံးဖြတ်ချက်ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ချမှတ်နိုင်ခဲ့ပါသည်။ ယင်းသို့ ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့သည့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် "ရှမ်းပြည်နယ်နေ့" အဖြစ် သတ်မှတ်ခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၆၉)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကဏ္ဍအလိုက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

## (၆၉)နှစ်မြောက်ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး စုပေါင်းနေထိုင်ကြသည်။ ယခင်ကရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရန်ခက်ခဲသော အချိန်ကာလများရှိခဲ့သည်။ ယနေ့ကာလတွင်မူ ခရီးလမ်းပန်းအခက်အခဲများ လျော့ပါးလာခဲ့ပြီဖြစ်သည့်အားလျော်စွာ သွေးချင်းညီအစ်ကိုမောင်နှမများ၏ ဒေသန္တရသဘာဝအလှအပများ၊ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးတမ်းများကို ပိုမိုထိတွေ့ခွင့်ရရှိလာပြီဖြစ်သည်။

တစ်ချိန်တည်းမှာပင် ယနေ့နည်းပညာခေတ်၏ အမျိုးမျိုးသော တိုးတက်မှုများကြားမှ ဘေးထွက်ဆိုးကျိုးများဖြစ်သော အမျိုးသားကိုယ်ပိုင်ယဉ်ကျေးမှု ပွန်းပဲ့တိုက်စားခြင်းများသည် သွေးချင်းတို့၏ လူငယ်များတွင်လည်း သက်ရောက်လျက်ရှိနေပြီဖြစ်သည်။ မိမိတို့မျိုးနွယ်စု၏ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို အရှည်တည်တံ့အောင် မြတ်နိုးသောစိတ်ဓာတ်ဖြင့် ထိန်းသိမ်းရန်အရေးကြီးသကဲ့သို့ မျိုးနွယ်စုတစ်ခုမှ လူကြီး၊ လူငယ်တို့၏ လက်ဆင့်ကမ်းအမွေပေးအပ်ရန်လည်း အထူးလိုအပ်လှပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနက် ကယားပြည်နယ်အတွင်းရှိ ကယားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးတမ်းများ၊ ပွဲလမ်းသဘင်များအကြောင်းကို စေ့ငုတင်ပြလိုပါသည်။ ကယားတိုင်းရင်းသားတို့သည် ပြည်နယ်၏ မြို့တော် လွိုင်ကော်နှင့် ဒီးမော့ဆို၊ ဖရူဆို၊ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့ဒေသများတွင် အများဆုံးနေထိုင်ကြသည်။ ကယားမျိုးနွယ်စုကိုးမျိုးရှိပြီး ကယား၊ ဇယိမ်း၊ ကယန်း(ပဒေါင်)၊ ကဲ့ခို၊ ဂေဘား၊ ဘရဲ့(ကယော)၊ မနုမနော၊ ယင်းတလဲ၊ ယင်းဘော်တို့ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖

သတင်းဆောင်းပါး - ခွန်းဆက်နေ၊ ဓာတ်ပုံ - ရာမည

# ဒွေးမယ်နော်တို့ပျော်စံရာ ကယားမြေ



မိုးလေဝသ ကောင်းမွန်စေရန်၊ ရောဂါဘယကင်းဝေးစေရန်၊ ဆန်ရေစပါးပေါများစေရန်၊ တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောစေရန် ဆုတောင်းသည့်အနေဖြင့် ကျင်းပသည့် တံခွန်တိုင်ပွဲတော်ကွင်းနှင့် ကယားတိုင်းရင်းသား တိုင်းရင်းသူများကို တွေ့ရစဉ်။




ကြေးမုံ စာတည်းရှုထောင့် ၇-၂-၂၀၁၆၊ တနင်္ဂနွေနေ့

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်

၂၀၁၆ ခုနှစ်အစ ဇန်နဝါရီလက ရန်ကုန်မြို့ အဆင့်မြင့်မင်္ဂလာဈေးတွင် မီးကြီးလောင်ကျွမ်းခဲ့သည်။ ထိုကာလမှစတင်၍ မြို့နယ်ဒေသအချို့တွင် မီးများမကြာခဏဆိုသလို လောင်ကျွမ်းခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ယခု တစ်လကျော်ကာလအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တို့တွင် တစ်ရက်တည်း နှစ်မြို့ လောင်ကျွမ်းခဲ့ရာ ဆုံးရှုံးမှုများခဲ့သည်ဟု သိရသည်။

အဆိုပါ မီးလောင်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး အရေးပေါ် အစည်းအဝေးကို ကျင်းပပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နမ့်ဆန်မြို့သို့လည်းကောင်း၊ ဒုတိယသမ္မတဦးညဏ်ထွန်းက လပွတ္တာမြို့သို့လည်းကောင်း ချက်ချင်းသွားရောက်၍ မီးဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးကာ ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို ပံ့ပိုး ဆောင်ရွက်ပေးခဲ့သည်။

၂၀၁၆ ခုနှစ် နှစ်စတွင်ပင် မီးလောင်မှုများ ခပ်စိပ်စိပ်ဖြစ်ပွားနေသဖြင့် မြန်မာနိုင်ငံအနှံ့တွင် မီးလောင်မှုမဖြစ်ပွားအောင်နှင့် မီးလောင်မှုဖြစ်ပွားပါက အရေးပေါ် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များ အမြန်ဆုံးဆောင်ရွက်နိုင်အောင် ပြုလုပ်ထားရမည့်အစီအမံများကို ပြန်လည်သုံးသပ်ပြင်ဆင်ပြီး မြို့နယ်အလိုက် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ သို့မှသာ မီးလောင်မှုကင်းဝေးပြီး မီးလောင်မှုဖြစ်ပွားပါကလည်း ဆုံးရှုံးမှု သက်သာနိုင်မည်ဖြစ်သည်။

မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းများတွင် လူတို့၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားရသည်မှာ အများဆုံးဖြစ်သည်။ ထိုဖြစ်စဉ်များတွင် မီးဖိုမီး၊ ဆေးလိပ်မီးနှင့် လျှပ်စစ်ဝါယာရှော့ကြောင့် လောင်ကျွမ်းရသည့်ဖြစ်စဉ်မှာ အများဆုံးဖြစ်သည်။ အစားအသောက်နှင့် အလုပ်အကိုင်အတွက် မီးအသုံးပြုရာတွင် လူနှင့်မီး မျက်ခြည်မပြတ်ရှိနေရန်နှင့် အသုံးပြုသည့်နေရာတွင် မီးအန္တရာယ်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးပစ္စည်းနှင့် အရံအတားများ ရှိဖို့လိုသည်။ လျှပ်စစ်ဓာတ်အားကို အသုံးပြုရာတွင် စနစ်တကျအသုံးပြုရေးနှင့် လျှပ်စစ်စစ်ဆေးမှုများကို မကြာခဏစစ်ဆေးပေးရမည်ဖြစ်သည်။

လျှပ်စစ်ကြိုးသွယ်တန်းမှု၊ ခံနိုင်ရည်အတွက် အိမ်သုံးနှင့်လုပ်ငန်းသုံး ဝန်နှင့်အားမျှသည့် ပစ္စည်းများသုံးစွဲထားမှု၊ အများပြည်သူသုံး အဆောက်အအုံများအတွက် လုံခြုံဘေးကင်းမှု၊ ဗို့အားမြင့် အကြီးစားစက်မှုလုပ်ငန်းသုံး လျှပ်စစ်အသုံးပြုမှု၊ သတ်မှတ်ထားသောအချိန်အတွင်း အသုံးပြုမှု၊ လူနေအိမ်များ တည်ဆောက်ထားမှုနှင့် မီးသတ်ယာဉ်များ အလွယ်တကူဝင်ရောက်ထွက်ခွာနိုင်မှု၊ မီးသတ်ယာဉ်အင်အားမျှတမှု၊ မီးသတ်ရန်အတွက် မီးသတ်ရေကန်များ တည်ဆောက်ထားမှု၊ မီးကင်းနှင့် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းထားမှု စသည့် အချက်များကို ပြန်လည်သုံးသပ် ပြင်ဆင်ထားသင့်သည်။

မီးလောင်ကျွမ်းမှုတစ်ခုဖြစ်ပွားသောအခါ မီးသတ်ယာဉ်များ ချက်ချင်း ရောက်ရှိလာတတ်သော်လည်း မီးငြိမ်းသတ်ရေးအစီအမံများကို အလွယ်တကူ ခန့်ခွဲနိုင်သော အခြေအနေကောင်းများမရှိခြင်းနှင့် မီးသတ်ယာဉ်များ အလွယ်တကူ မဝင်ရောက်နိုင်ခြင်းတို့ကြောင့် ဆုံးရှုံးမှုများပိုလာသည်ကိုလည်း တွေ့ရသည်။ အဓိကမှာ မြို့ရွာများတွင် လူနေထူထပ်လာပြီး ဘေးအန္တရာယ် ကျရောက်ပါက ဆောင်ရွက်နိုင်သည့်နေရာအနေအထားများကို ထည့်သွင်းထားခြင်းမရှိတော့ဘဲ မိမိတို့၏ နေထိုင်လုပ်ကိုင်မှုဘဝများအတွက်သာ ဦးစားပေးလာခြင်းသည်လည်း အရေးကြီးသောအချက်ဖြစ်သည်။

ကုန်လွန်ခဲ့သော ခေတ်ကာလများက လူနေထိုင်ခြင်း၊ ဈေးရောင်းချခြင်းတို့ကို သတ်မှတ်ထားသည့်အတိုင်းသာ လုပ်ကိုင်ဆောင်ရွက်ခွင့် တိတိကျကျသတ်မှတ်ထားပြီး မြို့၊ ရွာ၊ ရပ်ကွက်၊ လမ်းတိုင်း၌ မီးသတ်ယာဉ်များ အလွယ်တကူဝင်ရောက်နိုင်အောင် ဖန်တီးပေးထားသည်။ ယုတ်စွအဆုံး အိမ်နောက်ဖေးလမ်းကြားများကိုပင် မီးသတ်ကားတစ်စီးစာ ဝင်နိုင်အောင် အကျယ်ဖန်တီးထားပြီး ထိုလမ်းကြားများတွင် မည်သူမျှ ဝင်ရောက်ကျူးကျော်ကာရံထားခြင်း ပြုလုပ်ခွင့်မရှိချေ။ မီးသတ်ရေလှောင်ကန်နှင့် မီးကင်း၊ မီးသတ်ပစ္စည်းများ နေရာတိုင်းတွင် ထားရှိခဲ့ကြသည်။

ထိုမျှဆောင်ရွက်ခဲ့ကြသော်လည်း လူတို့၏ပေါ့ဆမှု၊ ထိုအချိန်ကာလက မီးငြိမ်းသတ်ရေး၌ ခေတ်မီတိုးတက်မှု မရှိခဲ့မှုများကြောင့် မီးလောင်မှုများနှင့် ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသေးသည်။ ယခုအခါ မီးငြိမ်းသတ်ရေးလုပ်ငန်းများအတွက် အဆိုပါ အခြေအနေကောင်းများ ဖန်တီးထားမှုများ လျော့နည်းသွားခြင်း၊ အချို့နေရာများတွင် လုံးဝမရှိတော့ခြင်းများကို မြင်တွေ့နေရသဖြင့် ယခုနောက်ပိုင်း မီးလောင်မှုများ၌ ဆုံးရှုံးမှုများမြင့်တက်လာသည်ကို တွေ့ရသည်။ ထို့ကြောင့် စနစ်ကျသော အစီအမံများကို ပြန်လည်ဖန်တီး၍ စည်းကမ်းရှိစွာဖြင့် မီးဘေးကာကွယ်ရေး ကြိုတင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## တရုတ်နိုင်ငံသား ၄၄၁ ဦး မော်တော်ယာဉ်အစီး ၁၃၀ ဖြင့် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသ ၁၅ ခုသို့ သွားရောက်လည်ပတ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံတွင် ပေါကြွယ်လှသော သဘာဝအရင်းအမြစ် အလှအပများ၊ အစဉ်အလာကြီးမားသော ယဉ်ကျေးမှု အမွေအနှစ်၊ ဓလေ့ထုံးစံများနှင့် မြန်မာလူမျိုးတို့၏ ပျူငှာဖော်ရွေမှုများသည် နိုင်ငံခြားသားခရီးသွား ဧည့်သည်များကို လာရောက်လည်ပတ်စေရန် ဆွဲဆောင်လျက်ရှိပြီး ခရီးသွားဧည့်သည်များ လည်ပတ်သွားလာနိုင်သည့် ခရီးစဉ်ဒေသအများအပြား ရှိနေသကဲ့သို့ ခရီးသွားလုပ်ငန်း အမျိုးအစားများစွာကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ခရီးသွားလုပ်ငန်း၊ စွန့်စားသွားလာသည့် ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ အဏ္ဏဝါခရီးသွားလုပ်ငန်း၊ တောလမ်း ကားမောင်းပြိုင်ပွဲနှင့် ကားအပျော်စီးခရီးသွားလုပ်ငန်း၊ အပျော်စီးသင်္ဘောခရီးသွားလုပ်ငန်း၊ မီးပုံးပျံခရီးသွားလုပ်ငန်း၊ လူမှုအခြေပြု ခရီးသွားလုပ်ငန်းနှင့် အပန်းဖြေခရီးသွားလုပ်ငန်း များစွာသည် မြန်မာနိုင်ငံတွင် အဓိကဖွံ့ဖြိုးလျက်ရှိသော ခရီးသွားလုပ်ငန်းများဖြစ်သည်။

ခရီးသွားလုပ်ငန်း အမျိုးအစားများတွင် တစ်ခုပါဝင်သည့် အပန်းဖြေခရီးသွား လုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံတွင် သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ တန်ခူးလအတာသင်္ကြန်ပွဲတော် ရက်ရှည်အားလပ်ရက် ခရီးသွားလာခြင်းများ ပြုလုပ်ကြသကဲ့သို့ နိုင်ငံတကာတွင်လည်း မိသားစုအားလပ်ရက် အပန်းဖြေခရီးသွားလာခြင်း၊ ခရစ္စမတ်နှစ်သစ်ကူး ရက်ရှည်ခရီးသွားလာခြင်း၊ တရုတ်နှစ်သစ်ကူး ခရီးသွားလာခြင်းများဖြင့် အပန်းဖြေခရီးသွားလာခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၈ ရက်သည် တရုတ်လူမျိုးတို့၏ နှစ်သစ်ကူးနေ့ဖြစ်၍ ယခင်နှစ်များက တရုတ်နှစ်သစ်ကူးနေ့တွင် တရုတ်လူမျိုးများသည် ရွှေလီမြို့မှဝင်ရောက်ကာ မူဆယ်မြို့အနီးတစ်ဝိုက်တွင်သာ လည်ပတ်ခဲ့ကြသော်လည်း ယခုနှစ်တွင် ဖေဖော်ဝါရီ ၈ ရက်မှ ၁၈ ရက်အတွင်း ခုနစ်ရက်ကြာခရီးစဉ်ကို ခရီးစဉ် ၁၅ ခုဖြင့် မော်တော်ယာဉ်အစီး ၁၃၀ နှင့်အတူ တရုတ်နိုင်ငံသား ၄၄၁ ဦးတို့သည် မူဆယ်မြို့မှဝင်ရောက်ကာ ပြင်ဦးလွင်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ရန်ကုန်၊ ငွေဆောင်၊ ရန်ကုန်၊ မူဆယ်မြို့များသို့ သွားရောက်ကာ အပန်းဖြေအနားယူ လေ့လာလည်ပတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




## သီပေါမြို့မစည်ပင်ဈေးရှိ ဆိုင်ခန်းများတွင် လျှပ်စစ်မီးကြိုးများ လဲလှယ်တပ်ဆင်

**သီပေါ ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့မ စည်ပင်ဈေးကြီးအတွင်းရှိ ဆိုင်ခန်းပေါင်း ၇၀၀ ကျော်မှ အန္တရာယ်ရှိသော ပျက်စီးပေါက်ပြဲနေသည့် လျှပ်စစ်မီးကြိုးများကို မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်မီးကြိုးအသစ်များဖြင့် အစားထိုး လဲလှယ်ပေးလျက်ရှိရာ မြို့နယ်စည်ပင်သာယာရေး ဌာနအမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

“သီပေါမြို့မ စည်ပင်ဈေးကြီးထဲက ဈေးဆိုင်ခန်းတွေမှာ လျှပ်စစ်မီးကို ယခင် နှစ်ပေါင်းများစွာကတည်းက အသုံးပြုလာတာ လျှပ်စစ်မီးကြိုးတွေအများစုက နှစ်ကြာလာတော့ ပျက်စီးပေါက်ပြဲနေတာကို စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။

“ဒါကြောင့် မီးဘေးနဲ့ လျှပ်စစ်အန္တရာယ်မဖြစ်စေဖို့အတွက် မြို့နယ်စည်ပင်သာယာရေးဌာနက အကုန်အကျခံပြီး ကြိုးဟောင်းနေရာမှာ မီးကြိုးအသစ်တွေကို လဲလှယ်တပ်ဆင်ပေးနေခြင်း ဖြစ်ပါတယ်” ဟု သီပေါမြို့နယ်စည်ပင် သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်က ပြောသည်။

**(သီပေါကိုလတ်)**

## ဘားအံမြို့၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကြိုဆိုထောက်ခံပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၆**

နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လုပ်သားပြည်သူအပေါင်းတို့က ကြိုဆိုထောက်ခံသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီက ဘားအံမြို့သီရိကွင်း၌ ကျင်းပရာ ပြည်သူလူထုအင်အား ၂၃၀၀ ကျော် တက်ရောက်ကြသည်။

ထို့နောက် ဘားအံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဘုဒီမန်းက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်အဆိုအား ဖတ်ကြားတင်သွင်းရာ ဘားအံတက္ကသိုလ် မဟာသိပ္ပံကျောင်းသူ နန်းခိုင်ဇာဇာက ထောက်ခံဆွေးနွေးခြင်း၊ လှိုင်းဘွဲ့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်က လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကိုဦးစွာဆောင်ရွက်ရန် အဆိုကို ဖတ်ကြားတင်သွင်းရာ ပညာရေးကောလိပ်မှ ပထမနှစ်ကျောင်းသူ နန်းမြကေခိုင်က ထောက်ခံဆွေးနွေးခြင်း၊ သံတောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစောဒီထူးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ လုံခြုံရေးနှင့် ပြည်သူလူထု၏ ဘဝမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်အဆိုအား ဖတ်ကြားတင်သွင်းရာ ဘားအံသူနာပြုသင်တန်းကျောင်းမှ ပထမနှစ်ကျောင်းသူ နော်ခူးခူးစေးက ထောက်ခံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်စော(ပြန်/ဆက်)**

## ဒိုးနွယ်-ရွာသစ်ကျေးရွာချင်းဆက်လမ်းဖောက်လုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်အုပ်စု ဒိုးနွယ်ရွာသစ် ကျေးရွာချင်းဆက်လမ်း (မြေသားလမ်း) ဆောင်ရွက်နေမှုအား နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်၊ ခရိုင်ဦးစီးဌာနမှူး ဦးစိုးလင်းနှင့်အဖွဲ့က ဖေဖော်ဝါရီ ၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယခင် လမ်းဟောင်းသည် လမ်းအူကြောင်း ပျောက်လျက်ရှိပြီး အနီးဝန်းကျင်ကျေးရွာများမှ လမ်း၏ ချို့ယွင်းချက်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လျာထားပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်း တံတားတစ်စင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုဖောက်လုပ်နေသည့် ကျေးရွာချင်းဆက်လမ်းပြီးစီးပါက ကျေးရွာနှစ်ရွာမှ ဒေသခံများအနေဖြင့် လမ်းကိုအသုံးပြု၍ ကူးသန်းသွားလာနိုင်မည်ဖြစ်သည့်အတွက် အချိန်တိုအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

☆ ရှေ့ဖုံးမှ

ဆောင်ရွက်လျက်ရှိရာ ခေတ်အဆက်ဆက် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ပေါင်း ၆၀ ကျော် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ရလဒ်အဖြစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ယင်းသဘောတူစာချုပ်ကိုအခြေခံပြီး နိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်ကို အစပြုအကောင်အထည်ဖော်ဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ပထမဆုံးအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ တွင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပနိုင်ခဲ့ပါသည်။ အဆိုပါပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသည် မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးမှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အလျောက် ရရှိပြီးတည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို တိုင်းရင်းသားပြည်သူများအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။

သို့ဖြစ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် ရှမ်းပြည်နယ်အတွင်းရရှိထားပြီးသော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့်အတူ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သွေးစည်းညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်တွင်ကျင်းပသည့် ဗုဒ္ဓသာသနာ၊ အဆင့်မြင့်ပညာရေးနှင့် အမြော်အမြင် နိုင်ငံတကာစာပေဟောပြောပွဲသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။ **(ယာပုံ)**

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့သို့ရောက်ရှိကြပြီး တောင်ကြီးမြို့ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်တွင် ကျင်းပလျက်ရှိသည့် ဗုဒ္ဓသာသနာ၊ အဆင့်မြင့်ပညာရေးနှင့်အမြော်အမြင် နိုင်ငံတကာစာပေဟောပြောပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ စာပေဟောပြောပွဲသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များအသင်းဥက္ကဋ္ဌ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဘဒ္ဒန္တ ဒေါက်တာအရှင်ဉာဏိဿရနှင့် ဦးဆောင်ဆရာတော်၊ သံဃာတော်များ တက်ရောက်ကြသည်။

စာပေဟောပြောပွဲတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား အပြည်ပြည်ဆိုင်ရာဗုဒ္ဓတက္ကသိုလ်များအသင်း အတွင်းရေးမှူးချုပ် အောက်စဖို့ဒ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မသာမိမထေရ်က ဗုဒ္ဓဘာသာတရားတော်ဆိုင်ရာ လက်ဆောင်ပစ္စည်းပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် တာဝန်ရှိသူများသည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဘဒ္ဒန္တ ဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**




# မန္တလေးမြို့ ဧရာဝတီဆိပ်ကမ်းတွင် ယာယီတဲများဖြင့်နေထိုင်ကြသည့် ရွှေ့ပြောင်းလုပ်သားများအတွက် တည်ဆောက်ထားသည့် အငှားအိမ်ရာတိုက်ခန်းများ လျှောက်ထားသူ ၁၈၈၉ ဦးရှိ

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးမြို့ ဧရာဝတီဆိပ်ကမ်းတွင် ယာယီတဲများဖြင့် နေထိုင်ကာ အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ရွှေ့ပြောင်းလုပ်သားမိသားစုများအနေဖြင့် ၎င်းတို့လုပ်ငန်းလုပ်ကိုင်ရာနေရာများ၌ လုံခြုံအဆင့်မြင့်စွာ နေထိုင်စေရန်နှင့် ပြည်တွင်းရှိကာယလုပ်အားများ ပြည်ပသို့ရောက်ရှိမသွားရန် ရည်ရွယ်ချက်များဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အငှားအိမ်ရာများတည်ဆောက်ပေးခဲ့ရာ နေထိုင်ရန်လျှောက်ထားသည့် အိမ်ထောင်စုပေါင်း ၁၈၈၉ ဦးရှိကြောင်း သိရသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့လမ်းညွှန်မှုဖြင့် အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းတစ်လျှောက်တွင် အငှားအိမ်ရာ ၁၂ ခန်းတွဲ ခြောက်ထပ်အဆောက်အအုံ ၂၂ လုံးကို ၂၀၁၄ ခုနှစ် မတ်လက စတင်တည်ဆောက်ခဲ့ရာ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။



“ဒီလိုတန်ဖိုးနည်းအငှားအိမ်ရာတွေကို မြန်မာနိုင်ငံမှာ စတင်အကောင်အထည်ဖော်တာက ပထမဆုံးဖြစ်ပါတယ်။ ငှားရမ်းခအချိုသာဆုံးဖြစ်တဲ့အပြင် ထိုက်သင့်တဲ့အဆင့်အတန်းတစ်ခုနဲ့ ရွှေ့ပြောင်းလုပ်သားတွေ နေထိုင်နိုင်အောင် တည်ဆောက်ခဲ့တာပါ။တိုင်းဒေသကြီးအစိုးရက အခြားဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်နေတဲ့ကြားထဲက ရွှေ့ပြောင်းလုပ်သားတွေမိသားစုဘဝ နေထိုင်ရေးကိုလည်း စဉ်းစားပေးပြီး အကောင်းဆုံးလုပ်ပေးတာပါ”ဟု မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။

မြို့တော်စည်ပင်အနေဖြင့် ၎င်းတို့အား အခမဲ့နေထိုင်ခွင့်ပေးလိုသော်လည်း ယင်းအဆောက်အအုံများဆောက်လုပ်သည့် ကုန်ကျငွေမှာ မန္တလေးပြည်သူများ ထမ်းဆောင်ထားသည့် အခွန်အခငွေများ၏ တစ်စိတ်တစ်ပိုင်းကို ထည့်သွင်းအသုံးပြုထားသည့်အပြင် နောက်ပိုင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်း ဆက်လက်သုံးစွဲရမည်ဖြစ်၍ ငှားရမ်းခယူရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါအငှားအိမ်ရာနေထိုင်ခွင့် လျှောက်လွှာများကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ စိစစ်လက်ခံပေးခဲ့ပြီး အငှားချထားပေးမည့် လုပ်ငန်းများဆောင်ရွက်ရန် စာရင်းကောက်ယူခြင်းနှင့် လျှောက်လွှာများစိစစ်ခြင်းတို့အတွက် ဆပ်ကော်မတီဖွဲ့စည်း၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်းကာ အသေးစိတ်စာရင်းကောက်ယူခဲ့ခြင်းဖြစ်သည်။

စာရင်းများအရ ယာယီတဲများဖြင့် နေထိုင်သူအိမ်ထောင်စုပေါင်း ၂၆၅၈ စုရှိသည့်အနက် လျှောက်ထားသူ ၁၈၈၉ ရှိပြီး အခန်းပေါင်း ၁၅၈၄ ခန်းကို မဲစနစ်ဖြင့် ချထားပေးသွားမည်ဖြစ်ကြောင်း၊ အခန်းတစ်ခန်းလျှင် ၁၀ ပေ× ပေ ၂၀ ကျယ်၍ အခန်းများအလိုက် ရေချိုးခန်း၊ သန့်စင်ခန်း၊ အိပ်ခန်းများပါဝင်ပြီး လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်ထားကြောင်း၊ ပထမထပ်မှ ဆဋ္ဌမထပ်အထိ မည်သည့်အခန်းမဆို တစ်လလျှင် ကျပ် ၃၀၀၀၀ ဖြင့် တစ်ပြေးညီသတ်မှတ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

○○○

❖ **ကျောဖုံးမှ**

ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ကိုးမိနစ်တွင် ဝီလျံ၊ ၄၁ မိနစ်နှင့် ၅၃ မိနစ်တွင် မာတူနာတို့က သွင်းယူပေးခဲ့သည်။

**ယနေ့ပွဲ**

**(မုံရွာကွင်း)**

**ဧယျာရွှေမြေ - ဇွဲကပင်**

**(အောင်ဆန်းကွင်း)**

**ရခိုင် - မကွေး**

**(သုဝဏ္ဏကွင်း)**

**ဟံသာဝတီ - Horizon**

# တရုတ်(ထိုင်ဝမ်)တွင် အင်အားပြင်းငလျင်လှုပ်ခတ် အနည်းဆုံးလူ ၁၄ ဦးသေဆုံး၊ ၄၅၀ ကျော် ထိခိုက်ဒဏ်ရာရ

**တိုင်ပေ ဖေဖော်ဝါရီ ၆**

တရုတ်(တိုင်ပေ) တောင်ဘက်ပိုင်းတွင် ရစ်ချ်စတာစကေး ၆ ဒသမ ၄ ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ အနည်းဆုံး လူ ၁၄ ဦးသေဆုံးပြီး ၄၅၀ ကျော်ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း တရုတ်(တိုင်ပေ) ဘေးအန္တရာယ် ကာကွယ်တားဆီးရေးစင်တာက အတည်ပြုပြောကြား ခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံ ရှစ်ခု ပြိုကျပျက်စီးခဲ့ပြီး တိုင်နန်မြို့တွင် အဆောက်အအုံငါးခု အနည်းငယ်ပျက်စီးခဲ့ကြောင်းသိရသည်။

ထိခိုက်ဒဏ်ရာရရှိသူ ၃၁၈ ဦးခန့်သည် ဆေးရုံများတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း တိုင်ပေကျန်းမာရေးအာဏာပိုင်များကဆိုသည်။ အထပ်ပေါင်း ၁၇ ထပ်ရှိသော အဆောက်အအုံတွင် နေထိုင်ကြသော လူပေါင်း ၂၄၆ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။

ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများအောက်တွင် ပိတ်မိနေသည့် ဒဏ်ရာရရှိသူများကို မီးသတ်သမားများသာမက တပ်ဖွဲ့ဝင် ၈၅၀ ကျော်က သက်စွန့်ကြိုးပမ်းကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

အဆိုပါငလျင်သည် ဖေဖော်ဝါရီ ၆ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီဝန်းကျင်အချိန်တွင် လှုပ်ခတ်သွားခဲ့ကြောင်း တာဝန်ရှိသူများကဆိုသည်။ ငလျင်သည် ခိုင်ဆောင်းမြို့အပြင်ဘက် ၁၆ ဒသမ ၇ ကီလိုမီတာတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ပြီး ပြင်းအားမှာ ရစ်ချ်စတာစကေး ၆ ဒသမ ၄ ရှိကြောင်း တိုင်ပေမိုးလေဝသနှင့်ဇလဗေဒဗျူရိုမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ခိုင်ဆောင်းမြို့တွင် အနည်းဆုံးအဆောက်အအုံ ခုနစ်လုံးပြိုကျ ပျက်စီးခဲ့သည်ဟု ငလျင်ဗဟိုချက်နှင့် ကီလိုမီတာ ၄၀ အကွာအဝေးရှိ တိုင်နန်မြို့တော် အုပ်ချုပ်ရေးအာဏာပိုင်များက ဆိုသည်။

ရုပ်သံလိုင်းတစ်ခုတွင် ငလျင်လှုပ်ခတ်မှုကြောင့် အထပ်၁၆ ထပ်ရှိ အဆောက်အအုံတစ်လုံးပြိုကျပျက်စီးသည်ကို ပြသခဲ့သည်။

ယခုအချိန်ထိတိုင် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများအောက်မှ ကယ်ဆယ်နိုင်သူဦးရေ ၂၃၃ ဦးခန့်ရှိပြီဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ဆိုသည်။ ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများအောက်တွင် မော်တော်ကားအပျက်အစီးများရှိကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် အခြားသောဒေသများတွင်လည်း အဆောက်အအုံအချို့ပြိုကျပျက်စီးမှုများရှိခဲ့သော်လည်း အရေအတွက်ကိုမူ အတိအကျမသိရသေးပေ။

ငလျင်လှုပ်ခတ်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသော ဒုက္ခသည်များအတွက် နေအိမ်များ အမြန်ဆုံးစီစဉ်ပေးမည်ဖြစ်ကြောင်း သမ္မတ မာရင်ဂျောင်က ငလျင်လှုပ်ခတ်သော ဒေသသို့သွားရောက်ကြည့်ရှုစဉ်တွင် ပြောကြားခဲ့သည်။

တရုတ်နှစ်သစ်ကူးပွဲတော်ကျင်းပရန် မိသားစုများတစုတဝေးတည်းရှိနေချိန်တွင် ငလျင်လှုပ်ခတ်ခဲ့သည့်အတွက် နေအိမ်အများအပြား၌ သာမာန်အချိန်ထက်ပိုပြီး လူဦးရေများပြားစွာ ရှိနေမည်ဖြစ်သည့်အတွက် လူအသေအပျောက်များမည်ကို စိုးရိမ်ပူပန်မိကြောင်း ပြည်ထဲရေးဝန်ကြီး ချန်ဝိုင်-ဂျန်က ဆိုသည်။

တရုတ်ပြည်မကြီး၏ ကြက်ခြေနီအဖွဲ့က တိုင်ပေ၏ငလျင်ဒုက္ခသည်များအတွက် ယွမ် ၂ သန်း (ကန်ဒေါ်လာ ၃၀၄၂၆၈) ကို လှူဒါန်းခဲ့ကြောင်းသိရသည်။

၁၉၉၉ ခုနှစ်တွင် တရုတ်(တိုင်ပေ) အလယ်ပိုင်းတွင် ရစ်ချ်စတာစကေး၇ ဒသမ၆ ရှိအင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူပေါင်း ၂၃၀၀ ကျော် သေဆုံးခဲ့သည်။


**ဆင်ဟွာ။**







# အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် မောင်းသူမဲ့လေယာဉ်ဖြင့်တိုက်ခိုက် အိုင်အက်စ်စစ်သွေးကြွ ၂၈ ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရ




**ဂျလာလာဘတ် ဖေဖော်ဝါရီ ၆**

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ်တွင်းမှ အာချင်နှင့်ကော့တ်ခရိုင်များအတွင်းရှိ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့ဝင်များ ပုန်းခိုရာနေရာများကို ဖေဖော်ဝါရီ ၆ ရက်ညပိုင်းတွင် မောင်းသူမဲ့လေယာဉ်ဖြင့်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင် ၂၈ ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း ယင်းပြည်နယ်အစိုးရက ဖေဖော်ဝါရီ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းမောင်းသူမဲ့လေယာဉ်ဖြင့်တိုက်ခိုက်မှုအတွင်း အိုင်အက်စ်တိုက်ခိုက်ရေးသမားများ၏မော်တော်ယာဉ်နှစ်စီးပျက်စီးသွားပြီး အမျိုးသမီးတစ်ဦးအပါအဝင် အရပ်သားနှစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယင်းကြေညာချက်တွင်ဖော်ပြသည်။

နန်ဂါဟာပြည်နယ်၏အစိတ်အပိုင်းအချို့တွင် အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့မှ စစ်သွေးကြွများ၏ လှုပ်ရှားမှုများရှိနေပြီး ယင်းလေကြောင်းမှ တိုက်ခိုက်မှုနှင့်ပတ်သက်၍ ၎င်းတို့ကလက်တလောမှတ်ချက်ပြုပြောဆိုခြင်းမရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

# တရုတ်နှစ်သစ်ကူးပွဲတော် ကျင်းပမည့်ကာလအတွင်း အင်ဒိုနီးရှားမြို့တော် ဂျကာတာ၌ လုံခြုံရေးအင်အားတိုးမြှင့်မည်

**ဂျကာတာ ဖေဖော်ဝါရီ ၆**

လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည့် တရုတ်နှစ်သစ်ကူးပွဲတော်ကာလအတွင်း အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အား ၃၀၀၀ ကျော် ဖြန့်ကြက်ကာ လုံခြုံရေးအင်အားတိုးမြှင့်လုပ်ဆောင်သွားမည်ဟု အင်ဒိုနီးရှားအစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်ဟု ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပမည့် တရုတ်နှစ်ကူးပွဲတော်အတွင်းမြို့တော်ဂျကာတာရှိ ဘုရားကျောင်း ၂၇၉ ကျောင်းနှင့် အများပြည်သူဆိုင်ရာနေရာများ၌ ရဲတပ်ဖွဲ့၊ စစ်ဘက်နှင့်မြို့တော်အုပ်ချုပ်ရေးအဖွဲ့မှ တပ်ဖွဲ့ဝင်ဦးရေ ၃၃၀၀ ခန့်အား လုံခြုံရေးအတွက် အင်အားတိုးမြှင့်ချထားမည်ဟု ဂျကာတာမြို့ရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ်တီတိုကာမက်ဗီယန်က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာသည် လွန်ခဲ့သောလအတွင်းက ဆီးရီးယားအခြေစိုက်အိုင်အက်စ်စစ်သွေးကြွများ၏အကြမ်းဖက်တိုက်ခိုက်မှုကို ကြုံတွေ့ရပြီး စစ်သွေးကြွလေးဦးအပါအဝင် လူရှစ်ဦးသေဆုံးခဲ့ရသည်။

လူဦးရေ သန်း ၂၄၀ မှီတင်းနေထိုင်သည့် အင်ဒိုနီးရှားနိုင်ငံတွင် တရုတ်လူမျိုးဦးရေ ၂ ဒသမ ၈ သန်းရှိပြီးယင်းမှာ အင်ဒိုနီးရှားနိုင်ငံလူဦးရေ၏ ၁ ဒသမ ၂ ရာခိုင်နှုန်းခန့် ရှိသည်။

**ဆင်ဟွာ။**

# ဂူဂျရတ်ပြည်နယ်တွင် ခရီးသည်တင်ယာဉ်မတော်တဆမှုဖြစ် သေဆုံးသူအရေအတွက် ၄၂ ဦးထိ မြင့်တက်

**နယူးဒေလီ ဖေဖော်ဝါရီ ၆**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျရတ်ပြည်နယ်တွင် ခရီးသည်တင်ကားတစ်စီး မတော်တဆမှုဖြစ်ပွားရာ သေဆုံးသူ ဦးရေမှာ စုစုပေါင်း ၄၂ ဦးထိမြင့်တက်လာကြောင်း အိန္ဒိယအစိုးရအသံလွှင့်ဌာန(AIR)က ယနေ့ ပြောကြားသည်။

ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်းပိုင် အဆိုပါခရီးသည်တင်ယာဉ်သည် ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းတွင် ဂူဂျရတ်ပြည်နယ်မြို့တော် ဂန်ဟီနာဂါမြို့မှ ၃၀၂ ကီလိုမီတာအကွာရှိနက်ဒ်ဆရီခရိုင် ဆူပါရွာအနီးရှိ ပူရ်နာမြစ်အတွင်းသို့ ထိုးကျသွားခဲ့ခြင်းဖြစ်ပြီး အခင်းဖြစ်ပွားချိန်တွင် ခရီးသည်တင်ယာဉ်ပေါ်၌ ခရီးသည် ၆၈ ဦး လိုက်ပါလာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံးသွားသူများထဲတွင် အမျိုးသမီး ၂၁ ဦးနှင့်ကလေး ငါးဦးပါဝင်သည်ဟု သတင်းများတွင်ဖော်ပြသည်။

အဆိုပါခရီးသည်တင် ယာဉ်သည် မြစ်ကူးတံတားပေါ်၌ ၎င်း၏မျက်နှာချင်းဆိုင်ဘက်မှ လာနေသောယာဉ်တစ်စီးနှင့် တိုက်မိလုနီးပါးအဖြစ်မှ ရှောင်ရှားရန်အတွက် ယာဉ်ကို ရုတ်တရက်ကွေ့ရန် ကြိုးပမ်းရာမှ ယင်းမတော်တဆမှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ ခရီးသည်တင်ယာဉ်မှ ယာဉ်မောင်းသည် ယာဉ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ တံတားလက်ရန်းတိုင်များနှင့်တိုက်မိကာ မော်တော်ယာဉ်မှာ ပေ ၂၀ အမြင့်ရှိသည့် တံတားပေါ်မှ မြစ်အတွင်းသို့ ထိုးကျသွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ကနဦးစုံစမ်းစစ်ဆေးမှု၌ဖော်ပြသည်။

ယင်းဖြစ်ရပ်ကြောင့် ထိခိုက်ဒဏ်ရာရသူ ၂၀ ကျော်အား ပြည်နယ်အတွင်းရှိ ဆေးရုံများသို့ တင်ပို့ကုသထားသည်။

**ဆင်ဟွာ။**

# ဆေးတက္ကသိုလ် (၂) ရန်ကုန်၏ အားကစားကော်မတီရန်ပုံငွေ ဈေးရောင်းပွဲတော်၊ စကားရည်လုပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

**ဆေးတက္ကသိုလ် (၂) ရန်ကုန်၏ အားကစားကော်မတီရန်ပုံငွေ ဈေးရောင်းပွဲတော်၊ စကားရည်လုပွဲနှင့် တေးဂီတဖျော်ဖြေပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ဆေးတက္ကသိုလ် (၂) ဝင်းအတွင်း၌ ကျင်းပသည်။**

“ နှစ်စဉ်နှစ်တိုင်း ကျောင်းသားလှုပ်ရှားမှုအသွင်နဲ့ လုပ်တာပါ။ ကျောင်းရဲ့ အားကစားကော်မတီရန်ပုံငွေ အတွက် ရည်ရွယ်ပါတယ်။ ဒီကရလာတဲ့ ရန်ပုံငွေတွေကို တက္ကသိုလ်ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲတွေ၊ ကျောင်းတွင်းအားကစားပြိုင်ပွဲတွေမှာသုံးသွားမှာပါ” ဟု ပွဲကျင်းပရေးတာဝန်ခံ ကိုမြတ်ကောင်းကပြောသည်။

ဇီဝကမ္မဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဒေါ်မြမြသွင်က“ ၂၀၁၄ ကစလို့ ၂၀၁၆ ထိကျင်းပလာတာ သုံးကြိမ်ရှိပါပြီ။ ဒီလိုပွဲတွေကျင်းပတဲ့အတွက် ကျောင်းသားတွေ စိတ်ပိုင်းဆိုင်ရာပျော်ရွှင်မှုတွေရမယ်။ အချင်းချင်း လည်း ပိုစည်းလုံးလာမယ်။ ကလေးတွေက ကိုယ်တိုင် စီစဉ်ပြီး ကိုယ့်ကျောင်းကြီးတိုးတက်အောင်လုပ်ကြတာဆို တော့Team Workဆိုတဲ့ စုပေါင်းလုပ်တတ်တဲ့အကျင့် လေးတွေရှိလာပြီး ပိုပြီးစည်းလုံးညီညွတ်လာမယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို ကမ္ဘောဇဘဏ် (KBZ Bank)မှ အဓိက ကူညီပံ့ပိုးပေးထားပြီး ဖေဖော်ဝါရီ ၅ ရက်မှစတင်ကာ အမှတ်တရလက်ဆောင်ပစ္စည်း ရောင်းချသည့်ဆိုင်များ၊ စာအုပ်အရောင်းဆိုင်များ၊ ဂိမ်းကစားခြင်းများ၊ အစားအသောက်ရောင်းချသည့် ဆိုင်များ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး အားကစား ကော်မတီမှ ကြီးမှူးကျင်းပသည့် စကားရည်လုပွဲ၊ ဆေးတက္ကသိုလ် (၂)ရန်ကုန် စာပေနှင့် အနုပညာ အဖွဲ့အစည်းမှ စီစဉ်တင်ဆက်သည့် ဓာတ်ပုံ၊ ပန်းချီနှင့် နံရံကပ်စာစောင်ပြပွဲနှင့် ပြိုင်ပွဲ၊ Ground Show၊ ဖျော်ဖြေပွဲများအပြင် ဖေဖော်ဝါရီ ၆ ရက်တွင် လူ့အခွင့်အရေး အထိမ်းအမှတ် ရုပ်ရှင်ပြပွဲ၊ နာမည်ကျော်တေးသံရှင်များ၏ တေးဂီတဖျော်ဖြေပွဲ၊ ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူလေးများကိုယ်တိုင် ပါဝင်ကပြဖျော်ဖြေသည့် “ ဆေး-၂ ရတနာအငြိမ့် ”တို့ပါဝင်မည်ဖြစ်မည်။

ဆေး -၂ ရတနာအငြိမ့်တွင် လူရွှင်တော် ဘဲဥအဖြစ် ပါဝင်ဖျော်ဖြေမည့် ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(ခ)မှ မောင်အောင်ခန့်က“ ပြက်လုံးတွေက ကျောင်းမှာဖြစ်ပျက်သမျှတွေ၊ လက်တွေ့မှာဖြစ်ပျက်နေတဲ့ အမှတ်ရစရာတွေပဲ ပြက်လုံးထုတ်ထားတာပါ။ ဖျော်ဖြေမယ့် သူတွေအားလုံးက ကျောင်းသား ကျောင်းသူတွေပါပဲ။ ကျွန်တော်က ဘဲဥဆိုတဲ့ နာမည်ပြောင်နဲ့ ဝင်ကပြတာပါ။ အားကစားရန်ပုံငွေအတွက်ဖြစ်တာကြောင့် လက်မှတ်ရောင်းချလို့ရတဲ့ငွေတွေအားလုံး အားကစားကော်မတီကို လှူသွားမှာပါ” ဟုပြောသည်။

ထို့ပြင် ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက်အထိ နှစ်ရက်တိုင် ကျင်းပမည့် ပွဲတော်ကာလအတွင်း တေးဂီတဖျော်ဖြေပွဲ၊ အငြိမ့်ဖျော်ဖြေပွဲများနှင့် ဆိုင်ခန်းပေါင်း ၂၅ ဆိုင်တို့မှ ရရှိသည့် ငွေများအား ဆေးတက္ကသိုလ် (၂) အားကစား ကော်မတီရန်ပုံငွေအဖြစ် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဆေးတက္ကသိုလ် (၂)ရန်ကုန်ကို ၁၉၆၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် မင်္ဂလာဒုံမြို့နယ်၌ စတင်ဖွင့်လှစ်ခဲ့ပြီး မြောက်ဥက္ကလာပမြို့နယ်သို့ ၁၉၉၆ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဆေးတက္ကသိုလ် (၂)ရန်ကုန်မှ သမားတော်ကြီးများ၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ မြောက်မြားစွာ မွေးထုတ်ပေးနိုင်ခဲ့ကာ နှစ်ပေါင်း ၅၂ နှစ်တာကာလ အတွင်း ဆရာဝန်ပေါင်း ၉၇၄၂ ဦး မွေးထုတ်ပေးနိုင်ခဲ့ ကြောင်းသိရသည်။

**(သီသီမင်း)**



# ဂီတရသမျိုးစုံ ပေးစွမ်းနိုင်ခဲ့သည့် သံစုံတီးဝိုင်း

**ရန်ကုန် ဖေဖော်ဝါရီ ၆**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (NUAC ) နှင့် Xenon Entertainment တို့ ပူးပေါင်း တင်ဆက်သည့် Shark NUAC Orchestra Music Showcase ၂၀၁၆ သံစုံတီးဝိုင်းကို ဖေဖော်ဝါရီ ၅ ရက် ညပိုင်းက ရန်ကုန်မြို့အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့ သည်။

အဆိုပါ ဂီတဖျော်ဖြေတင်ဆက်မှုသည် မြန်မာ့ရိုးရာ တူရိယာများဖြစ်သည့် စောင်း၊ ပတ္တလား၊ ပလွေ၊ ကြေး၊ မောင်း၊ ဆိုင်း၊ ဗုံ၊ နှဲအစရှိသည့် တူရိယာများနှင့် အနောက်တိုင်းတူရိယာများကို ပေါင်းစပ်ကာ ရသစုံပေးစွမ်းခဲ့သည့် ဖျော်ဖြေပွဲဖြစ်သည်။ ဂီတဖျော်ဖြေပွဲတွင် မြန်မာဂန္ထဝင် သီချင်းများ၊ အနောက်တိုင်းဂီတများဖြစ်သည့် (Hiphop,Rock,POP & EDM) အစရှိသည့် ဂီတရသမျိုးစုံကို အကယ်ဒမီ ဓိရာမိုရ်ဦးဆောင်၍ တီးခတ်သူ အယောက် ၆၀ ကျော် ပါဝင်သော သံစုံတီးဝိုင်းနှင့် နောက်ကွယ်အသံအင်အား အယောက် ၃၀ ကျော်တို့က တေးဂီတအမျိုးအစားအလိုက် တီးခတ်ပြသခဲ့ကြသည်။

ထို့အပြင် နာမည်ကြီးတေးသံရှင်များဖြစ်သည့် စိုင်းစိုင်းခမ်းလှိုင်၊ ဝေလ၊ DJ ဝိုင်း၊ နီနီခင်ဇော်နှင့် ချမ်းချမ်း တို့ကလည်း ဝင်ရောက်အားဖြည့် သီဆိုဖျော်ဖြေခဲ့ကြ သည်။

**သတင်း - ခင်ဇာလီ**
**ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)**



# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဗုံးသီးဟောင်းနှစ်လုံးနှင့် လက်ပစ်ဗုံးဟောင်းတစ်လုံး တွေ့ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၁၆၈) ရပ်ကွက် ကနောင်မင်းသားလမ်းနှင့် ရိုးမရိပ်သာလမ်းထောင့် တန်ဖိုးနည်း အိမ်ရာ ဆောက်လုပ်မည့်မြေနေရာတွင် စွန့်ပစ်မြေစာပုံမှ ဗုံးသီးဟောင်း တစ်လုံးကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရှိခဲ့ကြောင်း သိရသည်။

(၁၆၈)ရပ်ကွက်နေသူ အောင်ခိုင်စိုး (၁၃)နှစ်က တွေ့ရှိပြီး အဟောင်းပစ္စည်းရောင်းဝယ်သူ အောင်သူထံ သွားရောက်ရောင်းချခဲ့ရာ ၎င်းကဝယ်ယူခြင်းမရှိဘဲ အဆိုပါဗုံးသီးဟောင်းအား (၁၆၈) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသစ်လွင်မှတစ်ဆင့် မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့သည်။


ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီခန့်ကလည်း (၁၆၈)ရပ်ကွက် ကနောင်မင်းသားလမ်းနှင့် ရိုးမရိပ်သာလမ်းထောင့် တန်ဖိုးနည်းအိမ်ရာဆောက်လုပ်မည့် မြေနေရာတွင် စွန့်ပစ်မြေစာပုံမှ ဗုံးသီးဟောင်းတစ်လုံး အလျား ၂၂ ဒသမ ၂၅ လက်မ၊ လုံးပတ် ၁၉ လက်မ၊ အချင်း ၅ ဒသမ ၇၅ လက်မရှိ ဗုံးသီးဟောင်းနှင့် အလျား ၃ ဒသမ ၇၅ လက်မ၊ လုံးပတ် ၆ ဒသမ ၂၅ လက်မ၊ အချင်း နှစ်လက်မရှိ လက်ပစ်ဗုံးဟောင်းတစ်လုံး တွေ့ရှိ၍ (၁၆၈)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသစ်လွင်မှတစ်ဆင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားပြီး ညောင်တုန်းမြို့နယ်စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းသို့ သွားရောက် အပ်နှံကြောင်း သိရသည်။

**[သတင်းနှင့်ဓာတ်ပုံ-ကျင်မောင်]**

# ပြောင်းလဲလာသောခေတ်စနစ်များအရ အာမခံအလုပ်သမားများကို ပိုမိုထိရောက်သည့် ဝန်ဆောင်မှုများပေးနိုင်သည့် လူမှုဖူလုံရေးဥပဒေကို ကျင့်သုံးဆောင်ရွက်လျက်ရှိ

**မုံရွာ ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံ၏ လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးစီမံကိန်းကို ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေနှင့်အညီ ၁၉၅၆ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၆၀ ရှိလာပြီ ဖြစ်သည့်အတွက် ယခုအချိန်တွင် ပြောင်းလဲလာသည့် ခေတ်စနစ်များအရ အာမခံအလုပ်သမားများအပေါ် ပိုမိုထိရောက်ပြည့်စုံသည့် ဝန်ဆောင်မှုများပေးနိုင်ရန် လူမှုဖူလုံရေးဥပဒေကို ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဒုတိယဝန်ကြီး ဦးထင်အောင်ထံမှ သိရသည်။



လူမှုဖူလုံရေးစီမံကိန်း၏ အဓိကရည်ရွယ်ချက်သည် အလုပ်သမားများ ကျန်းမာရေးကောင်းမွန်တိုးတက်စေပြီး အလုပ်လုပ်ကိုင်နိုင်သည့်စွမ်းအား မြင့်မားကာ ကုန်ထုတ်လုပ်မှုတိုးတက်စေရန် အလုပ်ရှင်ထည့်ဝင်ကြေး၊ အလုပ်သမားထည့်ဝင်ကြေး၊ နိုင်ငံတော်၏ ထောက်ပံ့ငွေဖြင့် စုပေါင်းထားသည့် ရန်ပုံငွေဖြင့် အာမခံထားသူ အလုပ်သမားများ မမာမကျန်းမှု၊ မီးဖွားမှု၊ သေဆုံးမှု အလုပ်ခွင် ထိခိုက်ဒဏ်ရာရမှု စသည့် လူမှုဒုက္ခများ ကြုံတွေ့လာရသည့် အခါ အခက်အခဲမရှိစေရေးအတွက် ဆေးကုသမှုနှင့် ငွေကြေးထောက်ပံ့မှုများစီစဉ်ဆောင်ရွက်ပေးနေသည့် စီမံကိန်းဖြစ်ကြောင်းသိရသည်။

ထိခိုက်မှု ဖြစ်လာသည့်အခါ အလုပ်ရှင်ဘက်က လျော်ကြေးပေးရန်မလိုသည့် အကျိုးကျေးဇူးရရှိသည့် အပြင် မိမိတို့၏ အလုပ်သမားများ ကျန်းမာရေးတိုးတက်ကောင်းမွန်လာခြင်းဖြင့် ကုန်ထုတ်စွမ်းအားများလည်း တိုးတက်လာမည်ဖြစ်သည့်အတွက် အလုပ်ရှင်များပါ အကျိုးကျေးဇူးခံစား ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေသစ်တွင် ကျန်းမာရေးနှင့်လူမှုရေး စောင့်ရှောက်မှုအာမခံစနစ်၊ မိသားစု ထောက်ပံ့မှုအာမခံစနစ်၊ အလုပ်ခွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်နှင့်ကျန်ရစ်သူ အကျိုးခံစားခွင့်အာမခံစနစ်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်အာမခံစနစ်၊ အခြားလူမှုဖူလုံရေးစနစ် (အိမ်ရာစီမံကိန်း) ဟူ၍အာမခံစနစ် ခြောက်မျိုးအနက် ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်နှင့် အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသော အာမခံစနစ်သုံးမျိုးအတွက် ပေးဆောင်ရမည့် ထည့်ဝင်ကြေးမှာ မိမိရရှိသည့်လုပ်ခဝင်ငွေပေါ်မူတည်၍ အလုပ်ရှင်က သုံးရာခိုင်နှုန်း၊ အလုပ်သမားက နှစ်ရာခိုင်နှုန်း စုစုပေါင်း ငါးရာခိုင်နှုန်းဖြစ်ကြောင်းသိရသည်။ ထိုကဲ့သို့ ထည့်ဝင်ကြေး ထည့်ဝင်ထားသည်ဖြစ်သောကြောင့်လူမှုဖူလုံရေးအဖွဲ့ အနေဖြင့်အာမခံအလုပ်သမားများ လူမှုဒုက္ခ ကြုံတွေ့ခံစားရချိန်တွင် ထိရောက်အကျိုးရှိသည့်ထောက်ပံ့မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းပို့ချ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် (ရွာမမြောက်) ကျောင်းစုကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေလူငယ်များ အသက်မွေးဝမ်းကျောင်းပညာများဖြင့် မိသားစုဝင်ငွေ တိုးပွားစေရေးအတွက် ဆိုင်ကယ်စက်ပြင်သင်တန်းဖွင့်ပွဲကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၄ ရက်ကပြုလုပ်ရာ တိုင်းဒေသကြီး ဦးစီးမှူး ဦးကိုကိုနိုင်က အသက်မွေးဝမ်းကျောင်းပညာရပ်များ ပို့ချပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖြစ်သည့် ဆိုင်ကယ်စက်ပြင်သင်တန်း၊ ဂဟေဆက်နည်းပညာ သင်တန်း၊ သဘာဝသီးနှံမှ အခြေခံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်း၊ ပန်းရန်၊ လက်သမားအခြေခံသင်တန်းများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့ လစဉ်ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ (၁၄) ကြိမ် ဖွင့်လှစ်ပို့ချပေးပြီး ဖြစ်ကြောင်းနှင့် ယခုဖွင့်လှစ်သည့် အခြေခံဆိုင်ကယ်စက်ပြင်သင်တန်းကို ဒုတိယအကြိမ်အဖြစ် ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု

❖ **ဒွေးမယ်နော်မှ**

ဧင်းတို့ထဲမှ ကယားတိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှုပုံစံတွင် အမျိုးသမီးများ၌ ခေါင်းပေါင်းနီ၊ ငွေနားဆွဲ၊ ငွေနားကွင်းများ ဆင်ယင်ကြပြီး ဘယ်ဘက်ပခုံးသားလွတ်ထားသော သင်တိုင်းရှည်ပေါ်တွင် ရင်စည်း၊ ခါးစည်းနှင့် ငွေကွင်းများ ဆင်ယင်လေ့ရှိကြသည်။ ငွေဒင်္ဂါးလည်ဆွဲများကိုလည်း ကြွယ်ဝမှုအလိုက် ဆင်ယင်လေ့ရှိသည်။ ရာနှင့်ချီ အရေအတွက်ရှိသော ကျစ်သားချည်ကြိုးများကို သစ်စေးသုတ်လိမ်း၍ ကွင်းအဖြစ်ဖွဲ့စည်းထားသော ချည်ကွင်းများကို ပေါင်မှဒူးဖုံးသည်အထိ ဝတ်ဆင်၍ ငွေကွင်းများ၊ ကြေးစေ့သီကြိုးများဖြင့်ထိန်းချည်၍ ဝတ်ဆင်ကြသည်။ ရှေးအခါက ငွေဓားတစ်လက်ကိုလည်း ဆောင်လေ့ရှိကြပြီး လက်ရှိကာလတွင်မူ ဆောင်လေ့မရှိတော့ကြောင်း သိရသည်။

ကယားအမျိုးသားများတွင် ခေါင်းပေါင်းနီ၊ အင်္ကျီအဖြူ၊ တိုက်ပုံအဖြူ၊ ရှမ်းဘောင်းဘီပွနှင့် ခါးစည်းကြိုးတို့ကို ဝတ်ဆင်ကြပြီး ပွဲလမ်းသဘင် ကျင်းပသည့်အခါများတွင် ငွေဓားကို ကိုင်ဆောင်လေ့ရှိကြသည်ဟု ဆိုသည်။

ကယားတိုင်းရင်းသားတို့တွင် ပွဲလမ်းသဘင်အမျိုးမျိုးရှိသည့်အနက် တန်ခူးလတွင်ကျင်းပသော တံခွန်တိုင်ပွဲတော်မှာ ဗျာကျယ်ဖျယ်ဆလုခေါ် ဖန်ဆင်းရှင်မရှိတော့သည့်နောက်ပိုင်း ကိုယ်စားအဖြစ်ထားရစ်ခဲ့သော တောင်ဝေှးတော်တစ်ဖြစ်လည်း အထိမ်းအမှတ်တံခွန်တိုင်ကို ပူဇော်သည့်ပွဲဖြစ်သည်။

ပွဲတော်ကျင်းပရသည့်ရည်ရွယ်ချက်မှာ မိုးလေဝသကောင်းမွန်စေရန်၊ ရောဂါဘယကင်းဝေးစေရန်၊ ဆန်ရေစပါးပေါများစေရန်၊ တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောစေရန် ဆုတောင်းသည့်အနေဖြင့် ကျင်းပလေ့ရှိကြသည်။ ထို့ပြင် ကြက်ရိုးထိုး၍လည်း လာမည့်နှစ်၏ ကောင်းခြင်း၊ ဆိုးခြင်းများကို ကြိုတင်ခန့်မှန်းလေ့ရှိကြသည်။

လယ်ယာများရိတ်သိမ်းပြီးစီးချိန်တွင် ဒီးကူပွဲတော်ကို ကျင်းပကြသည်။ ယင်းသို့ကျင်းပရာတွင် ဒေသအလိုက် သစ်သားဖြင့်သော်လည်းကောင်း၊ နှီးခြင်းဖြင့်သော်လည်းကောင်း အဘိုးအရုပ်ကိုပြုလုပ်ကြသည်။ တန်ဖိုးရှိပစ္စည်းများလည်း အဘိုးအရုပ်တွင် ထည့်သွင်းလေ့ရှိကြပြီး အစားအစာဖြင့်လည်း ကျွေးမွေးလေ့ရှိကြသည်။ သုံးရက်မှ ငါးရက်အထိကျင်းပသော ဒီးကူပွဲတော်ရက်အတွင်း ရိုးရာအကများ ကလေ့ရှိကြသည်။ ထို့ပြင် ပွဲတော်သို့ ကြွရောက်လာကြသော ဆွေမျိုးမိတ်သင်္ဂဟများကိုလည်း ဧည့်ခံကျွေးမွေးကြပြီး ပွဲတော်အပြီးတွင် အဘိုးကို ရွာမြောက်ဘက်အရပ်သို့ ပို့ဆောင်ကြပြီး ယင်းသို့ ပို့ဆောင်ခြင်းဖြင့် ရွာတွင်းရှိ ပိုးမွှားရောဂါမှအစ မကောင်းခြင်းအလုံးစုံတို့ကို အဘိုးကယူဆောင်သွားသည်ဟု ဆိုကြသည်။

ဖေဖော်ဝါရီလအတွင်း ရွာဆေးကြောပွဲ၊ တောလိုက်ပွဲ(ငှက်လိုက်ပွဲ)များကျင်းပလေ့ရှိသလို ရိုးရာထိန်းသိမ်းမှုအားကောင်းသူအချို့က ၎င်းတို့ရွာတွင် ၁၀ နှစ်တစ်ကြိမ် သစ္စာပြုပွဲ ကျင်းပလေ့ရှိကြသည်။ ရွာသူရွာသားများ၏ သစ္စာတည်ကြည်မှုကို ညွှန်းဆိုခြင်းဖြစ်ဟု သိရသည်။ ရွာသူရွာသားများ ငါးပါးသီလတည်ကြည်မှုကို သစ္စာပြုခြင်းဖြင့် မိမိတို့ ရပ်ရွာအတွင်း ဒုစရိုက်မှုကင်းစေသည်ဟု ဆိုကြသည်။

ကယားတိုင်းရင်းသားတို့၏ ရိုးရာတူရိယာပစ္စည်းအမျိုးမျိုးတွင် ကေထိုးဘိုးခေါ် တံခွန်တိုင်ပွဲတွင် ဝါးပလွေ၊ နှစ်ခုတွဲ ဝါးပလွေ၊ ရှစ်ခုတွဲ ပလွေ၊ မောင်းကြီး၊ မောင်းလတ်နှင့် မောင်းငယ်များ၊ လင်းကွင်း၊ ဗုံ စသည်တို့ကို တီးခတ်ပြီး အမျိုးသားများသာက၍ အမျိုးသမီးများက သပြေခက်ဖြင့် ရေဖျန်းပေးကြသည်။ ဒီးကူပွဲတော်၌ ကလေ့ရှိသော ဒီးကူအကတွင် အမျိုးသားရော အမျိုးသမီးပါ တွဲကလေ့ရှိကြသည်။

ကယားလုလင်ပျိုများက ရိုးရာတေးသီချင်းများ တီးမှုတ်ရာတွင် ဝါးပိုးဝါးဆစ်ကိုအကြောများပေါ်အောင်ထွင်း၍ သံစဉ်ပေါ်အောင်ပြုလုပ်တီးခတ်သော ကလို့ခေါ် တူရိယာနှင့် ပလွေကိုအသုံးပြုကြသည်။ ယနေ့ခေတ်တွင်မူ ဂီတာနှင့် တေးသီနေကြပြီဖြစ်သည်ဟု သိရသည်။

ယင်းအပြင် နာရေးအခမ်းအနား၌ အသုံးပြုသော တူရိယာနှင့် အကများလည်းရှိသည်ဟု ကန်ခုနစ်ဆင့် ဒေါတမူးရွာ (မြန်မာအမိပွာယ် ထင်းရှူးပင်ရွာ)မှ ရိုးရာတန်ခွန်တိုင် ပွဲတော်ကျင်းပရေးဦးစီးအဖွဲ့ဝင် ဦးပကူးဘငွေက ပြောသည်။

ကယားမျိုးနွယ်စုကိုးမျိုးတွင် ကယန်း(ပဒေါင်)မျိုးနွယ်စုလည်းပါဝင်သည်။ ကယန်းမှာမျိုးနွယ်စုဖြစ်၍ ပဒေါင်မှာ ကြေးကွင်းဟု အဓိပ္ပာယ်ရသည်။ ကယန်းတိုင်းရင်းသားများက မိမိတို့သည် ကမ်းယံဟူသော မူလို့က်မှ ဆင်းသက်လာသည့် ကရင်အစုငယ်အုပ်စုမှဖြစ်သည်ဟု ယုံကြည်ကြသည်။ မြန်မာခုနစ်မျိုးတွင် "သက်နှင့် ရခိုင်၊ နိုင်းမြိုင် တောင်သူ၊ ပျူ၊ ကမ်းယံ၊ ယော၊ ထားဝယ်နှောက မျိုးသတ္တ" ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပေရာ ပထဝီဝင်အနေအထား၊ ရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် တစ်ဦးနှင့်တစ်ဦး အဆက်ပြတ်ကာ ရောက်ရာအရပ်တွင် ကိုယ့်အစုနှင့်ကိုယ် နေထိုင်ခြင်းတို့ကြောင့် အပြောအဆို၊ အနေအထိုင်၊ ဝတ်စားဆင်ယင်မှု၊ အမူအရာ၊ ဓလေ့ထုံးစံများ အနည်းငယ်ကွဲပြားကြသော်လည်း "အရင်းစစ် အမြစ်မြေက" ဆိုသလို ပင်စည်တစ်ပင်တည်းမှ ဖြာထွက်လာသော အကိုင်းအခက်များဖြစ်သည်။ လူသိနည်းသည့် တိုင်းရင်းသားကယန်းလူမျိုးသည်လည်း ထိုပင်စည်မှ ဖြာထွက်လာသော အကိုင်းအခက်တစ်ခုပင်ဖြစ်သည်။

တိုင်းရင်းသား ကယန်းလူမျိုးတို့သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် သံတောင်ကြီးမြို့မြောက်ပိုင်းနှင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အရှေ့ဘက်တောင်ပေါ်ဒေသတွင် ပျံ့နှံ့စွာနေထိုင်ကြသည်။ ဝတ်စားဆင်ယင်မှု၌ ကယန်း(ပဒေါင်)အမျိုးသမီးများ၏ဝတ်စားဆင်ယင်မှုသည် တစ်မူထူးခြားနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ၎င်းတို့သည် ဦးခေါင်းထိပ်ပိုင်း၌ ဆံထိုးထိုးထားကြသည်။ နဖူးအထက်တွင် အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်ပါသည့် သိုးမွေးနှင့် ပိတ်စဖြင့်စည်း၍ ဆင်မြန်းကြသည်။ နားနှစ်ဖက်တွင် ငွေနားတောင်း၊ ငွေနားဆွဲများဆွဲ၍ ဆင်မြန်းကြသည်။ လည်ဆွဲအဆင်တန်ဆာများဖြင့် ကွင်းဆက်ငွေကြိုးနှစ်ကုံး၊ ငွေပြားကြီး ခုနစ်ချပ်၊ ငွေပြားငယ် ၁၀ ချပ်ကို သီးခြားဝတ်ဆင်ကြသည်။

ထို့ပြင် လည်ပင်းအနောက်ဘက်တွင်လည်း ငွေပြားငယ်များ ဆင်မြန်းကြသည်။ လည်ပင်းတွင် ကြေးကွင်းများ ပတ်ထားပြီး မေးရိုးအောက် လည်ပင်းနှင့် ကြေးကွင်းအကြားတွင် ကြေးကွင်းပွတ်တိုက်မှုဒဏ်ကို ခံနိုင်ရည်ရှိစေရန်အတွက် အနက်ရောင်ပိတ်စဖြင့် ခုထားသည်။ ပိတ်စကို ရောင်စုံသိုးမွေးချည်၊ ပုလဲ၊ ပုလဲပုတီးများဖြင့် အနားကွပ်၍ အနားနှစ်ဖက်ကို ပုလဲများ၊ ရောင်စုံသိုးမွေးများ အမြိတ်ဆွဲထားသည်။ မိုင်း (ခေါ်)တစ်ပေခွဲခန့်ရှည်လျားသည့် ခေါင်းပွ ငွေပုတီးကို လည်တိုင်အောက်ငွေကြိုးနှင့် ချိတ်ဆက်၍ ပုတီးကုံးအခြားတစ်ဖက်မှ ငွေပြားကြီးသည် နားအောက်ရှိ ကြေးကွင်းကြားတွင်ညှပ်ထားရသည်။ ငွေပုတီးလုံးများ(ငွေပုတီးကုံးများ)ကို လည်တိုင်ညာဘက်နှင့် ရင်ဘတ်ပေါ်တွင် ချိတ်ဆွဲဆင်မြန်းကြသည်။

ယင်းအပြင် ခန္ဓာကိုယ်အောက်ပိုင်းတွင် ချည်ထည်အနက်ရောင်ဖြင့် ရက်လုပ်သည့် ဂျပ်ခုတ်ထဘီကို ဒူးခေါင်းအဆစ်ဖုံးသည်အထိ ဝတ်ဆင်ကြသည်။ လက်တွင် အခေါင်းပွ ငွေလက်ကောက်လေးကွင်းနှင့် တစ်မတ်လုံးရှိ အခေါင်းပိတ်ငွေလက်ကောက်သုံးကွင်းစီကို လက်နှစ်ဖက်တွင်ပတ်၍ ဝတ်ဆင်ကြသည်။ ဒူးခေါင်းအောက် ခြေသလုံးအရင်းတွင် ကြေးကွင်းများ ပတ်ပြီးတစ်ဖက်လျှင် ချူသီးနှစ်လုံးစီချိတ်ဆွဲထားသည်။ ခြေသလုံးကို ပိတ်စ အနက်ရောင်ဖြင့် ဖုံးအုပ်ပိတ်ထားသည်။ အချို့သော အမျိုးသမီးများက ခြေချင်းဝတ်နေရာတွင် (ဘုတ်သ)ခေါ် အသီးဖြူတစ်မျိုးကို ပုလဲသီကုံးသကဲ့သို့ သီကုံးပြီး ခြေတစ်ဖက်လျှင် သုံးကွင်းစီပတ်၍ ဝတ်ဆင်ကြသည်။

ကယန်းအမျိုးသားဝတ်စုံတွင် အင်္ကျီဖြူ၊ ဘောင်းဘီနက်နှင့် ခေါင်းပေါင်းပေါင်းကြသည်။ ရှေးယခင်က အနက်ရောင်ဆိုးသည့် ဓလေ့ရှိခဲ့သော်လည်း ယခုအခါ ကွယ်ပျောက်သွားပြီဖြစ်ကြောင်း ရှေ့မီနောက်မီ ကယန်းလူကြီးများ၏ ပြောကြားချက်အရ သိရသည်။

ကျွဲ၊ နွား၊ ကြက်၊ ဝက်မွေးမြူခြင်း၊ အမဲလိုက်ခြင်း၊ အဝတ်အထည်ရက်လုပ်ခြင်း၊ ပန်းပဲ၊ ပန်းထိမ်၊ မြေအိုးလုပ်ငန်းများ အစရှိသည်တို့ဖြင့် အသက်မွေးကြသော ကယန်းတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များတွင် တံခွန်တိုင်ပွဲတော်သည် အစည်ကားဆုံးပွဲတော်ကြီးဖြစ်သကဲ့သို့ ယဉ်ကျေးမှုရိုးရာအကများတွင်လည်း ကမ်းခွန်(ခေါ်) တံခွန်အက၊ ဖားစည်အက၊ ဗုံရှည်အက၊ ဝါးညှပ်အက၊ ယွှိုင်းအကတို့အပြင် အထိမ်းအမှတ်ပွဲအလိုက် ရိုးရာအကများလည်း ရှိနေပေသည်။

ကယန်းရိုးရာတူရိယာပစ္စည်းများတွင် ဖားစည်၊ ပန်(ခေါ်)မောင်းကြီး၊ ထုံ့(ခေါ်)ဗုံတို၊ ဗုံရှည်၊ မန့်(ခေါ်) တွဲပလွေ၊ ကွိုင်(ခေါ်) ကျွဲချိုခရာ၊ အိုးစည်ဗုံမောင်းနှင့် ဗုံပလွေတို့ရှိကြသည်။

ရှေးခေတ်ကယန်း(ပဒေါင်)အမျိုးသားများသည် လည်ပင်းကုပ်သားနေရာ၌ လူမျိုးအမှတ်အသား ဆေးမင်ကြောင်ထိုးရကြောင်း သက်ကြီးစကားကြားသိခဲ့ရပြီး သက်သေပြစရာမရှိတော့ဘဲ နေထွက်စရောင်ခြည်ထိုးနှံခဲ့သည်ဟု ခန့်မှန်းခြင်းသာရှိတော့သည်။ ကယန်းလထာ(ဇယိမ်)တို့သည် မေးရိုးအောက်လည်ပင်းနေရာကို အမှတ်အသားဖြင့် ဆေးမင်ကြောင်ထိုးကြသည်။ ဦးချိုနှစ်ဖက်အောက်ဘက်သို့ကွေ့ဆင်းသည့် ပုံစံဖြစ်သည်။ အသက်အရွယ်ကြီးလင့်သည့် တစ်ဦးနှစ်ဦးသာ ရှားပါးစွာကျန်ရှိတော့သည်။ သို့သော်ငြားလည်း ဝတ်ဆင်ရန်ခက်ခဲခြင်း၊ တန်ဖိုးကြီးမြင့်ခြင်း၊ သွားလာလှုပ်ရှားရာတွင် အကန့်အသတ်ဖြစ်စေသော ကယန်းတိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ဆင်ယင်ထုံးဖွဲ့မှု၊ ယဉ်ကျေးမှုများသည် ထိန်းသိမ်းဝတ်ဆင်သူ အလွန်နည်းပါးလာပြီဖြစ်၍ တိုင်းရင်းသားမျိုးနွယ်စုတစ်ခု၏ ပြယုဂ်ဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကော မပပျောက်စေရေး ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် တာဝန်ရှိပါသည်။

ယခင်ကတောင်စဉ်တောင်တန်းများ အထပ်ထပ်စည်းခြားလျက်ရှိသော်လည်း ယနေ့ကာလတွင် ခရီးလမ်းကွန်ရက်များ တိုးတက်လာပြီဖြစ်ရာ ကယားသွေးချင်းတို့မြေသို့ တစ်ခါတစ်ခေါက်သွားရောက်လေ့လာလည်ပတ်နိုင်ပြီဖြစ်ပါကြောင်း. . . . .။ ။



ကယားတိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ဝတ်စားဆင်ယင်မှုကို တွေ့ရစဉ်။

ကယားတိုင်းရင်းသားတို့၏ ရိုးရာတူရိယာပစ္စည်းအမျိုးမျိုးတွင် ကေထိုးဘိုးခေါ် တံခွန်တိုင်ပွဲတွင် ဝါးပလွေ၊ နှစ်ခုတွဲ ဝါးပလွေ၊ ရှစ်ခုတွဲ ပလွေ၊ မောင်းကြီး၊ မောင်းလတ်နှင့် မောင်းငယ်များ၊ လင်းကွင်း၊ ဗုံ စသည်တို့ကို တီးခတ်ပြီး အမျိုးသားများသာက၍ အမျိုးသမီးများက သပြေခက်ဖြင့် ရေဖျန်းပေးကြသည်။ ဒီးကူပွဲတော်၌ကလေ့ရှိသော ဒီးကူအကတွင် အမျိုးသားရော အမျိုးသမီးပါ တွဲကလေ့ရှိကြသည်။



ကယားမျိုးနွယ်စုတွင် ပါဝင်သော ကယန်း(ပဒေါင်) အမျိုးသမီးကြီးတစ်ဦး ရိုးရာလက်မှုလုပ်ငန်းတစ်ခုဖြစ်သော ဂျပ်ခုတ်ထည်ရက်လုပ်နေသည်ကို တွေ့ရစဉ်။

# တို့ပြည်ထောင်စုအလံတော်သည် တလူလူလွင့်လို့ချီလာပြီ

ခင်မောင်ထွေး

" အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို ဆင်ခြင်သုံးသပ်၍ အကျိုးနှင့်အပြစ်ကို ဝေဖန်ခွဲခြားကာ အကောင်းကိုမြင်လျှင် သမိုင်းအဟောင်းကို ပြန်လည်လှျော်ဖွပ်၍ ပြန်လည်ဆန်းသစ်ရပါမည်။ သမိုင်း၏အမွေအဖြစ်ခံယူ၍ ပြန်လည်အသက်သွင်းကြရပါမည် "

နှစ်သစ်၏ ဖေဖော်ဝါရီလတွင် မောင်ချစ်ဖေ အမှတ်တရရှိရသည့် ရက်စွဲများပါဝင်သည်။ သည်ဘက်ခေတ်များတွင် ရေပန်းစားနေသည့် ဖေဖော်ဝါရီ ၁၄ ရက် (ချစ်သူများနေ့)တော့မဟုတ်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပင်လုံမြေ၌ စတင်သန္ဓေတည်ခဲ့သည့် ပြည်ထောင်စုနေ့နှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့ ဖေဖော်ဝါရီ ၁၃ ရက် (ကလေးများနေ့)တို့ပင် ဖြစ်ပေသည်။

ကလေးများနေ့က မူလတန်းကျောင်း၌ ဆန်ပြုတ်၊ ကွေကာအုပ်နှင့် နွားနို့သောက်၊ ကစားခုန်စားပြိုင်ပွဲများ ဝင်ရောက်ဆင်နွှဲခြင်းမျှသာဖြစ်၍ မောင်ချစ်ဖေတို့၏ ငယ်ဘဝတွင် အမှတ်တရ သိပ်မရှိလှပေ။

ပစ္စက္ခအဘိုးကြီးဖြစ်သည့်တိုင် တသသ မေ့မရဖြစ်ရသည့်ပွဲတော်က ပြည်ထောင်စုနေ့သာဖြစ်သည်။ လမ်းစဉ်ပါတီခေတ်တွင် ပြည်ထောင်စုနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

နှစ်သစ်၏ ပြက္ခဒိန်ရက်စွဲများ စတင်သက်ဝင်လာပြီဆိုသည်နှင့် "တို့ပြည်ထောင်စုအလံတော်သည် တလူလူလွင့်လို့ချီလာပြီ။ ပြည်သူများက ကြိုဆိုသည်၊ ရွှေးရှုအလေးပြုကြပါသည်" ဟူသည့် မြန်မာ့အသံက ပြည်ထောင်စုအလံတော် တေးသံသာများက ပြည်ထောင်စုအနှံ့ လွင့်ပျံ့လာသည်။

ထိုခေတ်က ရန်ကုန်မြို့တွင် တစ်နှစ်တာ ရပ်နားခဲ့သည့် ပြည်ထောင်စုအလံတော်သည် နှစ်သစ်၏အမွန်အစ ဇန်နဝါရီလမှာပင် ပြည်နယ်နှင့်တိုင်း ၁၄ ခုသို့ အစဉ်လိုက် လှည့်လည်ပြီး မြို့တော်များတွင် ညအိပ်ရပ်နားလေ့ရှိသည်။

ပြည်နယ်နှင့်တိုင်းများသို့ ပြည်ထောင်စုအလံတော် ဆိုက်ရောက်သည်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အဖွဲ့အစည်းအသီးသီးက အလံတော်ကို ညအိပ်ရပ်နားမည့်ပွဲတော်အခမ်းအနားကျင်းပရာ စင်မြင့်ထက်သို့ လက်ဆင့်ကမ်းသယ်ဆောင်ကြသည်။

ပြည်ထောင်စုနေ့ လူထုအစည်းအဝေးကြီးကျင်းပရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းကြီးသို့မူ ပြည်ထောင်စုနေ့မတိုင်မီ ဖေဖော်ဝါရီ ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်ဝန်းကျင်တွင် ပြည်ထောင်စုအလံတော် ပြန်လည်ဆိုက်ရောက်သည်။

ပြည်ထောင်စုနေ့ပွဲတော်ကိုမူ ဖေဖော်ဝါရီလဆန်းပိုင်းကပင် ကျိုက္ကဆံကွင်း၌စတင်ကျင်းပရာ ပြည်နယ်နှင့် တိုင်းအသီးသီး၏ ပြခန်းများ၊ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းရင်းသားရိုးရာအကပဒေသာများ၊ ရုပ်ရှင်ဂီတအစည်းအရုံးတို့၏ ပြဇာတ်၊ ဂီတဖျော်ဖြေပွဲများ၊ ဇာတ်သဘင်ပွဲများ၊ ဈေးရောင်းပွဲတော်များပါ ပါဝင်ကာ အထူးစည်ကားသိုက်မြိုက်လှသည်။ ထိုစဉ်က မူလတန်း၊ အလယ်တန်းကျောင်းသားဘဝအရွယ်သာရှိသေးသည့် မောင်ချစ်ဖေနည်းတူ ထိုခေတ်က ခေတ်ပြိုင်မျိုးဆက်အားလုံးလည်း သတိတရမှတ်မိကြပါလိမ့်မည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်မူ ပြည်ထောင်စုနေ့အခမ်းအနားများက လမ်းစဉ်ပါတီခေတ်ကကဲ့သို့မဟုတ်တော့။ ထိုမှ တစ်စတစ်စဖြင့် တို့ပြည်ထောင်စုအလံတော်သီချင်းသည်လည်း သမိုင်းတစ်ကွေ့တွင် တိုးတိတ်ပျောက်ကွယ်စပြုခဲ့သည်။

မောင်ချစ်ဖေ၏ သဘောထားအမြင်အရမူ မြန်မာပြည်၏လွတ်လပ်ရေးကို တောင်ပေါ်မြေပြန့်မကျန် တစည်းတလုံးတည်း အရယူနိုင်ရေးအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြေ၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ လက်မှတ်ရေးထိုးပြီး ပင်လုံမြေ၌ သက်သေတည်ခဲ့ကြသည့် ပြည်ထောင်စုနေ့သည် အာဏာရပါတီအစိုးရအဖွဲ့အစည်းတစ်ရပ်၏ ပေါ်လစီမူဝါဒမဟုတ်။

ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားတိုင်း ပိုင်ဆိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ မူဝါဒသာဖြစ်သင့်သည်။ တောင်ပေါ်မြေပြန့် ရေမြေတောအထပ်ထပ်က ပြည်ထောင်စုဖွား ညီရင်းအစ်ကို မောင်ရင်းနှမများ၏ အသွေးအသားနှလုံးသားထဲက ဘုံရပ်တည်ချက်သာဖြစ်ရပါမည်။

ပါတီတစ်ခု၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ လုပ်ဆောင်ချက်များအဖြစ် ပုဂ္ဂလဓိဋ္ဌာန်ရှုမြင်၍မဖြစ်၊ ဓမ္မဓိဋ္ဌာန်အားဖြင့်သာ ရှုမြင်သုံးသပ်ရပေလိမ့်မည်။

ကမ္ဘာ့နိုင်ငံအသီးသီး၏ အစိုးရတိုင်းတွင် ကောင်းကွက်၊ ဆိုးကွက်များရှိသည့်နည်းတူ ယခင်အစိုးရအဆက်ဆက်တွင်လည်း ကောင်းကွက်၊ ဆိုးကွက်၊ အားသာချက်၊ အားနည်းချက်များရှိကြပါသည်။

သို့တစေ ရှေ့အစိုးရက ဆောင်ရွက်ခဲ့သည်မို့ နောက်အစိုးရက ခေတ်ဟောင်းကို အပြီးတိုင် မြေမြှုပ်ပစ်၍မရ။ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို ဆင်ခြင်သုံးသပ်၍ အကျိုးနှင့်အပြစ်ကို ဝေဖန်ခွဲခြားကာ အကောင်းကိုမြင်လျှင် သမိုင်းအဟောင်းကို ပြန်လည်လှျော်ဖွပ်၍ ပြန်လည်ဆန်းသစ်ရပါမည်။ သမိုင်း၏အမွေအဖြစ်ခံယူ၍ ပြန်လည်အသက်သွင်းကြရပါမည်။

ဘာသာရေးနှင့် လူမျိုးရေးအစွန်းရောက်ဝါဒီများ ခေါင်းထောင်ထလာသည့် ပစ္စုပ္ပန်ယနေ့ကမ္ဘာတွင် ရှေးအတိတ်တေကတည်းက ပြည်ထောင်စုတိုင်းရင်းသားတို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ "ပြည်ထောင်စုစိတ်ဓာတ်"က ပိုမိုအရေးပါလာသည့်အလျောက် ပြည်ထောင်စုနေ့ကို သမိုင်း၏အမွေတစ်ရပ်အဖြစ် အစဉ်အလာမပျက် ရှုမြင်ကျင်းပကြပါစို့။ ။

## ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။
(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး။
(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး။
(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။
(၅) တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## ပြည်ထောင်စုအစွန့်ရှည် မြန်မာပြည်

❖ တာဝန်နှင့် သယံဇာတ
အချိုးကျခွဲဝေ
ပြည်ထောင်စုနယ်မြေ။
❖ ဗဟိုနှင့် ပြည်နယ်တွေ
အဆင်ပြေထိန်းညှိသွား။
❖ ကမ္ဘာတိုင်တည်
မြန်မာပြည်အစွန့်ရှည်ဖို့
ကိုယ်စီစိတ်ထား။

မောင်ကျေးဖူး

# (၁၄)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်ပြပွဲ ပြည်ထောင်စုနေ့တွင် ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (၁၄)ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်ပြပွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) မှစတင်၍ မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးရှိ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်တွင် ကျင်းပမည်ဖြစ်သည်။

ယခုနှစ် (၁၄)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲကို ပြပွဲလာပြည်သူများ အပန်းဖြေကြည့်ရှုလေ့လာနိုင်ရန် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ပြိုင်ပွဲကျင်းပရေးကော်မတီတို့က အဘက်ဘက်မှ ပြည့်စုံအောင် စီမံဆောင်ရွက်လျက်ရှိသည်။ ပြပွဲပြိုင်ပွဲကို မြို့တော်စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများတွင် ပြည်သူလူထု စိတ်ဝင်စားလာစေရန်နှင့် ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန်၊ အိမ်တိုင်းအိမ်တိုင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခြင်းဖြင့် မန္တလေးမြို့တော်အား ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်ထိန်းသိမ်းရာ၌ အထောက်အကူဖြစ်လာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်အဆင့်မြင့်စိုက်ပျိုးနည်းပညာများဖလှယ်နိုင်ရန်၊ မျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာစေရန်၊ အိမ်တိုင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်ကို အထောက်အကူဖြစ်စေရန် ဟူသော ကောင်းမွန်သည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ (၁၄)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၂၃ မျိုးပါဝင်ပြီး ပန်းအလှပြိုင်ပွဲတွင် ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊ ပန်းအလှပြိုင်ပွဲ၊ အရွက်အလှပြိုင်ပွဲတွင် အရွက်အလှပင်ပြိုင်ပွဲ၊ ရွက်လှပင်ပြိုင်ပွဲများ၊ သစ်ခွပြိုင်ပွဲတွင် ပြည်တွင်းသစ်ခွနှင့် ပြည်ပသစ်ခွပြိုင်ပွဲဟူ၍ ခွဲခြားထားကြောင်း၊ ပြည်ပသစ်ခွပြိုင်ပွဲတွင် ကတ်တလီးယားသစ်ခွ၊ စင်ဘီးဒီးယားသစ်ခွ၊ ဗန်ဒါသစ်ခွတို့ဖြစ်ကြောင်း၊ အပင်ပြိုင်ပွဲတွင် နှင်းဆီပင်အမျိုးမျိုး၊ ရှားစောင်းပင်၊ သက်ကြီးပုပင် (ဘွန်ဆိုင်း)များ၊ အသီးပါသည့် အလှပင်ပြိုင်ပွဲများ၌ အိုးဖြင့်စိုက်ပျိုး၍ ပြိုင်ရမည်ဖြစ်သည်။

ဟင်းသီးဟင်းရွက်ပြိုင်ပွဲတွင် အရွက်ပြိုင်ပွဲ၊ အထုပ်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ၊ ဥပါပြိုင်ပွဲဟူ၍ ခွဲခြားထားကြောင်း၊ အရွက်ပြိုင်ပွဲတွင်(ဥပမာ-မုန်ညင်း၊ ကိုက်လန်)တို့ဖြစ်ကြောင်း၊ အထုပ်ပြိုင်ပွဲတွင် (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာ)တို့ဖြစ်ကြပြီး အသီးပါအပင်ပြိုင်ပွဲ၌ (ဥပမာ-ငရုတ်၊ ခရမ်း)တို့ဖြစ်ပြီး ဥပြိုင်ပွဲတွင် (ဥပမာ-မုန်လာဥ) ဖြစ်ကြောင်း၊ သစ်သီးပြိုင်ပွဲတွင် (ဥပမာ-သဘော်သီး၊ ဖရဲသီး)တို့ဖြစ်သည်။

ဟင်းသီး၊ အသီး အလုံးပြိုင်ပွဲတွင် ဘူးသီး၊ ဖရုံသီးစသည်တို့ဖြစ်ကာ သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲတွင် ငှက်ပျောခိုင်၊ အုန်းသီးခိုင်၊ ကွမ်းသီးခိုင်တို့ဖြစ်ကြောင်း၊ သစ်သီးဝလံဥပြိုင်ပွဲတွင် စိမ်းစားဥ၊ ကန်စွန်းဥ၊ 'ဝ'ဥစသည်တို့ဖြစ်ပြီး ဟင်းသီးအသီးအနှံ အတွဲလိုက်ပြိုင်ပွဲတွင် ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ကြက်ဟင်းခါးသီးတို့ဖြစ်သည်။

ထို့ပြင် သစ်သီးပုံဖော် အလှဆင်ပြိုင်ပွဲများနှင့် ရာသီပန်းပင်ပြိုင်ပွဲများကိုလည်း ထည့်သွင်းထားပြီး ကဏ္ဍအလိုက်ပြိုင်ပွဲများတွင် ပထမဆု ငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၀၀၀၀၀၊ တတိယဆု ငွေကျပ် ၇၀၀၀၀၊ နှစ်သိမ့်ဆုသုံးဆုကို ငွေကျပ် ၃၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအပါအဝင် ဌာနဆိုင်ရာအသီးသီး၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူလူထု သိရှိခံစားနိုင်စေရန်အတွက် ဌာနဆိုင်ရာပြခန်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းဆိုင်များကိုလည်း ပါဝင်ပြသသွားမည်ဖြစ်သည်။

ပြပွဲသို့ လာရောက်ကြည့်ရှုအပန်းဖြေသူများ စိတ်ချမ်းမြေ့စေရန်အတွက် အစစအရာရာ ဆောင်ရွက်ပေးထားသည့်အပြင် အဆင်ပြေစွာ စားသုံးနိုင်ရန် စားသောက်ဆိုင်များ ထည့်သွင်းပေးထားကြောင်း၊ ဖွင့်ပွဲ (ပြည်ထောင်စုနေ့)မှစ၍ ဖေဖော်ဝါရီ ၁၈ ရက်အထိ နေ့စဉ်ညတိုင်း နာမည်ကြီးတေးဂီတအဖွဲ့များ၊ အဆိုတော်များဖြင့်လည်း ဧည့်ခံဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ (၁၄)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများ၊ စိတ်ပါဝင်စားသူများအနေဖြင့် ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၄ နာရီ အမီ ပြိုင်ပွဲကျင်းပမည့် ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် ကွပ်ကဲရေးရုံးသို့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ပန်းမန်များကို ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လေးအိမ်စု ကတ္တရာလမ်းသစ် ပွင့်တန်ဆာမြို့၌ဖွင့်

**ညောင်လေးပင် ဖေဖော်ဝါရီ ၆**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ပွင့်တန်ဆာမြို့ မြို့မ (၃)ရပ်ကွက်ရှိ လေးအိမ်စု ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းက ကတ္တရာလမ်းသစ်ဖွင့်လှစ်ရခြင်းနှင့် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကတ္တရာလမ်းသစ်အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လေးအိမ်စု ကတ္တရာမ်းသစ်သည် အရှည်ပေ ၆၆၀၊ အကျယ် ၁၀ ပေရှိကာ ငွေကျပ် ၁၃၅ သိန်းကျော် ကုန်ကျခဲ့သည်။ ကတ္တရာလမ်းသစ်ကြောင့် လေးအိမ်စု၊ ကျောင်းစု၊ ဆိပ်ပြန်ကြီး၊ အနောက်စုကျေးရွာများ ရာသီမရွေးသွားလာနိုင်ပြီဖြစ်၍ ဒေသခံများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

**နေလင်း(ညောင်လေးပင်)**

# နမ့်ဆန်မြို့နှင့် လပွတ္တာမြို့မှ မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးပို့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တို့တွင် မီးဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိကြသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၃၃ သိန်း၊ ယမ်းယမ်းကြာဆံထုပ် ၃၀ ပါ အထုပ် ၃၀၊ ယမ်းယမ်းခေါက်ဆွဲထုပ် ၃၀ ပါ အထုပ် ၇၀ နှင့် နမ့်ဆန်မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၄ ဒသမ ၄၅သိန်း၊ ရေသန့်တစ်လီတာဘူး ၄၉၅၀၊ ခေါက်ဆွဲခြောက်ထုပ် ၇၃၈၀၊ အမျိုးသမီးဝတ်အကျႌ အထည် ၂၀၊ ပုဆိုး ၁၈ ထည်၊ လုံချည် ၆၁ ထည်၊ ယမ်းယမ်းကြာဆံထုပ် ၃၀ပါ အထုပ် ၅၀၊ ယမ်းယမ်းခေါက်ဆွဲထုပ် ၃၀ ပါ ၄၆ ထုပ်တို့ကို ပေးပို့လှူဒါန်းခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံးမှ အလှူငွေကျပ် ငါးသိန်း၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀ နှင့် လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀၊ အားကစားဝန်ကြီးဌာနမှ အနွေးဝတ်စုံ ၂၁၇ ထည်၊ တီရှပ် ၆၆၆ ထည်၊ အားကစားအကျႌ ၁၀၈၉ ထည်တို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းကြသည်။



ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးမှ ခေါက်ဆွဲခြောက်ဖာ အကြီး ၈၃ ထုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆိုလာမီးအိမ် အလုံး ၅၀ ပါ ရှစ်ပုံး၊ ဒန်အိုး အစုံ ၁၀၀ ပါ ခုနစ်အိတ်၊ ဒန်အိုး ခြောက်လုံးပါ အိတ်သေးတစ်အိတ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာပုံး ၁၄ ပုံး၊ အားကစားဝန်ကြီးဌာနမှ အနွေးဝတ်စုံ ၂၁၇ ထည်၊ တီရှပ် ၆၆၆ ထည်၊ အားကစားအကျႌ ၁၀၈၉ ထည်တို့ကို နေပြည်တော်လေဆိပ်မှ လေကြောင်းခရီးဖြင့် ဘေးသင့်မြို့နယ်များသို့ ပေးပို့လှူဒါန်းခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဦးရင်စိန်-ဒေါ်တင်ဝင်းမိသားစုက ငွေကျပ်လေးသောင်း၊ CSC Group မိသားစုက ငွေကျပ်ခြောက်သိန်း၊ မြန်မာမော်တော်ယာဉ်ပရဟိတအသင်းက ငွေကျပ်သိန်း ၇၀ တို့ကို လာရောက်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေမှာ ယနေ့တွင် ငွေကျပ် ၂၈၁၄၀၀၀၀ ဖြစ်၍ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ငွေကျပ် ၂၉၁၆၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မီးဘေးသင့်ပြည်သူများ နိုင်ငံတော်က လာရောက်ကူညီဆောင်ရွက်ပေးသဖြင့် ကျေးဇူးအထူးတင်

**လပွတ္တာ ဖေဖော်ဝါရီ ၆**

ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီ မိနစ် ၂၀ ခန့်က လပွတ္တာမြို့ ကမ်းနားလမ်း ဧရာသီရိသဲလမ်းရှိ နေအိမ်တစ်လုံးမှ မီးစတင်လောင်ခဲ့ရာ ည ၁၀ နာရီကျော်ခန့်တွင် မီးလောင်မှုအရှိန် ပိုမိုအားကောင်းလာကာ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅) ရပ်ကွက်၊ အမှတ်(၁)ရပ်ကွက်အထိ မီးကူးစက် လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကို နံနက် ၂ နာရီကျော်ခန့်တွင် ငြိမ်းသတ်နိုင်ခဲ့ပြီး နံနက် ၃ နာရီတွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်ထောင်စု ၁၉၅ စု မီးဘေးဒုက္ခကြုံတွေ့ခဲ့ရပြီး နေမင်းတင်လမင်းတင် ဘုရားတန်ဆောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ခေတ္တနေရာချထားပေးသည်။ အဆိုပါအခြေအနေများနှင့်ပတ်သက်၍ ကြေးမုံသတင်းစာတိုက်မှ တွေ့ဆုံ မေးမြန်းခဲ့ရာ-

ဒေသခံကိုထွန်းထွန်းသူ(ကွန်ပျူတာပညာရှင်)က "ကျွန်တော်တို့မြို့မှာ အခုလို အမှတ်မထင်မီးလောင်မှုဖြစ်သွားတဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်။ မိသားစုတွေနဲ့ထပ်တူ ဝမ်းနည်းရပါတယ်။ အဲဒီမီးလောင်သွားတဲ့နေရာက ကျွန်တော်တို့မြို့ရဲ့ အဓိကစီးပွားရေးအချက်အချာကျတဲ့နေရာ တစ်ခုထဲမှာ ပါပါတယ်။ အဓိက ပွဲရုံ၊ ကဏန်းဒိုင်တွေ ရှိတယ်။ အဲဒီက စီးပွားရေး လုပ်ငန်းရှင်တွေက ကျွန်တော်တို့မြို့ရဲ့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးတွေအပြင် သာသနာရေးကိစ္စရပ်များ စတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ထောက်ပံ့ကူညီနေကြတဲ့သူတွေ ဖြစ်နေတယ်။ အဲဒီတော့ ကျွန်တော်တို့မြို့အတွက် နစ်နာပါတယ်။"

"အခုအချိန်မှာ ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး မီးဘေးသင့်အိမ်ထောင်စုတွေထဲက ကျောင်းသားကျောင်းသူတွေအတွက် လိုအပ်တဲ့ စာရေးကိရိယာ၊ အဝတ်အထည်၊ စာအုပ်တွေလှူဒါန်းပေးဖို့ စီစဉ်နေပါတယ်။ စာမေးပွဲတွေကလည်း နီးလာပြီဆိုတော့ ကလေးတွေအတွက် စိတ်ပူပါတယ်"ဟု ရှင်းပြသည်။

လက်ရှိအခက်အခဲများကိုလည်း မေးမြန်းခဲ့ရာ-

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းက "လက်ရှိအခက်အခဲက လူဦးရေကိန်းဂဏန်းငြိမ်အောင် စိစစ် နေရတဲ့အပိုင်းပါ။ ဖြစ်ဖြစ်ချင်း ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းမှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းက တာဝန်ရှိသူတွေကိုယ်တိုင် မီးလောင်ပြင်မှာမီးဘေးသင့်ပြည်သူများကို စောင့်ရှောက်ဖို့ ယာယီစခန်းဖွင့်လှစ် ပေးထားပါတယ် လာရောက် တည်းခိုကြဖို့ hand Speaker ဖြင့် လှည့်လည်နှိုးဆော်ထားပါတယ်။"

"အခုအချိန်အထိ တချို့က ကယ်ဆယ်ရေးစခန်းကို လာတဲ့သူတွေရှိသလို မလာတဲ့သူတွေလည်း ရှိနေပါတယ်။ အဲဒီလိုမလာတဲ့သူတွေအတွက်



**ကိုထွန်းထွန်းသူ**
**(ကွန်ပျူတာပညာရှင်)**

စာရင်းဇယားကိန်းဂဏန်းမငြိမ်သေးတဲ့အပိုင်းလေးရှိပါတယ်။ ဒီစာရင်းဇယား တိတိကျကျဖြစ်အောင် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကတစ်ဆင့် စိစစ်နေပါတယ်။ တချို့ထောက်ပံ့ရမယ့် အပိုင်းတွေမှာ ငွေရေးကြေးရေးတွေပါလာတဲ့အတွက် အမှန်တကယ်နစ်နာသူတွေရရှိအောင် အမြန်ဆုံးဆောင်ရွက်နေပါတယ်။ ဒါကိုလည်း နိုင်ငံတော်ကပဲ တာဝန်ယူထောက်ပံ့ပေးမှာပါ။ နစ်နာကြတာတော့ အမှန်ပါပဲ။ စနစ်တကျ ထောက်ပံ့ပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။"

**တွေ့ဆုံမေးမြန်း**
**သူဇာနွယ်(ဖျာပုံ)**

ကယ်ဆယ်ရေးစခန်းသို့လာရောက်လှူဒါန်းနေမှုအပိုင်း လုံလောက်မှု ရှိ၊ မရှိ ဆက်လက်မေးမြန်းရာ-

"ကျွန်တော်တို့ ဒီကယ်ဆယ်ရေးစခန်းကို ဒုတိယသမ္မတ ဦးညဏ်ထွန်းကိုယ်တိုင် ဦးဆောင်သော ဝန်ကြီးများအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ မီးဘေးသင့်ပြည်သူတွေကို လာရောက်အားပေးစကားပြောပြီး ကူညီထောက်ပံ့မှုတွေ ပြုခဲ့ပါတယ်။ ဒီလို ဒုတိယသမ္မတနှင့် ဝန်ကြီးများ၊ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ လာရောက်ကူညီထောက်ပံ့ပေးတဲ့အတွက် မီးဘေးသင့်ပြည်သူတွေနဲ့ မြို့သူ မြို့သားတွေရဲ့ကိုယ်စား အထူးကျေးဇူးတင်ဝမ်းသာပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးဦးစီးဌာန၊ ကမ္ဘောဇဘဏ်၊ ဧရာဝတီဖောင်ဒေးရှင်း၊ တပ်မတော်စားနပ်ရိက္ခာ ထောက်ပံ့ရေးအဖွဲ့တွေနဲ့ လှူဒါန်းပေးခဲ့ကြတဲ့ အလှူရှင်အသီးသီးကိုလည်း အားလုံးရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။"

မီးလောင်ပြင်ရှင်းလင်းမှုနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မည့်အစီအစဉ်နှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ-

"လောလောဆယ် မီးလောင်ပြင်ရှင်းလင်းနေပါပြီ။ အရင်ဆုံးသက်ဆိုင်ရာအုပ်ချုပ်ရေးမှူးတွေက တစ်ဆင့် အိမ်ပိုင်ရှင်တွေကို မိမိတို့နေရာမိမိတို့စိတ်တိုင်းကျ ရှာဖွေရှင်းလင်းခွင့်ပြုထားပါတယ်။ သက်ဆိုင်ရာအိမ်ပိုင်ရှင်များခွင့်ပြုပါက တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မီးသတ်၊ ကြက်ခြေနီ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တပ်မတော်သားများ ပါဝင်တဲ့ ရှင်းလင်းရေးအဖွဲ့တွေက ကူညီရှင်းလင်းပေးနေပါတယ်။"

"ပြီးသွားရင် မီးလောင်ပြင်ကို အပြောင်ရှင်းလင်းပြီးမှ စည်ပင်သာယာရေးအဖွဲ့၊ မြေစာရင်းဌာနတို့က အမည်ပေါက်ပိုင်ရှင်တွေကို အမြန်ဆုံး ပြန်ချပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ရှင်းပြသည်။

လပွတ္တာမြို့၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ ဆန်စပါး၊ ဆားနှင့် ရေလုပ်ငန်းတို့ကို အဓိကလုပ်ကိုင်ကြသည်။ နာဂစ်မုန်တိုင်းပြီး နောက်ပိုင်းဆား ထုတ်လုပ်သည့်လုပ်ငန်း အဆင်မပြေသဖြင့် ရေလုပ်ငန်းကို ပိုမိုလုပ်ကိုင်လာကြသည်။ အထူးသဖြင့် ရေထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ကဏန်း၊ ပုစွန်လုပ်ငန်းဖြစ်ထွန်းကာ အခုမီးဘေးသင့်သည့်အတွက် ယင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များသာမက ယင်းလုပ်ငန်းကို အမှီပြုလုပ်ကိုင်နေသည့် လုပ်သားများပါ ထိခိုက်မှုဖြစ်ပေါ်လျက်ရှိသည်။

လပွတ္တာမြို့အနီးအနား ရွှေးမြစ်တစ်လျှောက်တွင် နေထိုင်သည့်ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ရှာဖွေထားသည့် ပုစွန်၊ ကဏန်းများ ရောင်းချရန်အခက်အခဲရှိကြောင်း သိရသည်။





# နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူများအတွက် တာချီလိတ်မြို့မှ အလှူရှင်များက စုပေါင်းလှူဒါန်းလျက်ရှိ

**တာချီလိတ် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအား တာချီလိတ်မြို့ ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်ကြီး မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိရောစန ကြီးမှူးဦးဆောင်၍ ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနန္တဂုဏ်ရည်ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်နှင့်အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ၊ ထိုင်းနိုင်ငံမှ အလှူရှင်များ လှူဒါန်းထားသည့် ထောက်ပံ့ငွေ၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများအား သွားရောက်လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လှူဒါန်းလာသည့် ထောက်ပံ့ငွေများနှင့် ပစ္စည်းများကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်ပြီး နမ့်ဆန်မြို့သို့ သွားရောက်ကာ မီးဘေးသင့်ပြည်သူများထံ ပထမအကြိမ်အဖြစ် လက်ဝယ်အရောက် လှူဒါန်းသွားမည်ဖြစ်ပြီး ဆက်လက်လှူဒါန်းရရှိမှုများအား လပွတ္တာမြို့ရှိ မီးဘေးသင့်ပြည်သူများပါ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ပြည်တွင်းရေးရာ

# နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် တက်ဟုန်းပြည်နယ်ခွဲမှ ကယ်ဆယ်ရေးပစ္စည်းများလှူဒါန်း

**မူဆယ် ဖေဖော်ဝါရီ ၆**

မြန်မာ-တရုတ် နှစ်နိုင်ငံ ဝင်/ထွက် ပေါက် နန်းတော်ဂိတ်၌ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မီးဘေးအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲနှင့် ရွှေလီမြို့မှ ယွမ် ခြောက်သိန်းနှစ်သောင်း တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများလှူဒါန်းရာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မင်းမင်းဦးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးသန်း၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ အစိုးရကိုယ်စားလှယ် မစ္စတာ ရှိန်ဖုန့်၊ ရွှေလီ ဒုတိယမြို့တော်ဝန် မစ္စတာ ဂွန်မော်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။




အခမ်းအနားတွင် တက်ဟုန်းပြည်နယ်ခွဲ တရုတ်အစိုးရကိုယ်စားလှယ်က ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

တက်ဟုန်းပြည်နယ်ခွဲမှ ခေါက်ဆွဲဖာ ၁၀၀၊ ရေသန့်ဘူးဖာ ၆၀၀၊ စားသုံးဆီပုံး ၄၀၀၊ ဆန်အိတ် ၄၀၀၊ အနွေးထည် ၂၃၇ ထည်၊ စောင် ၁၂၅ ထည်၊ ချည်ပဝါစောင် ၁၂၆ ထည်၊ လောင်းကုတ် ၁၃၀၀၊ ဂွမ်းကပ်စောင် ၆၀၀၊ ပလတ်စတစ်မိုးကာလိပ် ၂၀၀ နှင့် ရွှေလီမြို့မှ ဆန် ၁၀ တန်၊ ဂွမ်းကပ်စောင်အထည် ၃၀၀ တို့လှူဒါန်းကြောင်း သိရသည်။ **ဆရာမောင်(မူဆယ်)**





နွားနို့တိုက်ပါ

ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့
အသားအရေ လှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့


# လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများ စဉ်ဆက်မပြတ် လာရောက်လှူဒါန်းလျက်ရှိ

**လပွတ္တာ ဖေဖော်ဝါရီ ၆**

လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်နှင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက ဖေဖော်ဝါရီ ၆ ရက်တွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသော လေးထပ်ပရိယတ္တိကျောင်းသို့ လာရောက်ပေးပို့လှူဒါန်းလျက်ရှိရာ ယာယီအခိုက်အတန့်အားဖြင့် စားသောက်ရေးတွင် မပူပင်ရဘဲ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့က (၄)ရပ်ကွက်မှာ နေပါတယ်။ အိမ်တစ်လုံးလုံး မီးထဲပါသွားတာ ဘာမှယူချိန်မရလိုက်ပါဘူး။ အခု ကယ်ဆယ်ရေးစခန်းက စေတနာရှင်၊ အလှူရှင်တွေက လာရောက်ပေးလှူကြတဲ့အတွက် လောလောဆယ်တော့ စားသောက်ရေးမှာ အဆင်တော့ပြေပါတယ်။ အလှူရှင်တွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်" ဟု ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသော မီးဘေးသင့်ပြည်သူတစ်ဦးက ပြောသည်။

မီးဘေးသင့်ပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်းတွင် ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက နေရေး၊ စားရေးစောင့်ရှောက်မှုများ စီမံခန့်ခွဲဆောင်ရွက်ပေးလျက်ရှိပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်မတော်ဆေးတပ်ရင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင်လည်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြောင်းမြကမ္ဘောဇဘဏ်၊ AGD၊ အာရှစိမ်းလန်းရေးဘဏ်၊ ကမ္ဘောဇအလင်းတန်းမြန်မာ ဖောင်ဒေးရှင်း၊ ဝဍ္ဍုကျော်ဖောင်ဒေးရှင်း၊ တပ်မတော်ကြည်း၊ ရေ၊ လေမိသားစု၊ မဘသ(ဗဟို) မွန်မဘသ ကူညီရေးအဖွဲ့၊ ပဓာနစရိယပရဟိတအဖွဲ့ (ရန်ကုန်)၊ ရွှေလက်တွဲကြမယ် လူငယ်ပရဟိတအဖွဲ့ (သာပေါင်း)စသော အသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များက တစ်ဦးချင်းစီလည်းကောင်း၊ ကျောင်းသားသမဂ္ဂ(ပုသိမ်)တို့မှ အလှူရှင်များက စုပေါင်းလှူဒါန်းမှုများမှာ ဆန် ၂၇၁ အိတ်၊ အဝတ်အထည်မျိုးစုံ ၁၁ ထုပ်၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများ၊ အစားအသောက်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၅ သိန်းကျော် တန်ဖိုးရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



# ဇန်နဝါရီလအတွင်း ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေ

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် | ဖြစ်ပွားမှု | ဒဏ်ရာရ | သေဆုံး |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၂၇ | ၅၁ | ၁၂ |
| ၂ | ကချင် | ၅၀ | ၆၇ | ၁၉ |
| ၃ | ကယား | ၈ | ၆ | ၅ |
| ၄ | ကရင် | ၃၇ | ၄၈ | ၁၃ |
| ၅ | ချင်း | ၁၀ | ၃၂ | ၅ |
| ၆ | စစ်ကိုင်း | ၁၁၅ | ၂၀၀ | ၂၃ |
| ၇ | တနင်္သာရီ | ၅၁ | ၉၈ | ၁၇ |
| ၈ | ပဲခူး | ၁၉၄ | ၃၂၂ | ၄၇ |
| ၉ | မကွေး | ၁၂၄ | ၂၄၂ | ၁၉ |
| ၁၀ | မန္တလေး | ၁၅၉ | ၂၃၈ | ၄၄ |
| ၁၁ | မွန် | ၆၈ | ၉၆ | ၃၁ |
| ၁၂ | ရခိုင် | ၂၈ | ၅၇ | ၁၄ |
| ၁၃ | ရန်ကုန် | ၂၂၀ | ၂၉၉ | ၅၈ |
| ၁၄ | ရှမ်း | ၈၂ | ၁၁၅ | ၄၆ |
| ၁၅ | ဧရာဝတီ | ၁၆၁ | ၂၄၅ | ၆၃ |
| စုစုပေါင်း | | ၁၃၃၄ | ၂၁၁၆ | ၄၁၆ |

# မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံလျက်ရှိ၊ တိုက်ရိုက်သွားရောက် လှူဒါန်းလိုသူများ သက်ဆိုင်ရာအဖွဲ့အစည်းတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

မီးလောင်မှုဖြစ်ပွားခဲ့သည့်ဒေသများမှ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းမှုကို လက်ခံလျက်ရှိပြီး တိုက်ရိုက်သွားရောက်လှူဒါန်းလိုသူများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းတို့နှင့်ချိတ်ဆက်၍ လှူဒါန်းမှုလွယ်ကူစေရန်ဆောင်ရွက်ပေးနေကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးကြည်သာက ပြောသည်။

"ငွေသားနဲ့ပစ္စည်းတွေလာရောက်လှူဒါန်းတဲ့ အလှူရှင်တွေရှိသလို တချို့အလှူရှင်တွေကျတော့ တိုက်ရိုက်သွားရောက်လှူဒါန်းချင်တဲ့သူတွေရှိတယ်။ သူတို့အတွက်ကိုလည်း မီးဘေးသင့်ဒေသတွေမှာ ကျွန်တော်တို့ဌာနနဲ့အတူ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တွေက ကွပ်ကဲမှုရုံးတွေဖွင့်လှစ်ပြီးဆောင်ရွက်နေတာတွေရှိပါတယ်။ ကိုယ်တိုင်သွားရောက်လှူဒါန်းချင်တဲ့သူတွေအတွက်ကိုတော့ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာဒေသအလိုက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး အလှူရှင်တွေ သွားရောက်လှူဒါန်းမှုအဆင်ပြေလွယ်ကူအောင် ဆောင်ရွက်ပေးနေပါတယ်"ဟု ဦးကြည်သာက ဆိုသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တို့တွင် ဖေဖော်ဝါရီ ၄ ရက်က ဖြစ်ပွားခဲ့သည့် မီးလောင်မှုကြောင့်(ဖေဖော်ဝါရီ ၆ ရက်အထိ သက်ဆိုင်ရာမှထုတ်ပြန်ချက်အရ) နမ့်ဆန်မြို့တွင် အိမ်ခြေ ၂၈၅ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၃၅၀၊ လူဦးရေ ၁၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့်အပြင် လပွတ္တာမြို့တွင် အိမ်ခြေ ၁၉၁ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၂၇၁ စု၊ လူဦးရေ ၁၀၇၁ ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသဖြင့် သက်ဆိုင်ရာမှ မီးဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ကူညီဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မီးဘေးသင့်ပြည်သူများအတွက် အလှူရှင်များအနေဖြင့်လည်း သက်ဆိုင်ရာကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသို့ ငွေနှင့်ပစ္စည်းများ လာရောက်လှူဒါန်းမှုများရှိနေသလို ကိုယ်တိုင်သွားရောက်လှူဒါန်းမှုများလည်းရှိနေကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ယင်းသို့လှူဒါန်းမှုများတွင် ဖေဖော်ဝါရီ ၆ ရက်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(ရန်ကုန်ရုံးခွဲ)သို့ မရမ်းကုန်းမြို့နယ်မှ အလှူရှင်ဦးတင်စိန်မိသားစုက ငွေကျပ် လေးသောင်း၊ CSC Group မိသားစုက ငွေကျပ် ခြောက်သိန်းနှင့် မြန်မာ့မော်တော်ယာဉ်ပရဟိတဖောင်ဒေးရှင်းက (နမ့်ဆန်မြို့မီးဘေးအတွက်) ငွေကျပ် သိန်း ၇၀၊ ဆန်အိတ် ၂၀၀ နှင့် လူဦးရေ ၁၀၀၀ စာအတွက် အဝတ်အထည်မျိုးစုံတို့ကို လာရောက်လှူဒါန်းခဲ့ကြရာ အဆိုပါရုံးမှ ညွှန်ကြားရေးမှူး ဦးကြည်သာက လက်ခံခဲ့သည်။

အဆိုပါလှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာ့မော်တော်ယာဉ်ပရဟိတဖောင်ဒေးရှင်းမှ အတွင်းရေးမှူး ဦးကြည်သာဟန်က "ကျွန်တော်တို့အနေနဲ့ ပြည်သူတွေရဲ့ အခက်အခဲကိုသိချင်တဲ့အတွက် ကိုယ်တိုင်သွားရောက်လှူဒါန်းမယ်။ ဒါပေမယ့် နမ့်ဆန်မြို့လိုဒေသကျတော့ သွားလာရခက်ခဲတဲ့အတွက် သက်ဆိုင်ရာက ချိတ်ဆက်ပေးမှုအရ တိုက်ရိုက်လှူဒါန်းသွားဖို့ စီစဉ်ထားပါတယ်။ လပွတ္တာမြို့ကိုလည်း ကိုယ်တိုင်သွားရောက်လှူဒါန်းသွားမှာပါ"ဟု ပြောသည်။

မီးဘေးသင့်ပြည်သူများအတွက် လှူဒါန်းလိုပါက ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ဖွင့်လှစ်ထားသော ဦးစီးမှူးရုံးတို့တွင်လည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

# လမ်းသစ်လမ်း လူကူးခုံးကျော်တံတားသစ် ဖြတ်သန်းခွင့်ပြု

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်မြို့ ကမ်းနားလမ်းသစ်၊ လမ်းဟောင်း၊ မဟာဗန္ဓုလလမ်းမ သုံးလမ်းဖြတ်တည်ဆောက်ထားသော လူကူး ခုံးကျော်တံတားသစ်အား ဖေဖော်ဝါရီ ၄ ရက် နံနက် ၇ နာရီမှ စ၍အများပြည်သူ စတင်ဖြတ်သန်းသွားလာခွင့်ပြုသည်ကို မြင်တွေ့ရသည်။

ရန်ကုန်ဆိပ်ကမ်းဘက်မှ တံတားပေါ်သို့အတက် တံတားလျှောက်လမ်းပေါ်တွင် မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်း/တံတားဌာနနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက တံတားပေါ်မှ စတင်ဖြတ်သန်းသူများအား ဖွင့်ပွဲအထိမ်းအမှတ်စာတမ်းပါ မျက်နှာသုတ်ပဝါ အဖြူတစ်ထည်စီ ပေးအပ်သည်ကို မြင်တွေ့ရသည်။

အဆိုပါ လူကူးခုံးကျော်တံတားသစ်သည် ရန်ကုန်မြို့တွင် ပထမဆုံး ကားလမ်းသုံးလမ်းဖြတ် တံတားဖြစ်ပြီး အရှည် ၂၇၂ ပေ၊ လူသွားလမ်းအကျယ် ၁၁ ပေရှိကာ ကားလမ်းမှ ကင်းလွတ်အမြင့် ၄ ဒသမ ၅ မီတာ (၁၄ ဒသမ ၉ ပေ)ရှိသည်ဟု သိရသည်။ ရန်ကုန်ဆိပ်ကမ်းဘက်မှ အတက်နှင့် မဟာဗန္ဓုလလိုင်းကားမှတ်တိုင်မှ အတက်လှေကားတို့တွင် စက်လှေကား တစ်စင်းစီပါရှိသည်။ လမ်းသစ်လမ်းဘက်မှ အတက်/အဆင်းလှေကားတွင်မူ စက်လှေကားတပ်ဆင်ထားခြင်းမရှိဘဲ တံတားတစ်ခုလုံး ပေါင်းမိုးသဏ္ဌာန်အမိုးခုံးပါရှိသည်။

ယနေ့ မေတ္တာလက်ဆောင်ပေးသော မျက်နှာသုတ်ပဝါအဖြူများကို ရန်ကုန်တစ်ဖက်ကမ်း ကမာကဆစ်၊ ဆိပ်ကြီးခနောင်တိုတို့မှ ရန်ကုန်ဘက်သို့ အလုပ်လာဆင်းသူအများစု လက်ခံရရှိသည်ကို မြင်တွေ့ရသည်။ တံတားပေါ်သို့ တက်ရောက်ဖြတ်သန်းသူများသဖြင့် ၁၅ မိနစ်အတွင်း လက်ဆောင်ပေးသည့်ပစ္စည်းများ ကုန်သွားသည်ဟု ယင်းတံတားအနီး ဈေးရောင်းသူတစ်ဦးက ဆိုသည်။

လမ်းမတော်မြို့နယ်တွင် လမ်းသစ်လမ်းဆုံအနီး ဗိုလ်ချုပ်လမ်းဖြတ် ၁၇ ပေ လူကူးခုံးကျော်တံတားတစ်စင်း တည်းသာ နှစ်အတန်ကြာရှိနေရာမှ ယခုအခါ ကားလမ်းသုံးလမ်းဖြတ် ရန်ကုန်မြို့တွင် လက်ရှိအရှည်ဆုံး လူကူးခုံးကျော်တံတားတစ်စင်း ထပ်မံမြင်တွေ့လာရသည်။ ထို့ပြင် လမ်းမတော်နှင့် အနော်ရထာလမ်းဆုံတွင်လည်း အဆိုပါ လမ်းဖြတ်များ တည်ဆောက်နေသော လူကူးခုံးကျော်တံတားလုပ်ငန်းခွင်ကိုလည်း မြင်တွေ့ရသည်။

ကမ်းနားလမ်းမသစ်တွင် ကုန်တင်ယာဉ်ကြီးများ အရှိန်ပြင်းစွာမောင်းနှင်မှုများရှိတတ်ရာ မကြာခဏ ယာဉ်အန္တရာယ်ဖြစ်လေ့ရှိသည်။ အလားတူ နှစ်လမ်းမောင်းကမ်းနားလမ်းမဟောင်းတွင်လည်း ယာဉ်တိုက်မှုကြောင့် သေဆုံး၊ ထိခိုက်မှုများ မကြာခဏဖြစ်တတ်သည်။ မဟာဗန္ဓုလလမ်းပေါ်ရှိ လမ်းသစ်လမ်းဆုံ လိုင်းကားမှတ်တိုင်ဝန်းကျင်တွင် လိုင်းကားမျိုးစုံဖြင့် ရှုပ်ထွေးနေတတ်သည်။

ယင်းသို့ လမ်းဖြတ်ကူးသူများအတွက် ဘေးအန္တရာယ်ရှိသော ကားလမ်းမ သုံးလမ်းဖြတ်သန်းရာတွင် ဘေးအန္တရာယ်ကင်းရန် အမိုးပါသည့် စက်လှေကားနှစ်စင်း ပါရှိသော တံတားသစ်ပေါ်မှ ဖြတ်သန်းအသုံးပြုရန်လိုအပ်ကြောင်း ယင်းနေရာအနီး ဈေးရောင်းသူ ကိုသန့်စင်က ဆိုသည်။

**(မောင်စေအောင်)**

■

# စစ်ကိုင်းတိုင်းဒေသကြီး လူမှုဖူလုံရေး ခရိုင်ရုံးနှင့် ခရိုင်ဆေးခန်းဖွင့်ပွဲကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၆**

အလုပ်သမားများကျန်းမာရေးကောင်းမွန်တိုးတက်စေပြီး အလုပ်လုပ်ကိုင်နိုင်သည့် စွမ်းအားမြင့်မားကာ ကုန်ထုတ်လုပ်မှုတိုးတက်စေရန်အတွက် လူမှုဖူလုံရေးအဖွဲ့၏ "စုပေါင်းခြင်းဖြင့် ဖူလုံအံ့" ဆောင်ပုဒ်နှင့်အညီ အလုပ်ရှင်ထည့်ဝင်ကြေး၊ အလုပ်သမားထည့်ဝင်ကြေး၊ နိုင်ငံတော်၏ ထောက်ပံ့ထည့်ဝင်ငွေများဖြင့် အာမခံအလုပ်သမားများ မမာမကျန်းမှု၊ မီးဖွားမှု၊ သေဆုံးမှု၊ အလုပ်ခွင်ထိခိုက်ဒဏ်ရာရမှု စသည့် လူမှုဒုက္ခများကြုံတွေ့ရာတွင် အခက်အခဲမရှိစေရန် ဆောင်ရွက်ပေးမည့်လူမှုဖူလုံရေး စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ ခရိုင်ရုံးနှင့် ခရိုင်ဆေးခန်းဖွင့်ပွဲကို မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ အဆိုပါရုံးရှေ့၌ ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားမှူးဦးအား စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်နှင့် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်တို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးပြီး ရုံးသစ်အဆောက်အအုံအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

"အာမခံထားတဲ့ အလုပ်သမားတွေ ကျန်းမာရေး၊ လုပ်ငန်းခွင်ထိခိုက်မှုတွေဖြစ်တဲ့အခါမှာ ရုံးအနေနဲ့ ငွေကြေးရပိုင်ခွင့်တွေကို ဆောင်ရွက်ပေးတယ်။ နေမကောင်းလို့ ခရိုင်ဆေးခန်းကိုလာပြတဲ့ အလုပ်သမားတွေ ကျန်းမာရေးအခြေအနေအရ အနားယူရရင် လုပ်အားခရဲ့ ၆၀ ရာခိုင်နှုန်း၊ မီးဖွားခွင့် အလုပ်သမားအမျိုးသမီးဆိုရင် လုပ်အားခ ၇၀ ရာခိုင်နှုန်း၊ မီးဖွားစရိတ် ၂၅ ရာခိုင်နှုန်းကို ရုံးကဆောင်ရွက်ပေးတယ်။ ဆေးခန်းက ရုံးဖွင့်ရက် နံနက် ၉ နာရီခွဲကနေ ညနေ ၄ နာရီခွဲအထိ ဆရာဝန်တစ်ဦး၊ သူနာပြု တစ်ဦး၊ အကူသူနာပြုတစ်ဦးတို့နဲ့ အခမဲ့ကုသပေးနေတယ်။ ရုံးချိန်ပြင်ပမှာဆိုရင်တော့ ဆေးရုံကြီးတွေမှာသွားပြလို့ရတယ်။ ကုန်ကျစရိတ်ကို ရုံးကပြန်ထုတ်ပေးတယ်။ အရေးကြီးကုသဖို့လိုတဲ့ အလုပ်သမားလူနာတွေကိုတော့ မြန်မာပြည်အထက်ပိုင်းအတွက် မန္တလေးအလုပ်သမားဆေးရုံကြီးမှာ အခမဲ့တက်ရောက်ကုသနိုင်ပါတယ်"ဟု တိုင်းဒေသကြီး အလုပ်သမားဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းနွယ်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလုပ်အကိုင်ဌာန ၁၅၇၄ နေရာရှိပြီး အာမခံထားရှိသည့် အလုပ်သမားစုစုပေါင်း ၂၇၃၅၅ ဦးရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်လူမှုဖူလုံရေးရုံးများအား ကသာ၊ ရွှေဘို၊ ကောလင်း၊ မုံရွာ၊ စစ်ကိုင်းနှင့် ကလေးမြို့များတွင် ဖွင့်လှစ်ထားပြီး မုံရွာမြို့တွင် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ရုံးများကို ယနေ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# နိုင်ငံခြားသားများ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြ



**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်(မြောက်ပိုင်း)ခရိုင် မင်္ဂလာဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံခြားသားများ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များရှင်းလင်းခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံစက်မှုဇုန်ရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုင်းဘုန်းတင့်၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာဦးခင်ရွှေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးတို့က အမှာစကားများပြောကြားသည်။

ထို့နောက် (မြောက်ပိုင်း)ခရိုင်ဦးစီးမှူး ဦးရဲရင့်ထွန်းနှင့် မြို့နယ်ဦးစီးမှူး ဦးသန်းဦးတို့က နိုင်ငံခြားသားများဥပဒေနှင့်ပတ်သက်သည့် ပြည်ဝင်ဗီဇာအမျိုးမျိုးကိစ္စ၊ နေခွင့်သက်တမ်းကိစ္စ၊ နိုင်ငံခြားသားရောက်ရှိ သတင်းပို့စနစ် Form-C တိုင်ကြားရန်ကိစ္စ၊ နေခွင့်သက်တမ်းကျော်လွန်နေထိုင်မှု (Over stay) ကိစ္စ၊ ပြည်ပြန်ဝင်ခွင့်လျှောက်ထားခြင်းကိစ္စ၊ ဗီဇာစည်းကမ်းနှင့်အညီနေထိုင်ရေးကိစ္စ၊ ဗီဇာစည်းကမ်းဖောက်ဖျက်ကျူးလွန်ပါက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကို အကျယ်တဝင့်ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများက မရှင်းလင်းသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

**(ဌေးကြိုင်)**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၂၈ ရုံဖြင့် ထုတ်လွှင့်ပေးလျက်ရှိ

**စစ်ကိုင်း ဖေဖော်ဝါရီ ၆**

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ဆောင်ရွက်ချက်များ၊ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူတစ်ရပ်လုံး၏ ပကတိ ဖြစ်ရပ်မှန်အခြေအနေများ၊ လိုလားချက် တင်ပြချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပေါင်း ၂၈ ရုံ တည်ဆောက်ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

"ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးစတဲ့ ပညာပေးအစီအစဉ်တွေနဲ့ ပညာပေးသလို အများပြည်သူ စိတ်လက်အပန်းပြေစေဖို့ ဇာတ်လမ်းရုပ်ရှင်တွေ ထုတ်လွှင့်ဖျော်ဖြေပေးတာ ခေတ်အလိုအရ ပြည်သူတွေကျေနပ်ကြတာ တွေ့ရပါတယ်။ မြို့တွေမှာ ရုပ်ရှင်ရုံတွေ မရှိတော့တာများတော့ ကဏ္ဍစုံလွှင့်ပေးတဲ့ ရုပ်သံလိုင်းတွေကနေ စောင့်ကြည့်ကြတာများပါတယ်"ဟု မုံရွာဒေသခံ ရုပ်သံပရိသတ်တစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၂၈ ရုံတွင် မုံရွာစက်ရုံကို ၁၉၉၆ ခုနှစ်က စတင်၍ အဆောက်အအုံဆောက်လုပ်ခြင်း၊ တာဝါတိုင်ထူခြင်း၊ စက်ပစ္စည်းများ တပ်ဆင်ခြင်းများ ဆောင်ရွက်ကာ ၁၉၉၇ ခုနှစ် ဇွန်လမှစတင်၍ ပုံမှန်ထုတ်လွှင့်ပေးခဲ့ကြောင်း သိရသည်။ ယခင်က တစ်ရက်လျှင် နံနက် ၇ နာရီမှ နံနက် ၁၁ နာရီထိ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ည ၁၁ နာရီခန့်ထိ တစ်ကြိမ် ထုတ်လွှင့်လျက်ရှိရာမှ ၂၀၁၄ ခုနှစ် ဧပြီ မှစတင်၍ VB-T2(DIGITAL) စနစ်ဖြင့် နံနက် ၆ နာရီမှ ည ၁၂ နာရီကျော်အထိ ရုပ်မြင်သံကြားရှစ်လိုင်းကို တစ်ဆက်တည်း ထုတ်လွှင့်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ အခမဲ့ ရုပ်သံလိုင်း ၁၄ လိုင်း တိုးချဲ့ထုတ်လွှင့်ပေးနိုင်ခဲ့ရာ MRTV အစီအစဉ်မှာ သတင်းများသာ ထုတ်လွှင့်သည့် News Channelအဖြစ်သာ ရှိနေမည်ဖြစ်ပြီး MRTV Entertainment အစီအစဉ်မှာ ဖျော်ဖြေရေးအစီအစဉ်များကို ထုတ်လွှင့်သည့်အပြင် စနေ၊ တနင်္ဂနွေနေ့များတွင် နိုင်ငံခြားဘောလုံးပွဲများကို အခမဲ့ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ အခမဲ့ဒစ်ဂျစ်တယ် ရုပ်သံလိုင်း ၁၄ လိုင်းကို DVB-T2Set Top Box များဖြင့်လည်းကောင်း၊ အခြားဈေးကွက်အတွင်းရှိ T2SetTop Box များဖြင့်လည်းကောင်း၊ T2 Tunner ပါသော မှန်ပြား TV များဖြင့်လည်းကောင်း၊ UHF အင်တာနာဘားအသေးများဖြင့်လည်းကောင်း တိုက်ရိုက်ဖမ်းယူကြည့်ရှုနိုင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဆန်၊ စပါးဈေးနှင့်အတူ ဆန်ထွက်ပစ္စည်းများပါ ဈေးနှုန်းမြင့်တက်လျက်ရှိ

**မြန်အောင် ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ရေကြီးနစ်မြုပ်မှုများကြောင့် စပါးအထွက်နည်းသဖြင့် ယခုနှစ် ပွင့်လင်းရာသီစပါးပေါ်ခါစကပင် စပါးဈေးမှာ တင်းတစ်ရာလျှင် ကျပ်ငါးသိန်းခွဲဝန်းကျင်ဖြင့် ဈေးစခဲ့ကြောင်း၊ စပါးဈေးကောင်းခဲ့သဖြင့် စပါးရရှိသည့် တောင်သူလယ်သမားများမှာ အဆင်ပြေခဲ့ကြောင်း၊ စပါးစပေါ်ချိန်မှ တစ်လလောက်အကြာအထိ စပါးဈေးမှာ လက်ရှိပေါက်ဈေးတွင် အရောင်းအဝယ်ဖြစ်နေကြောင်း တောင်သူတစ်ဦးက ပြောသည်။

"အခုဆိုရင် မြန်အောင်က စပါးကုန်သည်တွေသာမက ဟင်္သာတဘက်က ကုန်သည်တွေပါ ဆင်းလာပြီး စပါးဝယ်ကြတော့ ကွင်းကပျက်သွားပြီး စပါးကဝယ်လို့ မကောင်းတော့ဘူး" ဟု စပါးပွဲစားတစ်ဦးက ပြောသည်။

စပါးဝယ်လိုအားမှာ ကျသွားခြင်းမရှိဘဲ ဆက်လက်စပါးဈေးတည်မြဲနေပြီး ကျပ်ခြောက်သိန်းဝန်းကျင်ခန့်အထိဖြစ်လာရာမှ ဇန်နဝါရီလလယ်လောက်တွင် စပါးအဝယ်အေးသွားကာ စပါးဈေးကျပ်ငါးသိန်းခွဲဝန်းကျင်ပြန်ဖြစ်သွားကြောင်း၊ ဆန်အရောင်းအဝယ်လည်း ပြန်လည်အေးသွားပြီး ဖွဲ့နုဈေး၊ ဆန်ကွဲဈေးများမှာ မြင့်တက်လာကြောင်း ကုန်သည်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

"ဆန်အရောင်းအဝယ် အေးသွားတော့ စပါးလာကြိတ်တဲ့ ကုန်သည်ပါးသွားတယ်။ ဇန်နဝါရီလကုန်လောက်အထိ စက်ထဲမှာရှိတဲ့ လက်ကျန်စပါးတွေကိုသာ ကြိတ်ခဲ့နေရပြီး ဖေဖော်ဝါရီလဆန်းပိုင်းမှာ အရောင်းအဝယ် ပြန်လိုက်လာတယ်။ စပါးဈေးလည်း ကျပ်ခြောက်သိန်းဝန်းကျင်ကို ပြန်တက်လာပြီး ဆန်တွေလည်း တစ်အိတ်ကို ကျပ်တစ်ထောင်ငါးရာလောက် ဈေးပြန်မြင့်သွားတော့ အရောင်းအဝယ်ပြန်ဖြစ်လာတယ်" ဟု ဆန်စက်ပိုင်ရှင်တစ်ဦးက ပြောသည်။



ယခု ဖေဖော်ဝါရီလဆန်းပိုင်းတွင် ယခင် ပေါင် ၇၀ တစ်အိတ်ကို ကျပ်ခြောက်ထောင့်ငါးရာ ဝန်းကျင်ဖြစ်နေသည့် ဖွဲ့နုဈေးမှာ ယခုရက်ပိုင်းတွင် ကျပ် ၈၀၀၀ အထိ ဈေးမြင့်တက်သွားကြောင်း၊ နွားမွေးသူများ၊ ကြက်မွေးမြူရေးသမားများအနေဖြင့် ဖွဲ့နုဈေးကြီးမြင့်မှုကြောင့် တွက်ခြေမကိုက်တော့ဟု မွေးမြူရေးသမားများက ပြောနေကြသည်။

"ဒီအတိုင်းသာ စပါးဈေး၊ ဆန်ဈေးက ဆက်တက်နေမယ်ဆိုရင် နွေစပါးကိုမျှော်ပြီး လက်လုပ်လက်စားတွေ စားကြရတော့မှာ။ မိုးနှောင်းကာလမှာ စပါးဈေးက ဘယ်လောက်အထိ ဖြစ်သွားမလဲဆိုတာ ခန့်မှန်းလို့မရဘူး"ဟု ဆန်စပါးရောင်းဝယ်သူတစ်ဦးက ပြောသည်။

**နေဝင်းဇော်(မြန်အောင်)**

# ကန့်ဘလူ-ကျွန်းလှဒေသ၌ အထက်မြန်မာပြည် ဗုဒ္ဓတက္ကသိုလ် တည်ဆောက်မည်

**ကျွန်းလှ ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူ-ကျွန်းလှဒေသ၌ အထက်မြန်မာပြည် ဗုဒ္ဓတက္ကသိုလ်တည်ဆောက်မည်ဖြစ်ကြောင်း သီတဂူစက္ခုဒါနဆေးရုံတော်ခန်းမ၌ ပြုလုပ်သည့် ကျွန်းလှမြို့နယ် ပထမအကြိမ် သံဃာ့အစည်းအဝေးဆုံးဖြတ်ချက်အရ သိရသည်။

စစ်ကိုင်းမြို့ IBEC ဆရာတော်အရှင်သောဘိတ က ကန့်ဘလူ-ကျွန်းလှဒေသ၌ အထက်မြန်မာပြည် ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရန်သင့်ပါကြောင်း၊ အထက်မြန်မာပြည်၌ စာသင်တိုက်ကြီးများရှိသော်လည်း နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သော ဗုဒ္ဓဘာသာပညာရေးဌာနတစ်ခုဖြစ်လာစေရန်၊ အထက်မြန်မာပြည်ရှိ ရဟန်းသံဃာတော်များ ပိဋကတ်စာပေကို ခေတ်ပညာနှင့်ယှဉ်တွဲသင်ကြားနိုင်ရန်၊ အခြားသောနိုင်ငံရပ်ခြား တက္ကသိုလ်များကဲ့သို့ ငွေကြေးဖြင့်လေ့လာသင်ယူစရာမလိုဘဲ နိုင်ငံတကာ အဆင့်ပညာရပ်များကို လေ့လာသင်ယူနိုင်ရန်၊ အထက်မြန်မာပြည်၌ နိုင်ငံတကာနှင့်ယှဉ်သော မြတ်ဗုဒ္ဓသာသနာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါကြောင်း ပထမအကြိမ် သံဃာ့အစည်းအဝေးတွင် တင်ပြလျှောက်ထားချက်အရ သိရသည်။

ကျွန်းလှမြို့နယ် သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုန္တက၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခ (မဟာဌာနမှူး) ငါးကျမ်းပြန်ဆရာတော် ဒေါက်တာခမ္မပိယတို့အား အမှူးပြု၍ သံဃာတော်အရှင်သူမြတ် (၂၅)ပါး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ ပါဝင်ဆွေးနွေးသည့် ယင်းအစည်းအဝေးတွင် အထက်မြန်မာပြည်ဗုဒ္ဓတက္ကသိုလ်ကို မြေဧရိယာ ၃၀ ဒသမ ၀၇ ဧကပေါ်တွင် ဓမ္မဝိနယနှင့်အညီ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အထက်မြန်မာပြည် ဗုဒ္ဓတက္ကသိုလ်တည်ဆောက်ရန် ပါဝင်လှူဒါန်းလိုပါက ဦးသန်းထွန်း အထက်မြန်မာပြည် ဗုဒ္ဓတက္ကသိုလ်တည်ဆောက်ရေးကော်မတီ ကျွန်းလှမြို့ ဖုန်း ၀၉-၄၀၂၅၆၃၁၁၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# မူဆယ်၌ လုပ်ငန်းလိုင်စင်များ ဈေးပြိုင်ရောင်းချ

**မူဆယ် ဖေဖော်ဝါရီ ၆**

မူဆယ်မြို့နယ် မန့်ဟီးရိုးမြို့နယ်ခွဲနှင့် မုံးကိုးမြို့နယ်ခွဲ စည်ပင်သာယာရေးကော်မတီတို့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် ပထမနေ့ လေလံတင်ရောင်းချပွဲ အခမ်းအနားကို မူဆယ်မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် စည်ပင်သာယာရေး ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

လေလံရောင်းချရေးအဖွဲ့ဥက္ကဋ္ဌ မူဆယ်မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်က အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များနှင့် ပတ်သက်၍ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ လေလံစုစုပေါင်း ၃၅ ခုတွင် ပထမအကြိမ် လေလံ ၂၄ ခုကို နံနက် ၁၀ နာရီတွင် စတင်ရောင်းချခဲ့သည်။ ဒုတိယအကြိမ်တွင် ကျန်လေလံ ၁၁ ခုကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ထပ်မံရောင်းချမည်ဖြစ်သည်။ **ဆရာမောင်(မူဆယ်)**

# ပြုံးပန်းဝေဆာနေသော ကျေးလက်လုံမေများ



**ရန်ကုန် ဖေဖော်ဝါရီ ၆**

စာရေးသူတို့အဖွဲ့သည် ရန်ကုန်မှ သန်လျင်တံတားကြီးကို ဖြတ်သန်း၍ ကျိုက်မှော်ဝန်းရေလယ်ဘုရားရှိရာ ကျောက်တန်းမြို့မှတစ်ဆင့် ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖြစ်သည့် အခြေခံစက်ချုပ်သင်တန်း(မော်တာ) ဖွင့်လှစ်နေသည့် တံတားမြို့နယ်ခွဲ စင်မကော်ကျေးရွာသို့ ယခင်က ရေလမ်းဖြင့်သွားလာနိုင်ခဲ့ပြီး ယခု မှော်ဝန်းတံတားတည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် အချိန်တိုတိုဖြင့် မော်တော်ယာဉ်ဖြင့် သွားနိုင်ခဲ့သည်။

ယင်းတံတားကြောင့် ကျေးလက်နေပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစစအရာရာ အဆင်ပြေမှုများကို တွေ့မြင်ရသဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရည်မှန်းချက်ဖြစ်သော စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ရည်မှန်းချက်တစ်ခုဖြစ်လို့ ဝမ်းသာပီတိဖြစ်ခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် ကျေးလက်နေလုံမေများ အိုးမကွာအိမ်မကွာဖြင့် အခြေခံစက်ချုပ်သင်တန်း(မော်တာ)ကို တံတားမြို့နယ်ခွဲနှင့် စင်မကော်ကျေးရွာတွင် နိုင်ငံတော်စရိတ်ဖြင့် သင်ကြားမှုအထောက်အကူပစ္စည်းများ အခမဲ့ခွင့်ပြုသင်ကြားပေးလျက်ရှိသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လမှ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့သည့်အတွက် ကျေးလက်လုံမေ ၁၈၀ ကျော် မော်တာစက်ချုပ်ပညာ တတ်ကျွမ်းခဲ့ပြီးဖြစ်သည်။ တချို့က သီလဝါအထူးစီးပွားရေးစက်မှုဇုန် အထည်ချုပ်စက်ရုံများတွင် ဆောင်ရွက်လုပ်ကိုင်နေကြသလို အချို့မှာလည်း မိမိကျေးရွာများတွင် အပ်ထည်များလက်ခံချုပ်ပေးနိုင်သည့်အတွက် မိသားစု စီးပွားရေးချောင်လည်လာသည်ကို တွေ့မြင်ရသည့်အတွက် ပြောမပြနိုင်အောင် ဝမ်းသာပီတိဖြစ်ရသည်။

ကျေးလက်နေ လုံမေများအတွက် စီးပွားတိုးတက် ဝင်ငွေတိုးရန်အတွက် အချိန်တိုတိုနှင့် အကျိုးရှိစေသည့် စက်ချုပ်ပညာများကို တတ်မြောက်ခွင့်ရခဲ့၍ အပြုံးပန်းများဝေဆာနေသလို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Quick Win Result ကို ရရှိအောင်ဆောင်ရွက်နိုင်ခဲ့ပြီး လက်ရှိတွင်လည်း စင်မကော်ကျေးရွာ (learning Centre) တွင် သင်တန်းနည်းပြများ၊ ကျေးလက်လုံမေများမှ အပ်ထည်များ လက်ခံချုပ်ပေးနေပါကြောင်း ပြည်သူများ မုဒိတာပွားများနိုင်ရန် ရေးသားတင်ပြလိုက်ပါသည်။ ။

**အေးအေးကြူ**



# ကလေးငယ်များဘက်စုံဖွံ့ဖြိုးရေး မူကြိုကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မူလတန်းကြိုကျောင်းများ၏ ၂၀၁၅-၂၀၁၆ ခုနှစ် မူကြိုကျောင်းပေါင်းစုံ စွမ်းရည်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက် ၈ နာရီခွဲက ဗဟန်းမြို့နယ် အမှတ်(၂၂) ကမ္ဘောဇလမ်းရှိ အမှတ်(၁) မူလတန်းကြိုကျောင်း၌ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တိုင်းဒေသကြီး လူမှုဝန် ထမ်းရုံး ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မူကြိုကျောင်းပေါင်းစုံမှ ရင်သွေးငယ်များ ကာယစွမ်းရည်ပြိုင်ပွဲများကို အားကစားနည်းအလိုက် ကျင်းပပြီး**(အပေါ်ပုံ)** ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ရင်သွေးငယ်များအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲကို ကလေးငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရန်၊ မိမိကိုယ်မိမိ အားကိုး၍ ရဲစွမ်းသတ္တိရှိစေရန်၊ ပင်ကိုအရည်အသွေးများ မြင့်မားတိုးတက်လာစေရန်၊ စနစ်တကျယှဉ်ပြိုင်မှု အလေ့အကျင့်ကောင်းများရရှိလာစေရန်နှင့် ကလေးသူငယ်များကို ပြုစုပျိုးထောင်လေ့ကျင့်ပေးရာ၌ ကျောင်းများမှ ညီညွတ်စွာ ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း အမှတ်(၁) မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်နွယ်က ပြောသည်။**သတင်းနှင့်ဓာတ်ပုံ - ဇော်မင်းလတ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များတွင် ပြည်သူ့စာကြည့်တိုက်များဖွင့်

**စစ်ကိုင်း ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်သူများ စာအုပ်စာပေ အခမဲ့ ငှားရမ်းဖတ်ရှုနိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခရိုင်ရုံး ကိုးရုံး၊ မြို့နယ်ရုံး ၂၈ရုံးနှင့် မြို့ရုံး ကိုးရုံး စုစုပေါင်း ၄၆ ရုံးတို့တွင် ပြည်သူ့ဗဟိုပြု၊ ပြည်သူ့အကျိုးပြု ပြည်သူ့စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးထံမှ သိရသည်။

"ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဟာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နဲ့ အများပြည်သူ အသိပညာဗဟုသုတတိုးစေရန် ခရိုင်၊ မြို့နယ်နဲ့ မြို့နယ်ခွဲရုံးတွေမှာရှိတဲ့ ပြည်သူ့စာကြည့်တိုက်တွေ၊ ရပ်ကွက်နဲ့ ကျေးရွာစာကြည့်တိုက်တွေကို ထူထောင်ဖွင့်လှစ်ပေးနေပါတယ်။ ဝန်ထမ်းတွေအနေနဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ၊ ဌာနဆိုင်ရာတွေ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီး နယ်လှည့်ကွင်းဆင်းကြရာမှာ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးစသည့် ပညာပေး ဟောပြောပွဲတွေ ပြုလုပ်ပါတယ်။ ဒါ့အပြင် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲတွေပြုလုပ်ပြီး စာပေရေချမ်းစင်ထားပေးကာ PDLS စက်တပ်ဆင်ပေးထားပါတယ်။ အများစိတ်ဝင်စားတဲ့ WiFi အခမဲ့အသုံးပြုနိုင်အောင် အင်တာနက်တပ်ဆင်ထားပါတယ်" ဟု တိုင်းဒေသကြီး ပြန်/ဆက်ဦးစီးမှူး ဦးဝင်းမြိုင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘို၊ ကသာ၊ ကလေး၊ တမူး၊ မော်လိုက်နှင့် ခန္တီးခရိုင်များတွင် စာပေရေချမ်းစင်အကြီး(Book Corner) ၁၀လုံးနှင့် စာပေရေချမ်းစင် (Mini Book Corner) ၅၄၈လုံးကို ထားရှိပေးထားကြောင်း သိရသည်။

အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ရန် ခရိုင်ကိုးခုတွင် ၂၀၁၁-၂၀၁၂ခုနှစ် ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ခြင်းကို နိုင်ငံတော်က ၅၇ လုံးနှင့် စာကြည့်တိုက်များဖောင်ဒေးရှင်းက ခုနစ်လုံး စုစုပေါင်း ၆၄ လုံး၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်ကအလုံး ၆၀၊ ဖောင်ဒေးရှင်းက ရှစ်လုံး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က အလုံး ၅၀ စုစုပေါင်း ၁၁၈လုံး၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဖောင်ဒေးရှင်းက ၁၄လုံး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ၇၆ လုံး စုစုပေါင်း အလုံး ၉၀နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်က၂၅ လုံး၊ ဖောင်ဒေးရှင်းက ၁၈လုံး စုစုပေါင်း ၄၃ လုံး ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ခရိုင်ကိုးခုရှိ ကျေးလက်နေပြည်သူများ သတင်းအချက်အလက်များကို လေ့လာသိရှိနိုင်ရန် Sky Net ရုပ်သံဖမ်းစက်အစုံ ၄၀၀၊ ၃၂ လက်မ Samsung LED TV ၃၇၅ လုံးတို့ကို ကျေးရွာ စာကြည့်တိုက်များတွင် တပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီး၍ ခရိုင်ကိုးခုနှင့် မြို့နယ်အသီးသီးမှ ပြန်/ဆက်ဝန်ထမ်းများသည် နယ်လှည့်ပညာပေးလုပ်ငန်းဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်ဝေငှခြင်း၊ နံရံကပ်ပြပွဲများကျင်းပခြင်း၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများကို ဒေသခံများနှင့် ပူးပေါင်းကျင်းပခဲ့ကြောင်း သိရသည်။

**(မျိုးဝင်းထွန်း)**

# ဒုတိယမြောက် တစ်ကိုယ်တော်ခွေမှာ ကိုယ်တိုင်ရေးသီချင်းတွေ များများပါမယ်ဆိုတဲ့ ဝိုင်းလေး



မင်းလှသား

**မြန်မာဂီတချစ်ပရိသတ်များ နှစ်သက်အားပေးကြသည့် "အိပ်မက်ဆုံရာ" အစီအစဉ်၏ ပြိုင်ပွဲဝင်တစ်ဦးဖြစ်ခဲ့ပြီး နိုင်ငံတကာအလှမယ်ပြိုင်ပွဲတစ်ခုဖြစ်သည့် *Miss World* ပြိုင်ပွဲကြီး၌လည်း မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ပထမဦးဆုံးပါဝင်ယှဉ်ပြိုင်ခဲ့သော အလှမယ် ဝိုင်းလေးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကြေးမုံပရိသတ်ကြီးထံ ဝေမျှလိုက်ရပါသည်-**



**ဝိုင်းလေးရဲ့ လတ်တလော အနုပညာလှုပ်ရှားမှုတွေအကြောင်း ပြောပြပေးပါ-**

လတ်တလော တေးဗီဒီယိုတွေတောက်လျှောက်ရိုက်ဖြစ်နေတယ်။ မဂ္ဂဇင်းတွေရဲ့ ဖက်ရှင်ကဏ္ဍတွေအတွက် ရိုက်ဖြစ်တယ်။ နယ်ရှိုးတွေ လက်ခံထားတာရှိပါတယ်။ ဖြူး၊ ပြင်ဦးလွင်နဲ့ လမိုင်း ဘုရားပွဲတွေမှာ သွားရောက်ဖျော်ဖြေဖို့ ရှိပါတယ်။ နယ်ရှိုးဆိုမယ့်ရက်ရယ် တေးဗီဒီယိုအတွက် ပြင်ဆင်တာရယ်ကို ညှိပြီးလုပ်ဆောင်ပါတယ်။ အားတဲ့ရက်တွေမှာတော့ မဂ္ဂဇင်းဖက်ရှင်ကဏ္ဍအတွက် ရိုက်ဖြစ်ပါတယ်။

**သရုပ်ဆောင်လုပ်ဖို့အစီအစဉ်ရောရှိလား-**

လောလောဆယ် သရုပ်ဆောင်ပိုင်းအတွက် ထွေထွေထူးထူး မရှိသေးဘူး။ ထွက်ထားတဲ့ ဝိုင်းလေးရဲ့ တစ်ကိုယ်တော်ခွေမှာတော့ သရုပ်ဆောင်ထားပါတယ်။ ကိုယ်တိုင်ခံစားရေးဖွဲ့ထားတဲ့ သီချင်းတွေမှာ ကိုယ့်ရဲ့အသံ၊ ကိုယ့်ရဲ့ ကိုယ်ဟန်အမူအရာနဲ့ သရုပ်ဆောင်ထားပါတယ်။ တေးဗီဒီယိုမှာ သရုပ်ဆောင်တာနဲ့ ရုပ်ရှင်သရုပ်ဆောင်တာ မတူဘူး။ တေးဗီဒီယိုသရုပ်ဆောင်တာက တချို့အခန်းတွေမှာ စကားပြောတာမပါဘူး။ ခံစားမှုနဲ့ပဲ သရုပ်ဆောင်ရတယ်။ ဝိုင်းလေးအတွက်တော့ ပိုပြီး လွယ်ကူတယ်။

**ဂီတနဲ့ပတ်သက်ပြီး ခွေထပ်ထွက်ဖို့ရှိလား-**

လတ်တလောတော့ အဖွဲ့လိုက်ခွေလုပ်နေတာရှိတယ်။ အဲဒီခွေမှာလည်း ကိုယ်တိုင်ရေးထားတဲ့သီချင်းတွေပါတယ်။ ဝိုင်းလေးရဲ့ ဒုတိယခွေအတွက် သီချင်းတွေ စုနေပါတယ်။ ဒုတိယခွေမှာ နာမည်ကျော်တေးရေးတွေရဲ့ သီချင်းတွေလည်းပါမယ်။ ကိုယ်တိုင်ရေးထားတဲ့ သီချင်းတွေလည်းများမယ်။ အဲဒီခွေအတွက်လည်း ပြင်ဆင်နေပါတယ်။

**ကိုယ်တိုင်သီချင်းရေးတဲ့အကြောင်းလည်း ပြောပါဦး-**

ကိုယ်တိုင်သီချင်းရေးတဲ့အခါ တစ်ခါတလေတော့ နေ့စဉ်သွားလာလှုပ်ရှားရင်း တစ်ခုခုကို ခံစားမိတဲ့အခါ အဲဒီခံစားမှုကို မှတ်စုရေးမှတ်ထားလိုက်တယ်။ ခံစားမှုတစ်ခုကိုအကြောင်းအရာဆက်စပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စာသားတစ်ခုကို ရေးမှတ်ထားလိုက်တယ်။ ပတ်ဝန်းကျင်မှာ တွေ့တာ၊ မြင်တာ၊ ဆိုင်းဘုတ်တွေထဲက စကားလုံးအထူးအဆန်းတွေကအစ မှတ်ထားတယ်။ စာသားတွေအတွက် ရေးမှတ်ထားတဲ့ စကားလုံးတွေထဲကနေ ခံစားမှုတွေအလိုလိုဖြစ်လာတယ်။ အဲဒီလို ခံစားမှုဖြစ်လာတဲ့အခါ စန္ဒယားဖြစ်ဖြစ်၊ ဂီတာဖြစ်ဖြစ်ယူပြီး ကီး(တေးသွား) တစ်ခု တည်လိုက်တယ်။ ပြီးတော့မယ်လိုဒီရှာတယ်။ ရလာတဲ့မယ်လိုဒီမှာ စာသားထည့်တယ်။ တချို့အရာတွေကျတော့ ဖေ့စ်ဘွတ်ခ်ရဲ့ စာမျက်နှာတွေကနေ ပရိသတ်တွေက သူတို့ရဲ့ခံစားမှုတွေကို ရေးထားတာတွေ ဖတ်ဖြစ်တယ်။ အဲဒီခံစားမှုတွေကို ကိုယ်တိုင်ခံစားကြည့်တယ်။ အငှားခံစားတယ်။ အဲဒီကနေ ရလာတဲ့ခံစားမှုကို သီချင်းပြန်ရေးဖြစ်ပါတယ်။

**ဝိုင်းလေးက ဆိုကာရောတီးပြိုင်ပွဲရဲ့ စန္ဒယားတီးပြိုင်ပွဲမှာ ဆုရဖူးတော့ ရှိုးပွဲတွေ၊ အခမ်းအနားတွေမှာ ကိုယ်တိုင်တီးပြီး သီဆိုဖျော်ဖြေဖို့ အစီအစဉ်ရှိလား-**

အဲဒါက ဝိုင်းလေးရဲ့ ရည်ရွယ်ချက်ပါ။ အိပ်မက်လို့လည်းပြောလို့ရတယ်။ အဲဒီလို ဖျော်ဖြေဖို့ နိုင်ငံခြားနဲ့ဆက်စပ်တဲ့ပွဲတွေ၊ အခမ်းအနားတွေ ဖိတ်တာရှိတယ်။ အဲဒီလိုပွဲတွေမှာ ဝိုင်းလေးက နိုင်ငံတကာသီချင်းတွေ ဆိုပေးဖြစ်တယ်။ စန္ဒယားတီးပြီး သီချင်းဆိုဖြစ်တာပါ။ အထူးဖျော်ဖြေတင်ဆက်မှုအနေနဲ့ပါ။

**ကိုယ်ပိုင် အားလပ်ချိန်တွေမှာ ဘာလုပ်ဖြစ်လဲ-**

ဝိုင်းလေးကိုယ်ပိုင်အချိန်မှာ စာအုပ်တွေဖတ်ဖြစ်တယ်။ သီချင်းတွေ နားထောင်ဖြစ်တယ်။ ကိုယ်တိုင်သီချင်းတွေ ဖန်တီးတယ်ဆိုတာလည်း သီချင်းတွေအများကြီး နားထောင်ဖို့ လိုအပ်တယ်။ တခြားနိုင်ငံတကာက သီချင်းတွေလည်း ကိုယ်တိုင်လေ့လာဖြစ်ဖို့ လိုအပ်တယ်။ သီချင်းရေးဖို့ဆိုတာ ကိုယ်တိုင်ခံစားချက်တွေအပြင် စာသားကြွယ်ဝဖို့လိုတယ်။ ဒါ့ကြောင့် စာအုပ်တွေ ဖတ်ရတယ်။ စာအုပ်တွေကတော့ ပုညခင်တို့၊ ဂျူးတို့စာအုပ်တွေ ဖတ်ဖြစ်ပါတယ်။ ဇာတ်လမ်းတွေလည်းကောင်းလို့လေ။ ဝိုင်းလေးအဖို့ အနုပညာဝမ်းစာအတွက်လည်း အထောက်အကူ ဖြစ်တယ်။

**ဝိုင်းလေးက Miss World ပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြုပြီး ပထမဆုံး ပြိုင်ခဲ့တဲ့သူဆိုတော့ ၂၀၁၆ ခုနှစ် ပြိုင်ပွဲဝင်မယ့်သူတွေကို ဘယ်လိုအကြံပြုချင်လဲ-**

Miss World ပြိုင်ပွဲက နိုင်ငံပေါင်း ၁၂၀ ကျော် ပါဝင်ယှဉ်ပြိုင်တဲ့ အလှမယ်ပြိုင်ပွဲကြီးပါ။ အဲဒီပွဲက ပရဟိတအလုပ်နဲ့ ကိုယ့်ရဲ့ ပင်ကိုအရည်အချင်းကို ဦးစားပေးပြိုင်ရတဲ့ပွဲပါ။ ပြိုင်ပွဲဝင်မယ့်သူတွေက အလှအပကတော့ ရှိတယ်။ ပရဟိတနဲ့ ပင်ကိုအရည်အချင်းကို ဦးစားပေးလုပ်ဆောင်တတ်ဖို့၊ ရှိထားဖို့ လိုအပ်ပါတယ်။ ပြိုင်ပွဲပြိုင်ဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုရင် ပရဟိတအလုပ်တွေကို ဖိဖိစီးစီး လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

**ပရိသတ်တွေကို စကားလက်ဆောင်ပါးပေးပါ-**

ဝိုင်းလေး လျှောက်လှမ်းဖို့ ရွေးချယ်ထားတဲ့အလုပ်ကို ဆက်လက်လုပ်ဆောင်သွားမယ်။ ၂၀၁၆ မှာ "selfie" တစ်ကိုယ်တော်ခွေရဲ့ တေးဗီဒီယိုမထွက်ခင် ပရိသတ်ကို လက်ဆောင်တစ်ခု အရင်ပေးဖို့ရှိတယ်။ ထွက်လာတဲ့အချိန်မှာ ဝိုင်းလေး ဘယ်လောက် ကြိုးစားလုပ်ဆောင်ထားတယ်။ဘယ်လို မက်ဆေ့ချ်ပေးမလဲဆိုတာ စောင့်ကြည့်ပေးစေချင်ပါတယ်။ ဝိုင်းလေးလည်းအမြဲကြိုးစားသွားပါမယ်ဆို တာ ပြောချင် ပါတယ်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၇ - ၂ -၂၀၁၆ (တနင်္ဂနွေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ Business NEWS
၈း၃၅ အောင်မြင်သူနှင့်အတူ (ORCHID Hotel ဦးငွေအောင်နှင့် တွေ့ဆုံခြင်း)
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၀း၃၅ ကဗျာရိပ်မြုံ "သပြေသီးကောက်"
၁၁း၁၅ ချစ်သော၏ကမ္ဘာမြေ
၁၁း၃၅ ရွှေ့ပြောင်းအလုပ်သမား အစီအစဉ်
၁၂း၅၀ ဖြူမည်းရုပ်ရှင် "မှုံရွှေရည်"
၆း၁၅ မသန်စွမ်းပေမယ့် စွမ်းသူများအတွက် ထင်ဟပ်ခဲ့သည့် MRTV
၆း၃၀ Graphic
၇း၁၅ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် ဆိုကြမယ်၊ ပျော်ကြမယ် ဆု(၃)ကြိမ်နှင့်အထက်ရရှိသူများ၏ ဖျော်ဖြေမှုအစီအစဉ်
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၀ စတူဒီယိုကွင်းရိုက်ကူးရေးအဖွဲ့ ဘဝအထွေထွေ
၉း၀၀ ပြည်တွင်းသတင်း -ပြည်ထောင်စုဆိုကြမယ်၊ ပျော်ကြမယ်

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -ဝတ်မှုံတေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၅)
၆း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "ပဋိပက္ခ" (ရဲတိုက်၊ ရန်အောင်၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၈း၁၅ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
၈း၃၀ ပြည်သူ့နီတိ "မေတ္တာရောင်ပြန်"
၈း၄၅ ဆိုကြမယ်၊ ပျော်ကြမယ်
၉း၄၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) "နတ်ဖက်တဲ့စုံတွဲများ" ရဲအောင်၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင် ဒါရိုက်တာ-ကိုဇော်(အာရုဏ်ဦး)

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀ "Emotion Management & Mindful Compassion တရားပွဲသင်တန်း" (အပိုင်း-၅) တရားတော်[ပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိ(အောက်စဖို့ဒ် ဆရာတော်)]
၈း၅၅ Weekly Sports Diary
၁၁း၀၀ Star တို့ရဲ့လက်ရာ
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း- ၂၅+၂၆)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [ရန့်ပြယ်နှင်းဆီ (အပိုင်း-၃)]
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၅)
၅း၄၀ Baby On The Way [Botan (Part-2)]
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၆)
၇း၂၀ Fashion Week
၇း၄၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [သေရည်ကို ရွှေရည်မှတ်ပါလို့ (အပိုင်း-၁)]
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၅)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၂၇+၂၈)
၁၀း၄၅ MRTV-4 Stage
၁၁း၁၀ World of Knowledge (Top 20 Asian Marvels; The Petronas Tower)
၀၀း၅၅ နယဉ်ဆန်းထွင်ပန်းအလှဆင် (လခြမ်းပုံပန်းထိုးနည်း)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
၁၁း၁၅ Lucky Door
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှောင်းအချစ်နဲ့ သစ္စာတရား
၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသချော် (အပိုင်း-၃၃)
၂း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၈း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၅ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွမ်းစားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သီးခြားချစ်လိပ်ပြာ (အပိုင်း-၆၅)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း VOA အင်္ဂလိပ်စာသင်ခန်းစာ ပဟေဠိနန်းတော် ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မက်ရည်သက်သေတည် (အပိုင်း-၃)

# ပစ္စုပ္ပန်ရဲ့ ရပ်တန့်လို့မရမယ့် တင်းနစ်ကစားသမား(သို့မဟုတ်) နိုဗက်ဂျိုကိုဗစ်ချ်



ဇန်နဝါရီ၁၈ရက်ကနေ ၃၁ရက်အထိ ယှဉ်ပြိုင်ခဲ့တဲ့ နှစ်တစ်နှစ်ရဲ့ ပထမဆုံးဂရင်းစလင်းပြိုင်ပွဲဖြစ်တဲ့ ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲမှာ ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်ချ်က ဗြိတိန်တင်းနစ်ကစားသမား အန်ဒီမာရေးကို ၆-၁၊၇-၅၊ ၇-၆(၇-၃)နဲ့ အနိုင်ကစားပြီး သူ့အတွက် ၁၁ဆုမြောက် ဂရင်းစလင်းချန်ပီယံဆုအဖြစ် သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ဂျိုကိုဗစ်ချ်က အခုအချိန်မှာ ရပ်တန့်လို့မရနိုင်အောင် လက်စွမ်းထက်နေတဲ့ ကစားသမားဖြစ်ပြီး ဗိုလ်လုပွဲမှာ အန်ဒီမာရေးကိုလည်း သက်သောင့်သက်သာ အနေအထားနဲ့သာ အနိုင်ယူနိုင်ခဲ့တာကို တွေ့ရပါတယ်။

လက်ရှိ တင်းနစ်လောကမှာ ဖက်ဒဲရာ၊ နာဒဲလ်၊ ဂျိုကိုဗစ်ချ်၊ အန်ဒီမာရေးတို့က "ကြီးလေးကြီး" လို့သတ်မှတ်ရမယ့် ကစားသမားတွေအဖြစ် အားလုံးက ယူဆထားပေမယ့် အခုလက်ရှိလက်စွမ်းအရ ဂျိုကိုဗစ်ချ်ကသာ "ပြိုင်ဘက်ကင်းထိပ်တန်းတင်းနစ်ကစားသမား"အဖြစ် ထီးထီးကြီးရပ်တည်နေသလို ဖြစ်နေပါတယ်။ လွန်ခဲ့တဲ့ ၁၀စုနှစ်ကာလအတွင်း ဖက်ဒဲရာနဲ့ နာဒဲလ်တို့နှစ်ဦး တင်းနစ်လောကကို အတူတကွ လွှမ်းမိုးခဲ့ပြီး နှစ်ဦးပေါင်း ဂရင်းစလင်း၃၁ဆုအထိ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ နာဒဲလ်၊ ဖက်ဒဲရာတို့ဟာ ဂျိုကိုဗစ်ချ်ကို ယှဉ်မကစားနိုင်တော့သလို အန္တရာယ်ပေးလောက်အောင် ကောင်းမွန်တဲ့ လက်စွမ်းမျိုးလည်းမရှိကြတော့ပါဘူး။ အန်ဒီမာရေးကတော့ လက်ရှိကမ္ဘာ့အဆင့် (၂) နေရာမှာသာ ရပ်တည်နေသူဖြစ်ပေမယ့် ဂျိုကိုဗစ်ချ်နဲ့ဆုံတိုင်း အမြဲတမ်းရလဒ်မကောင်းတတ်သလို ဖက်ဒဲရာကိုတောင် ယှဉ်ပြီးမကစားနိုင်ပါဘူး။ ဖက်ဒဲရာက အသက်အရွယ်အရ ပြိုင်ပွဲတိုင်းကို ဝင်ရောက်မကစားနိုင်တဲ့မှုကြောင့်သာ မာရေးဟာ လက်ရှိကမ္ဘာ့အဆင့်ပိုမိုမြင့်မားနေတာဖြစ်ပါတယ်။

ဂျိုကိုဗစ်ချ်က ၂၀၁၅ ခုနှစ်အတွင်းကလည်း အကောင်းဆုံးလက်စွမ်းကို ရရှိခဲ့ကာ ဂရင်းစလင်းဖလားလေးကြိမ်မှာ လေးကြိမ်လုံးဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကာ သုံးကြိမ်မှာ ချန်ပီယံဖြစ်ခဲ့ပါတယ်။၂၀၁၆ ခုနှစ် ဩစတြေးလျအိုးပင်းပြိုင်ပွဲမှာလည်း ထပ်မံဗိုလ်စွဲခဲ့ပြီး ပွဲစဉ်တစ်လျှောက် သူ့ရဲ့ လျင်မြန်မှု၊ နည်းစနစ်ကြွယ်ဝမှုတွေက သူဟာဘာကြောင့် လက်ရှိမှာ အနိုင်းမဲ့ကစားသမားအဖြစ် လူတွေက သတ်မှတ်တယ်ဆိုတာကို ဖော်ညွှန်းနေသလိုပါပဲ။

### တင်းနစ်လောကရဲ့ လီယွန်နယ်မက်ဆီလား

အရင်က ဗြိတိန်နာမည်ကျော် တင်းနစ်ကစားသမားဟောင်း အင်ဒရူးကတော့ ဂျိုကိုဗစ်ချ်က လက်ရှိတင်းနစ်လောကမှာ ပြိုင်ဘက်ကင်း ကစားသမားဖြစ်နေပြီး "တင်းနစ်လောကရဲ့ လီယွန်နယ်မက်ဆီ" လို့ တင်စား ပြောကြားခဲ့ပါတယ်။

အင်ဒရူးက "ကျွန်တော် ဂျိုကိုဗစ်ချ်ရဲ့ ပွဲစဉ်တွေကိုစောင့်ကြည့်တော့ သူဟာ မယုံနိုင်လောက်အောင်ကို ကောင်းတဲ့ကစားသမားဖြစ်တယ်ဆိုတာကို တွေ့ရှိခဲ့ပါတယ်။ အမျိုးသမီး တင်းနစ်မယ်တွေထဲမှာ ဆရီနာဝီလျံက ဂရင်းစလင်းချန်ပီယံအဖြစ် ၂၁ ကြိမ်တောင် အောင်ပွဲခံနိုင်ခဲ့သလို အခုထိလည်း အကောင်းဆုံးလက်စွမ်းကို ထိန်းထားနိုင်ခဲ့လို့ လက်ရှိတင်းနစ်လောကရဲ့ အကောင်းဆုံးကစားသမားလို့သတ်မှတ်နိုင်ပေမယ့်ကျွန်တော်ကတော့ ဂျိုကိုဗစ်ချ်ကသာ "အကောင်းတကာ့ အကောင်းဆုံးကစားသမား"လို့ ဆိုချင်ပါတယ်။ သူက အံ့အားသင့်ဖွယ်ကစားသမားပါ"လို့ ဆိုခဲ့ပါတယ်။

ဟုတ်ပါတယ်။ ဘောလုံးလောကမှာ လီယွန်နယ်မက်ဆီဟာ ဘလွန်းဒီအောဆုငါးကြိမ်တောင်ရရှိထားတဲ့ စံချိန်တင်ဆုရှင်ဖြစ်ပြီး သူ့ကိုမီတဲ့ကစားသမားဆိုတာ အင်မတန်ရှားပါးနေတဲ့ အနေအထားပါ။ ဒီလိုပဲ လက်ရှိ တင်းနစ်လောကမှာ ဂျိုကိုဗစ်ချ်ကို ဘယ်ကစားသမားကမျှ မယှဉ်သာလောက်အောင်ကို လက်စွမ်းထက်နေသူဖြစ်ပါတယ်။ ဂျိုကိုဗစ်ချ်ရဲ့ အဓိကပြိုင်ဘက်ကစားသမားဖြစ်တဲ့ ရာဖေးနာဒဲလ်ကတောင် "သူဟာ အခုအချိန်မှာ ရပ်တန့်လို့မရလောက်အောင်ကို ကောင်းလွန်းနေပြီး ဆုဖလားတွေအားလုံးကို တစ်ယောက်တည်းသိမ်းပိုက်နေတယ်လို့ ထင်ရလောက်အောင် ကောင်းလွန်းနေတယ်"လို့ မှတ်ချက်ပြုခဲ့ပါတယ်။

### ဘောရစ်ဘက်ကာရဲ့ သက်ရောက်မှု

ဂျိုကိုဗစ်ချ်ရဲ့ အခုလို အောင်မြင်လာမှုကို ပြန်လည်ဆန်းစစ်ရင် ဘောရစ်ဘက်ကာကိုလည်း ချန်ထားလို့မရပါဘူး။ ဂျိုကိုဗစ်ချ်ဟာ ဂရင်းစလင်း ဗိုလ်လုပွဲမှာ သုံးပွဲဆက်တိုက်အရေးနိမ့်ခဲ့ပြီးနောက်မှာ ဂရင်းစလင်းဖလားခြောက်လုံး ထပ်မံဆွတ်ခူးနိုင်ခဲ့ပါတယ်။ဘက်ကာရဲ့သီအိုရီကတော့ ပြိုင်ဘက်ကစားသမားက သိပ်ကောင်းလာပြီဆို ဖြည်းဖြည်းနဲ့မှန်မှန်တုံ့ပြန်ရင်းနဲ့ ပြိုင်ဘက်ရဲ့ အားနည်းချက်ကို ရှာဖွေပြီး တစ်ဆင့်ချင်းထိရောက်တဲ့ တန်ပြန်ကစားနည်းကိုအသုံးပြုကာအနိုင်ယူကစားနိုင်ဖို့ ကြိုးပမ်းရေးဖြစ်ပါတယ်။

ဘက်ကာရဲ့ သီအိုရီက ဘယ်လောက်အလုပ်ဖြစ်ခဲ့သလဲဆိုတာ ပြီးခဲ့တဲ့နှစ် ဝင်ဘယ်လ်ဒန်အိုးပင်း ဗိုလ်လုပွဲမှာ အထင်အရှားမြင်တွေ့ ခဲ့ရပါတယ်။ ဂျိုကိုဗစ်ချ်က အဲဒီပွဲပထမနဲ့ ဒုတိယပွဲငယ်တွေမှာ ဖက်ဒဲရာကို မယှဉ်နိုင်ခဲ့ဘဲ တတိယပွဲငယ် မိုးရွာလို့ခေတ္တရပ်နားချိန်မှာတော့ ဘက်ကာက ဘယ်လိုဘယ်ပုံနည်းနဲ့ ပြိုင်ဘက်ကို ဖြတ်ကျော်ရမယ်ဆိုတာ လမ်းညွှန်ခဲ့တာကြောင့် သူဟာပြိုင်ဘက်ကို အလဲထိုးနိုင်ခဲ့တာဖြစ်တယ်လို့ ဂျိုကိုဗစ်ချ်က နောက်ပိုင်းမှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

### ဂရင်းစလင်းစံချိန်တင်ဆုရှင်ဖြစ်မယ့် ပြေးလမ်းကြောင်းပေါ် တည်ရှိ

ဂျိုကိုဗစ်ချ်က ၂၀၁၅ ခုနှစ်အစကနေ အခုအချိန်ထိရေတွက်ရင် ဂရင်းစလင်းဖလားငါးကြိမ်မှာ လေးကြိမ်အထိ ဗိုလ်စွဲခဲ့ပြီး တစ်ကြိမ်က ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပါတယ်။ အခုတောင် ဂရင်းစလင်းဖလား (၁၁)ကြိမ်အထိ ချန်ပီယံဖြစ်ထားပြီး ဒီလက်စွမ်းနဲ့ဆို မကြာခင်အချိန်အတွင်း ဖက်ဒဲရာတင်ထားတဲ့ ဂရင်းစလင်း(၁၇)ဆု စံချိန်ကို ကျော်လွန်သွားဖို့ ရှိပါတယ်။သူဟာ တန်ပြန်ရိုက်ချက်တွေမှာလည်း ပြိုင်ဘက်ကို အလစ်ငိုက်ရစေလောက်အောင် ကောင်းသလို စပေးရိုက်ချက်တွေကလည်း သေသပ်လွန်းလှပါတယ်။သူ့ရဲ့ ဩစတြေးလျအိုးပင်းက ကစားပုံကိုကြည့်ပြီး သုံးသပ်ရရင် ပြိုင်ပွဲတစ်လျှောက် လစ်ဟင်းသွားတဲ့ကစားပုံဆိုတာ တစ်ကြိမ်တစ်ခါမျှတောင် မတွေ့ခဲ့ရလောက်အောင်ကို သေသပ်လွန်းတာကို တွေ့ရမှာဖြစ်ပါတယ်။

သူဟာ ၂၀၁၁ခုနှစ်က ဂရင်းစလင်းဖလားသုံးလုံး ဆွတ်ခူးနိုင်ခဲ့သလို ၄၃ ပွဲဆက် အနိုင်ရရှိအောင်ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၅ခုနှစ်မှာတော့ လက်စွမ်းပိုမိုတည်ငြိမ်လာခဲ့ပြီး စုစုပေါင်း ၈၈ပွဲယှဉ်ပြိုင်ကစားခဲ့ရာ ၈၂ပွဲအထိ အနိုင်ရရှိခဲ့ပြီး ၉၂ရာခိုင်နှုန်းလောက် အနိုင်ရအောင်စွမ်းဆောင်နိုင်ခဲ့ပါတယ်။ သူ့ရဲ့ဆရာဖြစ်သူ ဘောရစ်ဘက်ကာက သူ့ကို "ပြေးလမ်းကြောင်းပေါ်မှ တိုက်ပွဲဝင်ကစားသမား" လို့ တင်စားခဲ့ပြီး ဂရင်းစလင်းပြိုင်ပွဲ လေးမျိုးစလုံးမှာ ဗိုလ်လုပွဲအထိတက်ရောက်နိုင်တဲ့ တတိယမြောက် ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

### ဖက်ဒဲရာရဲ့ ဂရင်းစလင်းစံချိန်ကို ကျော်ဖြတ်နိုင်မှာလား

အခုဆို ဂျိုကိုဗစ်ချ်ဟာ လေဗာနဲ့ ဘော့ဂ်တို့လို ဂရင်းစလင်း(၁၁)ဆုအထိ ရရှိတဲ့ကစားသမားဖြစ်လာပြီး မကြာမီအချိန်အတွင်းမှာပဲ ရာဖေးလ်နာဒဲလ်ရဲ့ ဂရင်းစလင်း(၁၄)ကြိမ်စံချိန်ကိုမီဖို့ မဝေးတော့တဲ့ ခရီးလမ်းကိုရောက်ရှိနေပါပြီ။ ဂျိုကိုဗစ်ချ်ကတော့ သူဟာ ဖခင်ဘဝရောက်ရှိလာပြီးနောက် " ပြီးပြည့်စုံတဲ့ မိသားစုဘဝ”ရဲ့အနှစ်သာရကြောင့် လက်စွမ်းပိုမိုကောင်းမွန်လာတာဖြစ်ပြီး မကြာမီဖခင်ဘဝရောက်လာတော့မယ့် အန်ဒီမာရေးလည်း အခုထက်ပိုပြီး အောင်မြင်မှုတွေရရှိလာနိုင်တယ်လို့ ဟောကိန်းထုတ်လိုက်ပါတယ်။ဂျိုကိုဗစ်ချ်ဟာ ၁၄ လအရွယ် စတီဖန်ရဲ့ဖခင်ဖြစ်ပါတယ်။

လွိုက်နဲ့ ကပ်ဆယ်လ်တို့ကတော့ ဂျိုကိုဗစ်ချ်ဟာ ဖက်ဒဲရာရဲ့ ဂရင်းစလင်း စံချိန်ကို သေချာပေါက် ချိုးဖျက်နိုင်မယ်လို့ ယုံကြည်ထားကြောင်း ထောက်ခံစကား ဆိုပါတယ်။လွိုက်က"သူဟာနေ့စဉ်လေးနာရီလောက်လေ့ကျင့်သူဖြစ်ပါတယ်။ လက်စွမ်းထက်တဲ့ ကစားသမားလည်းဖြစ်သလို နောက်လေးနှစ်လောက်အထိ အကောင်းဆုံးအသက်အရွယ်နဲ့ လက်စွမ်းမကျလောက်သေးတာကြောင့် ဖက်ဒဲရာ တင်ထားတဲ့ ဂရင်းစလင်း (၁၇)ကြိမ် စံချိန်ကို ကျော်လွန်သွားမယ်လို့ ယူဆမိပါတယ်”လို့ သူ့ရဲ့အမြင်ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

မှန်ပါတယ်။ ကစားသမားတစ်ယောက်ရဲ့ အကောင်းဆုံးအချိန်က အသက်(၂၆)နှစ်ကနေ( ၃၂)နှစ်အတွင်း ဖြစ်တာကြောင့် သူဟာ နောက်ထပ်အနည်းဆုံးဂရင်းစလင်း ခြောက်ဆုလောက်တော့ ထပ်မံဆွတ်ခူးနိုင်ပါလိမ့်မယ်။ ဒီလိုဆိုရင် ဂျိုကိုဗစ်ချ်ဟာ ဖက်ဒဲရာလို ဂရင်းစလင်း (၁၇)ကြိမ်အထိ ဆွတ်ခူးနိုင်တဲ့ ကစားသမားဖြစ်လာပါလိမ့်မယ်။ဒါပေမယ့် သူ့အတွက် အမှန်တကယ်လိုအပ်နေတာက ပြင်သစ်အိုးပင်း ဂရင်းစလင်း ချန်ပီယံဆုဖြစ်ပါတယ်။ ဂျိုကိုဗစ်ချ်ဟာ ဩစတြေးလျအိုးပင်း၊ ဝင်ဘယ်လ်ဒန်အိုးပင်းနဲ့ ယူအက်စ်အိုးပင်းတွေမှာ ချန်ပီယံဖြစ်ထားပေမယ့် ပြင်သစ်အိုးပင်းမှာတော့ တစ်ကြိမ်တစ်ခါမျှ ချန်ပီယံအဖြစ် အောင်ပွဲမခံနိုင်သေးပါဘူး။ သူကိုယ်တိုင်ကလည်း ဒီနှစ်အတွက် သူ့ရဲ့အဓိကပစ်မှတ်က သူတစ်ကြိမ် တစ်ခါမျှ ချန်ပီယံမဖြစ်ဘူးသေးတဲ့ "ပြင်သစ်အိုးပင်း" ဖြစ်တယ်လို့ ဆိုထားတာကြောင့် မကြာခင်ကျင်းပတော့မယ့် ပြင်သစ်အိုးပင်းမှာ အောင်ပွဲခံနိုင်မလားဆိုတာဟာ စောင့်ကြည့်ချင်စရာကောင်းပါတယ်။

သူဟာ မနှစ်က ပြင်သစ်အိုးပင်းမှာဗိုလ်စွဲဖို့ အခွင့်အရေး လက်တစ်ကမ်းအလို ရောက်ရှိခဲ့သေးပေမယ့် ဗိုလ်လုပွဲမှာ ဆွစ်တင်းနစ်ကစားသမား ဝေါ်ရင်ကာကို မထင်မှတ်ဘဲ အရေးနိမ့်ခဲ့တာကြောင့် ချန်ပီယံအိပ်မက်ပျက်ပြယ်ခဲ့ရတာပါ။ဒီလိုအပ်ချက်ကိုသာဖြည့်ဆည်းနိုင်ရင် သူဟာ ဖက်ဒဲရာ၊ ရာဖေးနာဒဲလ်တို့လို ဂရင်းစလင်းဖလား လေးလုံးစလုံးကို ကိုင်မြှောက်ခွင့်ရတဲ့ ကစားသမားဖြစ်လာပါလိမ့်မယ်။

ဂျိုကိုဗစ်ချ်ဟာ ဖက်ဒဲရာလို စံချိန်ရှင်ကစားသမားတစ်ယောက်မဟုတ်သေးပေမယ့် လက်ရှိအချိန်မှာတော့ သူ့ရဲ့ လက်စွမ်းကို ဘယ်တင်းနစ်ကစားသမားကမျှ ယှဉ်နိုင်မှုမရှိတာကြောင့် "ပစ္စုပ္ပန်ရဲ့ ရပ်တန့်လို့မရမယ့်ကစားသမား" အဖြစ်သုံးသပ်တင်ပြလိုက်ပါရစေ။

**မေလွဲသင်း-စုစည်းရေးသားသည်**

**ဖေဖော်ဝါရီ ၇/၈ ရက်နေ့ ယှဉ်ပြိုင်မည့် ပွဲစဉ်များ**

**ပရီးမီးယားလိဂ်**

| | | | |
|---|---|---|---|
| ဘုန်းမောက် | - | အာဆင်နယ် | ည-၈း၀၀ |
| ချယ်လ်ဆီး | - | မန်ယူ | ည-၁၀း၃၀ |

**စီးရီးအေ**

| | | | |
|---|---|---|---|
| ဗီရိုနာ | - | အင်တာမီလန် | ညနေ-၆း၀၀ |
| နာပိုလီ | - | ကာပီ | ည-၈း၃၀ |
| တိုရီနို | - | ချီယေဗို | ည-၈း၃၀ |
| ဖရိုစီနီ | - | ဂျူဗင်တပ် | ည-၈း၃၀ |
| ဆာစူအိုလို | - | ပါလာမို | ည-၈း၃၀ |
| အေစီမီလန် | - | အူဒီးနီးစ် | ည-၈း၃၀ |
| အတ္တလန္တာ | - | အမ်ပိုလီ | ည-၁၀း၃၀ |

**လာလီဂါ**

| | | | |
|---|---|---|---|
| လီဗန်တေး | - | ဘာစီလိုနာ | ညနေ-၅း၃၀ |
| ဘက်တစ် | - | ဗလင်စီယာ | ည-၁၁း၄၅ |

**ဘွန်ဒက်စ်လီဂါ**

| | | | |
|---|---|---|---|
| ဟမ်းဘတ် | - | ကိုလုံး | ည-၉း၀၀ |
| ဟော့ဖန်ဟိမ်း | - | ဒမ်စတက် | ည-၁၁း၀၀ |

**ပြင်သစ် လီဂူး**

| | | | |
|---|---|---|---|
| လိုင်လီ | - | ရင်းနက်စ် | ည-၇း၃၀ |
| ဘော်ဒိုး | - | စိန့်အက်တီယန် | ည-၁၀း၃၀ |

**မောင်မောင်ဇော်**



*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး စသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှရယူသင့်သော သင်ခန်းစာများကိုထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကိုခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်းပုံရိပ်များကို ဖော်ပြအပ်ပါသည်။*
*(စာတည်း)*

# ဟုတ်သောအကြံ၊ မှန်သောအကျင့် သင့်သောအယူ၊ ဖြူသောနှလုံး

ကိုရင်ဩ

တုံးပေကတ်သတ်နိုင်လှသည့် အကြမ်းဖက်အုပ်စုများ၏ လက်သံများ မြည်ဟိန်းလာသော ယနေ့ကာလ၌ အကြမ်းဖက်မှုပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများက မြော်တွေးရှုဆလာကြရသည်။ ကမ္ဘာကြီးကို ဘောင်ဘင်ခတ်စေသည့် အကြမ်းဖက်သမားများကို ဗျစ်တောက်ဗျစ်တောက် ပြစ်တင်ဝေဖန်သံများကလည်း ကမ္ဘာ့သတင်း စာမျက်နှာများပေါ်သို့ ဒလဟော စီးဝင်လာလေ့ရှိသည်။

မာရေကျောရေရှိလှသည့် အစ္စလာမ့်နိုင်ငံတော် (အိုင်အက်စ်)ကဲ့သို့သော အကြမ်းဖက်အဖွဲ့အစည်းများကို ပြုတ်ပြုတ်ပြန်းအောင် မြေလှန်ပစ်မည်ဟု ကမ္ဘာတစ်ဝန်းရှိ အစိုးရအဖွဲ့များက အသံကုန်ဟစ်ကာ ကျူးရင့်နေကြလင့်ကစား လက်တွေ့တွင်မူ အကြမ်းဖက်သမားများ၏ ကန့်လန့်ဖီလာပြုမှုက ဇာတ်ကြောရှည်နေဆဲဖြစ်သည်။

ကာလတိုအားဖြင့် အကြမ်းဖက်သမားများ ယိုင်လဲသွားအောင် ဆောင်ရွက်ကြသည့် နည်းလမ်းမှာ စစ်ရေးနည်းလမ်းဖြစ်သည်။ အကြမ်းဖက်အုပ်စုများ ခြေကုပ်ပြုရာစခန်းများကို လေကြောင်းမှ ထိုးစစ်ဆင်နွှဲခြင်း၊ ဗုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်ကြလေ့ရှိသည်။

အကြမ်းဖက်သမားများကို ချေမှုန်းနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များ၏ စွမ်းပကားကို မြှင့်တင်ပေးနိုင်ရန် လက်နက်ကိရိယာများ တပ်ဆင်ပေးရာတွင် ကုန်ကျစရိတ် ကြီးလေးမှုကို အစိုးရအဖွဲ့များ ပေးဆပ်ကြရလေ့ရှိသည်။ သို့ရာတွင် ငွေကြေးအရ ပေးဆပ်နိုင်သည့်တိုင် စစ်ရေး အောင်မြင်မှုမှာ ခပ်နုပ်နုပ်သာဖြစ်၏။

အိုင်အက်စ်အဖွဲ့ကို အမြစ်ပြတ်သုတ်သင်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံအားလုံး တူညီသော ကိုင်တွယ်ဖြေရှင်းနည်းဟူ၍ကား ရှိလိမ့်မည်မဟုတ်ချေ။ ကမ္ဘာ့နိုင်ငံများအလိုက် မတူကွဲပြားသော နည်းလမ်းအမျိုးမျိုး အသုံးပြု၍သာ အကြမ်းဖက်သမားများကို ချေမှုန်းသွားနိုင်မည်ဟု ကျွမ်းကျင်သူပညာရှင်များက ယူဆကြသည်။

အိုင်အက်စ်ကဲ့သို့သော အစွန်းရောက်အုပ်စုများ၏ အားသာချက်တစ်ရပ်မှာ လူမှုကွန်ရက်မီဒီယာကို အသုံးပြု၍ ကမ္ဘာတစ်ဝန်းမှ တိုက်ခိုက်ရေးသမားများကို စုဆောင်းနိုင်ခြင်းဖြစ်သည်။ သို့ဖြစ်ပေရာ အကြမ်းဖက်အုပ်စုများသည် နယ်စည်းမထား လှုပ်ရှားမှုများကို ပြုလုပ်လာနိုင်လေသည်။

အိုင်အက်စ်အဖွဲ့သည် အဖွဲ့ဝင်သစ်စုဆောင်းရာတွင် ကြီးစွာ အောင်မြင်မှုရရှိနေသည်။

ဆယ်စုနှစ်ပေါင်းများစွာ အာဏာရှင်များ မင်းမူခဲ့သော တူနီးရှား၊ အီဂျစ်၊ ယီမင်၊ အီရတ်၊ ဆီးရီးယားနှင့် လစ်ဗျားတို့ ကဲ့သို့သော နိုင်ငံများထံမှ နိုင်ငံသားများကို ဦးတည်ကာအိုင်အက်စ်အဖွဲ့က အဖွဲ့ဝင်သစ်အင်အားတိုးချဲ့လျက်ရှိသည်။

ခါးသီးသော ဘဝအတွေ့အကြုံများကို အလျင်မပြတ် တစ်ဆက်တစ်စပ် ခံစားခဲ့ကြရသူများသည် အိုင်အက်စ်၏ စည်းရုံးသိမ်းသွင်းရာနောက်သို့ ကောက်ကောက်ပါအောင် ပါသွားလေ့ရှိကြသည်။ အကျင့်ပျက်ခြစားမှု လွန်လွန်ကြူးကြူးရှိခြင်း၊ ညှဉ့်ဖျင်းသော အုပ်ချုပ်မှုရှိခြင်း၊ လူ့အခွင့်အရေးနှင့် လွတ်လပ်မှုတို့ ဆုံးရှုံးမှုရှိခြင်းတို့ကို ဆယ်စုနှစ်ပေါင်းကြာရှည်စွာ တွေ့ကြုံခံစားလာခဲ့ကြရသူတို့မှာ ဖြူခါပြာခါကျရသည့် မိမိဘဝကို ကျေနပ်နှစ်သိမ့်နိုင်ခြင်း မရှိကြဘဲ စွတ်စွတ်ရွတ်ရွတ်လုပ်ချင်စိတ် ပေါက်လာလေ့ရှိသည်ဟု စိတ်ပညာရှင်များက ဆိုမိန့်ကြလေသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ တန်းတူညီမျှ အခွင့်အရေးမရကြဟု နောက်ကျိကျိ အတွေးအမြင်ရှိနေသူများသည် နားဝေတိမ်တောင်ဖြစ်လျက် အကြမ်းဖက်အုပ်စု၏ စည်းရုံးခေါ်ဆောင်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားတတ်ကြသည်ကို ကျွန်ုပ်တို့ သတိမူကြရပေမည်။

## လစ်ဗျားကိုခြေကုပ်ပြုလာ

ယခုရက်သတ္တပတ်အတွင်း အီတလီနိုင်ငံ ရောမမြို့၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး နိုင်ငံတကာညီလာခံတစ်ရပ်ကို ထူးထူးခြားခြား ကျင်းပခဲ့ကြောင်း ကျွန်ုပ်လေ့လာသိရှိရသည်။

ယင်းညီလာခံမှာ အိုင်အက်စ်အဖွဲ့ကို တိုက်ထုတ်နေသော နိုင်ငံပေါင်း ၂၃ နိုင်ငံ၏ ညီလာခံဖြစ်၏။ သယံဇာတ ပေါကြွယ်သော လစ်ဗျားနိုင်ငံ၌ အိုင်အက်စ်အဖွဲ့ ခြေကုပ်ပြုခြင်းမှ တားဆီးကာကွယ်နိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်ရန် အထက်တန်း တာဝန်ရှိသူများ တွေ့ဆုံခဲ့ကြလေသည်။

လစ်ဗျားနိုင်ငံ၏ အာဏာရှင်ဟူ၍ သမုတ်ခံရသူ မွမ်မာကဒါဖီအား ဖြုတ်ချနိုင်ရေးအတွက် အမေရိကန်နိုင်ငံက ဦးဆောင်လျက် စစ်ရေးအရ စွက်ဖက်မှုပြုလုပ်ခဲ့ပြီးနောက် လေးနှစ်ကျော်ကြာမြင့်ခဲ့ပြီးဖြစ်သည့်တိုင် ယင်းနိုင်ငံမှာ ထွေထွေလည်လည် ပြဿနာပေါင်းစုံနှင့် ထွေးလုံးရစ်ပတ်နေဆဲဖြစ်သည်။ လစ်ဗျားနိုင်ငံ၌ ၂၀၁၄ ခုနှစ်မှစ၍ အာဏာပိုင်အဖွဲ့ နှစ်ခြမ်းကွဲကာ ယှဉ်ပြိုင်အုပ်ချုပ်လျက်ရှိကြသည်။ ညီညွတ်သော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့သည့်တိုင် ပါလီမန်၏ သဘောတူညီချက်မရရှိဘဲ ဖြစ်နေဆဲပင်။

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့၌ ညွန့်ပေါင်းအဖွဲ့က လေကြောင်းထိုးစစ်များ ဆင်နွှဲနေခြင်းကြောင့် စစ်ပမ်းနေကြပြီဖြစ်သော စစ်သွေးကြွ တိုက်ခိုက်ရေးသမားများသည် လစ်ဗျားနိုင်ငံ၌ ခြေကုပ်တစ်ခုရရှိလာစေရေးအတွက် ယင်းနိုင်ငံအတွင်းသို့ အုပ်စုလိုက် ဝင်ရောက်လာခဲ့ကြသည်။ အိုင်အက်စ်အဖွဲ့၏ လက်ဝေခံအုပ်စုတစ်ခုအဖြစ် ရပ်တည်ကာစစ်မျက်နှာသစ် ဖွင့်လိုကြသူများဖြစ်ကြသည်။

လစ်ဗျားနိုင်ငံ၌ မြောက်ဘက်ပင်လယ်ကမ်းရိုးတန်းဒေသရှိ မြို့ကြီးတစ်မြို့ဖြစ်သော ဆာတဲမြို့၌ အခြေစိုက်လာသည့် အုပ်စုတွင် တိုက်ခိုက်ရေးသမား ၂၀၀၀ မှ ၅၀၀၀ ခန့်အထိ ရှိမည်ဟု ခန့်မှန်းရလေသည်။

အိုင်အက်စ် စစ်သွေးကြွများသည် လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ခြင်းဖြင့် လစ်ဗျားနိုင်ငံ၌ ခြေကုပ်စခန်းသစ် အခိုင်အမာပေါ်ပေါက်လာစေရန် ကြိုးပမ်းနေကြသည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက လွန်ခဲ့သည့် သီတင်းပတ်က သတိပေးခဲ့သည်။

လစ်ဗျားနိုင်ငံ၏ နယ်စပ်ဒေသများ၌ တရားဥပဒေစိုးမိုးမှု အားနည်းနေသည်။ လစ်ဗျားနိုင်ငံသည် ဥရောပတိုက်နှင့် နီးကပ်စွာ တည်ရှိခြင်းကြောင့် လူမှောင်ခိုများ လှုပ်လှုပ်ရှားရှား ရှိနေတတ်သည်။ လစဉ်လတိုင်း အီတလီနိုင်ငံဘက်သို့ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများနှင့် ဒုက္ခသည်ထောင်ပေါင်းများစွာကို လူမှောင်ခိုတို့က ပို့ဆောင်ပေးလေ့ရှိသည်။ အီတလီနိုင်ငံသို့ ဦးတည်သော မော်တော်ဘုတ်များနှင့်အတူ အိုင်အက်စ်စစ်သွေးကြွတို့ လိုက်ပါနိုင်ရန် ကြိုးပမ်းဖွယ်ရှိသည်ဟု ဥရောပနိုင်ငံများက စိုးရိမ်ပူပန်လျက်ရှိကြကုန်သည်။

အီတလီနိုင်ငံ၏ စစ္စလီပင်လယ်ကမ်းရိုးတန်းမှ မိုင် ၃၀၀ မျှသာ ကွာဝေးသောနေရာတွင် လစ်ဗျားနိုင်ငံတည်ရှိရာ လစ်ဗျားပဋိပက္ခနှင့် အီတလီလုံခြုံရေးတို့ ဆက်နွှယ်နေသည်ဟု ဆိုရလိမ့်မည်။

လစ်ဗျား၌ အိုင်အက်စ်အဖွဲ့ အင်အားကြီးထွားလာလေလေ အီတလီလုံခြုံရေး စိုးရိမ်ရလေလေဖြစ်လာသည်။

လူမှောင်ခိုတင်ပို့သော မော်တော်ဘုတ်ငယ်များနှင့်အတူ စိမ့်ဝင်ထိုးဖောက်လာနိုင်သော စစ်သွေးကြွများ၏ ဘေးအန္တရာယ်ကို စိုးရိမ်နေသည့် အီတလီအစိုးရအဖွဲ့က ဥရောပသမဂ္ဂ၏ ပင်လယ်ရေကြောင်းကင်းလှည့်စောင့်ကြပ်ရေး အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခဲ့လေသည်။

ရောမမြို့ တောင်ဘက်နားအထိ မိမိတို့အဖွဲ့ဝင်များရှိနေပြီဟူ၍ လစ်ဗျားရှိ အိုင်အက်စ်စစ်သွေးကြွတို့က အွန်လိုင်းမှတစ်ဆင့် ဗွီဒီယိုသဝဏ်လွှာပါးခဲ့သည်အထိ တွေ့ကြုံခဲ့ရပေရာ အီတလီနိုင်ငံ၏ မြို့တော်ကို အိုင်အက်စ်အဖွဲ့က ပစ်မှတ်ထားလာမည်လောဟု ဆက်စပ်တွေးတောစရာဖြစ်ရလေသည်။

## ကမ္ဘာ့ဘုံရန်သူဖြစ်လာခြင်း

ယနေ့ကာလတွင် ဥရောပ၏ လှေခါးတက်အဝနားအထိ တိုးလာရန် အိုင်အက်စ်တို့ ခြေလှမ်းပြင်နေသလို အမေရိကတိုက်၏ ပိုင်နက်နယ်မြေ အဝန်းအဝိုင်းအတွင်းသို့ပင် တိုးဝင်ရန် ခြေလှမ်းပြင်နေပြီဟု ဆိုနိုင်သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဆန်ဘာနာဒီနိုမြို့၌ လူ ၁၄ ဦး သေဆုံးစေခဲ့သော တိုက်ခိုက်မှုမှာ ၂၀၀၁ ခုနှစ် စင်တင်ဘာ ၁၁ ရက်နောက်ပိုင်း အမေရိကန်မြေပေါ်တွင် ဖြစ်ပွားသည့် အသေအပျောက်အများဆုံး အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဖြစ်ခဲ့လေသည်။

ဆန်ဘာနာဒီနို တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူတစ်ဦးက အိုင်အက်စ်ခေါင်းဆောင်ကို သစ္စာခံသည်ဟု ဖြောင့်ချက်ပေးခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ပြောကြသည်။

ခြုံငုံသုံးသပ်လျှင် အမေရိကန်နိုင်ငံအတွင်း၌ အိုင်အက်စ်၏ ဝါဒသဘောတရားရေးရာ မှိုင်းမိနေသူများရှိတန်ရာသည်ဟု ဆိုနိုင်ပေလိမ့်မည်။

၂၀၁၄ ခုနှစ် ဇွန်လတွင် အစ္စလာမ့်နိုင်ငံတော် ထူထောင်ကြောင်း အိုင်အက်စ်အဖွဲ့က တစ်ဖက်သတ်ထုတ်ပြန်ကြေညာခဲ့ချိန်နောက်ပိုင်း ကမ္ဘာ့နိုင်ငံ ၂၀ တွင် အကြမ်းဖက်တိုက်ခိုက်မှု ၆၀ ကျော် ပြုလုပ်နိုင်ရန် ယင်းအဖွဲ့က စီစဉ်ညွှန်ကြားခြင်း၊ သို့မဟုတ် ဝါဒသဘောတရားရေးအရ မှိုင်းတိုက်ခြင်းတို့ရှိသည်ဟု ကျွန်ုပ်လေ့လာသိရှိရလေသည်။

ယနေ့ကာလတွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် အကြမ်းဖက်မှုပြဿနာ ဖိစီးခံနေရသည်။ မျက်ကန်း အမျိုးသားရေးဝါဒီ နာဇီတို့ကြောင့် ကမ္ဘာကြီးတစ်ခုလုံး မှောက်ခဲ့ရသည်ကို ကျွန်ုပ်တို့ သင်ခန်းစာရရှိခဲ့ကြပြီးဖြစ်သည်။


အစွန်းရောက်သမားများသည် ကမ္ဘာကြီးတစ်ခုလုံးကို ဘေးဥပဒ်ပေးနိုင်ကြောင်း ကျွန်ုပ်တို့ အစဉ်သတိမူကြရပေလိမ့်မည်။ အစွန်းရောက်သမားများသည်ကား လောက၏အလှကို ဖျက်ဆီးတတ်သူများဖြစ်ကြလေသည်။

ဤလူ့ဘုံတွင် အကောင်းနှင့်အဆိုး ဒွန်တွဲနေတတ်သည်မှာ ဓမ္မတာဖြစ်သည်။ လူသား အကျိုးပြုသူအဖြစ် ရပ်တည်နိုင်ရန် အမြဲထာဝစဉ် အကောင်းအဆိုး၊ အကြောင်းအကျိုး ဝေဖန်ပိုင်းခြားတတ်ရပေမည်။

အစွန်းရောက်မှုသည် မိမိဘဝအတွက်၊ မိမိပတ်ဝန်းကျင်အတွက်၊ မိမိနိုင်ငံအတွက်၊ မိမိကမ္ဘာကြီးအတွက် အဆိပ်အတောက်များဖြစ်ပေရာ 'ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံး' ကို လိုက်နာကျင့်သုံးအပ်သည်ဟု ကျွန်ုပ်တွေးတောဆင်ခြင်မိပါသတည်း။ ။



လူမှောင်ခို မော်တော်ဘုတ်ပေါ် လိုက်ပါလာသူများကို ကယ်တင်ပေးခဲ့သော အီတလီ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့သင်္ဘော စစ္စလီကျွန်းသို့ ဆိုက်ရောက်လာသည့် မှတ်တမ်းပုံ။ ဓာတ်ပုံ– Reuters




ရရှိသည့် အပိုဆုငွေပမာဏကို (၁၅)ရက်အတွင်း အသုံးပြုရပါမည်

| ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ | ရရှိမည့် အပိုငွေရာခိုင်နှုန်း | ရရှိမည့် အပိုငွေကျပ်ပမာဏ |
|---|---|---|
| ၁၀၀၀ | ၂၀% | ၂၀၀ |
| ၃၀၀၀ | ၃၀% | ၉၀၀ |
| ၅၀၀၀ | ၄၀% | ၂၀၀၀ |
| ၁၀၀၀၀ | ၁၀၀% | ၁၀၀၀၀ |
| ၂၀၀၀၀ | ၁၀၀% | ၂၀၀၀၀ |
| ၃၀၀၀၀ | ၁၀၀% | ၃၀၀၀၀ |

- GSM/ WCDMA နှင့် CDMA (Prepaid နှင့် Postpaid) သုံးစွဲသူများအားလုံးအတွက် အကျုံးဝင်ပါသည်။
- ရရှိသည့် အပိုဆောင်းဆုငွေအား ပြည်တွင်းဖုန်းခေါ်ဆိုခြင်း၊ မက်ဆေ့ပို့ခြင်းနှင့် အင်တာနက်အသုံးပြုခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
- GSM/ WCDMA အသုံးပြုသူများအတွက် ခဲခြစ်ကတ်၊ E-top up စနစ်၊ Myanmar Mobile Money စနစ် နှင့် ဘဏ်မှတဆင့် ငွေဖြည့်ခြင်း စသည့်နည်းအားလုံးဖြင့် ငွေဖြည့်နိုင်ပါသည်။
- CDMA အသုံးပြုသူများအတွက် ခဲခြစ်ကတ်ဖြင့် ငွေဖြည့်သွင်းနိုင်ပါသည်။
- ရရှိသည့် အပိုဆုငွေ ပမာဏကို (၁၅) ရက်အတွင်း အသုံးပြုရပါမည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 | call free 24 hours everyday

## မြတ်ဆရာပူဇော်ခြင်းနှင့် မြို့မသံဃနိကာယအဖွဲ့ စုံညီတွေ့ဆုံပွဲ အခမ်းအနားပင့်လျှောက်လွှာ

**ရိုသေစွာပင့်လျှောက်အပ်ပါသည်-**

**ပဲခူးမြို့၊ မြို့မစာသင်တိုက်ထွက် သံဃာတော်များနှင့် ပဲခူးမြို့နယ်၊ သုဓမ္မာနိကာယ(၁၀)ပဝါရဏာဌာနမှ သံဃာတော်အရှင်မြတ်တို့ဘုရား-**

အာဒိကမ္မိက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်၊ သုဓမ္မာနိကာယ (၁၀)ပဝါရဏာဌာန၏ ဥက္ကဋ္ဌ၊ အနန္တဂိုဏ်းဝင်ကျေးဇူးတော်ရှင် ပဲခူးမြို့၊ မြို့မစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာထေရ် ဘဒ္ဒန္တ ကုန္ဒာစာရ(အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)[နိုင်ငံတော်ပရိယတ္တိ တက္ကသိုလ်(ရန်ကုန်-မန္တလေး)တို့၏အဓိပတိ] ဆရာတော်ကြီးနှင့် ဂဏဝါစကဆရာတော်များ၏ အထံတော်၌ လည်းကောင်း၊ ပဲခူးမြို့၊ မြို့မစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာထေရ်နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တဂန္ဓမာ (သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိ)နှင့် ဂဏဝါစက ဆရာတော်များ၏ အထံတော်၌လည်းကောင်း၊ စာပေသင်ကြားခဲ့ကြကုန်သော တပည့်သံဃာတော်များနှင့် ပဲခူးမြို့နယ်၊ သုဓမ္မာနိကာယ(၁၀) ပဝါရဏာဌာနမှ သံဃာတော်များအားလုံး မြတ်ဆရာပူဇော်ခြင်းနှင့် မြို့မသံဃနိကာယအဖွဲ့ သံဃာတော်များ စုံညီတွေ့ဆုံပွဲသို့ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် ရိုသေစွာ ပင့်လျှောက်အပ်ပါသည် ဘုရား။

ပင့်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်(မပျက်မကွက်) ကိုယ်တော်တိုင် ကြွရောက်တော်မူကြပါရန်နှင့် မိမိတို့နှင့်နီးစပ်ရာ မြို့မစာသင်တိုက်ထွက် သံဃာတော်များထံ ဆက်သွယ်အကြောင်းကြား ပေးတော်မူကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားဝံ့ပါသည် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

**အစီအစဉ်**

| | |
|---|---|
| ကြွရောက်ရမည့်နေ့ရက် | - (၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း၇ရက်)၊၁၅-၂-၂၀၁၆ရက် (တနင်္လာနေ့)ညကျိန်းမိ |
| ပူဇော်ပွဲနေ့ရက် | - (၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်)၊ ၁၆-၂-၂၀၁၆ ရက် (အင်္ဂါနေ့) (မြတ်ဆရာပူဇော်ခြင်းနှင့် မြို့မသံဃနိကာယအဖွဲ့စုံညီတွေ့ဆုံပွဲ) |
| အချိန် | - (၁၃၇၇ ခုနှစ်၊ တပို့လွဲလဆန်း ၈ ရက်)၊ ၁၆-၂-၂၀၁၆ ရက်၊ နံနက် ၇နာရီ |
| နေရာ | - နိကာယဓမ္မဗိမာန်တော်ကြီး၊ မြို့မစာသင်တိုက်၊ ပဲခူးမြို့။ |
| (ဆက်သွယ်ရန်ဖုန်းနံပါတ်) | - ၀၉-၄၂၈၀၅၃၉၇၂၊ ၀၉-၈၆၅၀၁၇၈၊ ၀၅၂-၂၂၂၄၂၈၀။ |

**မြို့မသံဃနိကာယအဖွဲ့**
**မြို့မစာသင်တိုက်၊ ပဲခူးမြို့**

## ဓမ္မပါလဖောင်ဒေးရှင်း ဓမ္မပါလသာသနာ့ရိပ်သာ (၃)နှစ်မြောက် နှစ်ပတ်လည်ဆုံစည်းပွဲ ဖိတ်ကြားလွှာ

၁၂-၂-၂၀၁၆ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီ
ရန်ကုန်-မန္တလေး အမြန်လမ်း၊ (၁၅)မိုင် (၂)ဖာလုံ၊
လှည်းကူး၊ ရန်ကုန်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၅၄၀၆၂၁၂၊ (ဗဟို)ဖုန်း-၀၉-၇၈၄၃၇၅၂၉၁**
**(ရိပ်သာ) ဖုန်း-၀၉-၇၈၄၃၇၅၂၉၂**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၆)ဖြင့် **ထပ်ဆင့်အကယ်ဒမီစင်ရော်မောင်မောင်**အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့အဖြစ် **"အလင်္ကာကျော်စွာဘွဲ့"**ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဝမ်းသာဂုဏ်ယူရပါကြောင်း **"အလင်္ကာကျော်စွာ ထပ်ဆင့်အကယ်ဒမီစင်ရော်မောင်မောင်"** မှ အမျိုးဘာသာ၊ သာသနာ၊ နိုင်ငံအကျိုးများကို ပျော်ရွှင်ချမ်းသာစွာ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရှမ်းပြည်နယ်မြောက်ပိုင်း တာမိုးညဲဒေသဗမာ(မုန်းဝန်း)**
**တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်နှင့်**
**တာမိုးညဲချမ်းသာအုပ်စုများကုမ္ပဏီ**
**ဦးကျော်ဝင်း၊ ဦးသူရလွင်၊ ဦးသီဟလွင်၊ ဦးကျော်စွာလွင်၊ ဦးအောင်ကျော်၊**
**ဦးသက်အောင်ဝင်း၊ ဦးမောင်မောင်ထွေးနှင့် ညီအစ်ကိုများ**

## အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းနှင့် ပညာရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးရှိန်ဝင်း၏ ( **Tet Lann** Concrete Co., Ltd.) အား SGS United Kingdom Ltd Systems & Services Certification မှ ISO 9001: 2008 လက်မှတ် ချီးမြှင့်ခံရခြင်းအတွက် ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းမှ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းနှင့် ရွှေပါရမီ ပညာရေးဖောင်ဒေးရှင်း

## အောင်ကောင်းစုံ 2016-2017

(ထွက်ပြီ)

**အထွေထွေသိစရာ မှတ်စရာ ဗဟုသုတမှတ်စု**

ဗိုလ်လောင်းဝင်ခွင့်၊ တပ်မတော်သူနာပြုတက္ကသိုလ်ဝင်ခွင့်၊ တပ်မတော်ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဒုရဲအုပ်လောင်းစာမေးပွဲဝင်ခွင့်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဝင်ခွင့်၊ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှု (DTEC) ဝင်ခွင့်၊ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်ဝင်ခွင့်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့်၊ သူနာပြု၊ သားဖွား၊ ကုမ္ပဏီ INTERVIEW ဖြေဆိုမည့်သူများနှင့်၊ ဗဟုသုတရှာဖွေ လေ့လာလိုသူများအတွက်...

ဒသမအကြိမ်ထပ်မံဖြည့်စွက်သည်

မဟာဘွဲ့ရတစ်ဦး

ကောရီစံစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုံး-၀၉၇၃၀၅၁၁၁၄၊၀၉၅၁၂၉၆၇၀၊၀၉၅၅၀၁၁၅၄ / အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

## ကန်တော်ကြီးရေကူးကန်နှင့်အပန်းဖြေစခန်း

### နွေရာသီရေကူးသင်တန်း

| | |
|---|---|
| သင်တန်းချိန် | နံနက် (6:30 မှ 8:00 နာရီ)-မ-သီးသန့် |
| | နံနက်(7:30 မှ 9:00 နာရီ) -ကျား/မ |
| | နံနက်(8:30 မှ 10:00 နာရီ)-ကျား/မ |
| | ညနေ(3:00 မှ 4:30 နာရီ)-ကျား/မ |
| | ညနေ(4:00 မှ 5:30နာရီ)-မ-သီးသန့် |
| သင်တန်းကြေး | 35,000/-kyats |
| သင်တန်းဖွင့်ရက် | 29-2-2016 မှ 25-3-2016 ထိ (February) |
| | 28-3-2016 မှ 29-4-2016 ထိ (March) |
| | 2-5-2016 မှ 27-5-2016 ထိ (May) |

### နွေရာသီတိုက်ကွမ်ဒိုသင်တန်း

| | |
|---|---|
| သင်တန်းချိန် | နံနက် (8:00 မှ 9:00နာရီ)-ကျား/မ |
| | နံနက်(9:00 မှ 10:00နာရီ)-ကျား/မ |
| သင်တန်းကြေး | 35,000/-kyats |
| သင်တန်းရက် | 15-ရက်(mon to fri) |

**"ကမ္ဘာ့ရွှေတံဆိပ်ဆုရှင် မြန်မာ့လက်ရွေးစင်ဟောင်း ဒေါ်ခင်ဆွေဦး ဦးစီးဖွင့်လှစ်သော တိုက်ကွမ်ဒိုသင်တန်း"**

**လိပ်စာ-** ဗဟန်း(၃)လမ်းမှတ်တိုင်အနီး၊ မဟာမြိုင်ကျွန်း၊ ကန်တော်ကြီးဝင်းအတွင်း၊ ဗဟန်းမြို့နယ်။

**ဖုန်း-** **01-554266, 01-553931, 09-73006491**

## ကျေးဇူးဆပ်ပါမည်

ပုဇွန်တောင်ကွက်သစ်လမ်းရှိ ဆိုင်တစ်ဆိုင်တွင် ငွေသားများနှင့် ပန်းရောင်ဖိုင်တွဲတစ်တွဲ ကျန်ရစ်ခဲ့ပါသည်။ တွေ့ရှိပါက ဖိုင်တွဲတစ်တွဲသာ ပြန်လည်ရရှိလိုပြီး ငွေသားများအား ပြန်လည်မရယူလိုပါ။ တွေ့ရှိဆက်သွယ်လာသူအားလည်း ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၅၀၇၆၉၉၉၊ ၀၉-၉၇၈၁၆၈၂၆၀**




**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3I/1604 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

100% သံချေးမတက်သည့် **Stainless Steel** ဘလိပ်ဓားသွားဆူးကြိုးများကို
**စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ** ဈေးနှုန်းချိုသာစွာ ဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

**အရောင်းခန်းမ(၁)** - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
**Ph : 01-545531, 01-8603141, 09-5008161**

**အရောင်းခန်းမ(၂)** - အမှတ်(၃၆/A)၊ ပြည်လမ်းမ၊ (၉)မိုင်၊ မရမ်းကုန်း။
**Ph : 01-656521, 09-421024731, 09-421024741**

**အရောင်းခန်းမ(၃)** - အဆောင်(၁၁၇)၊ အခန်း(၅)၊ ကျောက်စိမ်း(၆)လမ်း၊ ကမ္ဘာ့ရတနာဘဏ်ဘေးစော်ဘွားကြီးကုန်းကားဝင်း၊ အင်းစိန်မြို့နယ်။
**Ph: 01-642748, 09-421024711, 09-421024811**

ကြော်ငြာ

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရမည်းသင်းမြို့၊ သင်ပန်းကုန်းရပ်၊ ရမည်းသင်း-သိမ်ကုန်းလမ်းဘေးတွင်တည်ရှိသော ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်(၄. ၁၃)ကေရှိ မြို့မသုသာန်ဟောင်းမြေနေရာတွင် အဝေးပြေးယာဉ်ရပ်နားစခန်းဆောက်လုပ်သွားမည်ဖြစ်ပါသည်။ ယာဉ်ရပ်နားကွင်း အဂါရပ်နှင့် ပါဝင်သင့်လျော်သော လုပ်ငန်းရပ်များအားတည်ဆောက်လိုသည့် ကုမ္ပဏီများသည် အိတ်ဖွင့်တင်ဒါလျှောက်လွှာတစ်စောင်နှင့် အသေးစိတ်စည်းကမ်းချက်များကို ငွေကျပ်(၁၀၀၀၀ိ)နှုန်းဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတွင်ဝယ်ယူ၍ အောက်ပါအချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့်ရက် - ၅-၂-၂၀၁၆ရက်မှ ၁၅-၂-၂၀၁၆ရက်အထိ (ရုံးချိန်အတွင်း)

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက် - ၅-၃-၂၀၁၆ရက်မှ ၁၁-၃-၂၀၁၆ရက်ထိ (ရုံးချိန်အတွင်း)

(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ- မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးခန်း (မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး)

(ဃ) သတ်မှတ်ရက်၊ အချိန်ထက်ကျော်လွန်နောက်ကျ တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ

၂။ ရမည်းသင်းမြို့၊ အဝေးပြေးကားကွင်း တည်ဆောက်မည့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များကို မေးမြန်းလိုပါက မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးခန်းတွင် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူကိုယ်တိုင် ရုံးချိန်အတွင်း လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**မြို့နယ်စည်ပင်သာယာရေးကော်မတီ**
**ရမည်းသင်းမြို့**

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့၊ အထက(၅)၊သတ္တမတန်း(A)မှ မောင်အောင်သီဟဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင်[၁၂/မဂဒ(နိုင်)၀၂၀၉၈၈]ဖြစ်ပါကြောင်း။

**ဦးမြင့်အောင်**

## မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေများအတွက် အကြံပြုစာများပေးပို့ရန် ဖိတ်ခေါ်ခြင်း

၁။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇၂။ ဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေအား ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃။ ဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီး ဖြစ်သဖြင့် ယင်းဥပဒေများနှင့် လိုက်လျောညီထွေဖြစ်မည့် နည်းဥပဒေများကို သတ္တုတွင်းဝန်ကြီးဌာနမှ ပြုစုလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ နည်းဥပဒေများ ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ စိတ်ပါဝင်စားသူပြည်သူလူထုများ၊ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတ္တု/ကျောက်မျက်ရတနာလုပ်ငန်းများနှင့် ပတ်သက်သူ Stakeholder များအနေဖြင့် အကြံပြုချက်များကို ၆-၃-၂၀၁၆ ရက်နေ့ နောက်ဆုံးထားပြီး အောက်ပါလိပ်စာများသို့ ပေးပို့နိုင်ပါသည်-

(က) မြန်မာ့သတ္တုတွင်းနည်းဥပဒေများ — ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်။ deptmine@gmail.com

(ခ) မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေများ — ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်။ mge@e-mining.gov.mm

၃။ လွှတ်တော်မှ အတည်ပြုထားသည့် မြန်မာ့သတ္တုတွင်းဥပဒေပြင်ဆင်သည့်ဥပဒေကို ၂၆-၁၂-၂၀၁၅ ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအား ဝန်ကြီးဌာန၏ website ဖြစ်သည့် (www. mining.gov.mm)တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

GOLDEN STAR ခရီးသွားလုပ်ငန်း
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်(နေ့စဉ်)
ဟိုတယ်/စရိတ်ငြိမ်း စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

ကိုချမ်းငြိမ်းအောင်ဦးစီးသော
ဒို့ရွှေလမ်း
မြန်မာပြည်အနှံ့ဘုရားဖူးပို့ဆောင်ရေး
(၁) ကျိုက်ထီးရိုး၊ ပဲခူးရွှေမော်ဓော၊ နေပြည်တော်(အနှံ့) ဗုဒ္ဓဂယာ (၄) ရက် (၄၀၀၀၀) FEB-12, MARCH-12
(၂) မန်းရွှေစက်တော်ဘုရားပွဲ၊ ကျောင်းတော်ရာ၊ မကွေးမြသလွန်(၃၅၀၀၀) FEB-19, MARCH-4
(၃) အလောင်းတော်ကဿပ၊ မုံရွာ-စစ်ကိုင်း၊ မန္တလေး-ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား(၅၀၀၀၀)FEB-27
တောင်ကြီးမြို့ - ၀၉-၂၅၄၁၇၂၁၇၅၊ ၀၉-၇၈၇၈၉၃၀၀၆၊ ၀၉-၂၆၁၂၉၁၅၀၀
ခရီးစဉ်တိုင်း - အဆင့်မြင့် Air-Con Express-ကြိုတင်လက်မှတ်ရောင်းပြီ

## မြန်မာ့သစ်လုပ်ငန်း

### သစ်ခွဲသား၊ ပျဉ်ပါးနှင့်ထင်းများအား အိတ်ဖွင့်လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနလက်အောက်ရှိအမှတ်(၁/၂/၃/၄/၆/၈/၁၀) သစ်စက်များတွင် အောက်ဖော်ပြပါ သစ်ခွဲသား၊ ပျဉ်ပါးနှင့်ထင်းများအား အိတ်ဖွင့်လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| | သစ်ခွဲသား(တန်) | ပျဉ်ပါး(တန်) | ထင်း(တန်) |
|---|---|---|---|
| (က)အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်) | - | ၁၄. ၀၀ | ၃၅၁. ၀၀ |
| (ခ)အမှတ်(၂)သစ်စက်(အလုံ) | ၃. ၁၅၉၆ | ၄. ၃၃ | ၃. ၀၀ |
| (ဂ)အမှတ်(၃)သစ်စက်(ဝါးတရာ) | - | ၆. ၀၀ | ၁၀၂. ၀၀ |
| (ဃ)အမှတ်(၄)သစ်စက်(ဝါးတရာ) | ၁၄. ၄၃၇၂ | ၅. ၀၀ | ၃၅. ၀၀ |
| (င)အမှတ်(၆)သစ်စက်(ဝါးတရာ) | - | ၁၃. ၀၀ | ၉၉. ၀၀ |
| (စ)အမှတ်(၈)သစ်စက်(လှိုင်) | ၃. ၇၅၀၀ | ၂၀. ၀၀ | ၁၈၃. ၀၀ |
| (ဆ)အမှတ်(၁၀)သစ်စက်(သန်လျင်) | - | - | ၁၀၈. ၀၀ |

၂။ လေလံတင်ရောင်းချမည့်နေ့ရက်နှင့်အချိန် -၂၅-၂-၂၀၁၆(ကြာသပတေးနေ့) နံနက် ၉နာရီ

၃။ လေလံတင်ရောင်းချမည့်နေရာ -အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်)

၄။ လေလံလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံရောင်းချမည့်ရက်နှင့်နေရာ -၈-၂-၂၀၁၆ရက် မှ ၂၄-၂-၂၀၁၆ရက်အထိ(ရုံးချိန်အတွင်း) အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်)၊ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်၊ ၀၁-၅၃၄၄၇၀၊ ၀၉-၅၀၁၁၃၄၉

**လေလံတင်ရောင်းချရေးအဖွဲ့**

Royal Gandamar Travels & Tours
February ခရီးစဉ်များ
Plan ur travel with us! Save time, save money!
၁.ထားဝယ်ရှင်ကိုးရှင်-လောင်းလုံကျွန်း-မျှော်ရစ်-မောင်းမကန် (၆ ရက်) Feb 11 ၂၄၅၀၀၀
၂.ပုဂံ-စွယ်တော်(၄)ဆူ-ပုပ္ပါး-ပခုက္ကူသီဟိုဠ်ရှင် (၄ရက်) Feb 11 ၁၅၅၀၀၀
၃.အလောင်းတော်ကဿဖ-ဗောဓိတစ်ထောင်-ကျောက္ကာရွှေဂူနီ (၄ရက်) Feb 11 ၁၆၀၀၀၀
၄.တောင်ကြီး-အင်းလေး-ကလော-ပင်းတယ-မွေတော်ကက္ကူ(၅ရက်) Feb 11 ၁၉၀၀၀၀
၅.ကယား-လွိုင်ကော်-မြင်းမထိ-ထီးစဲခါး-တောင်ကွဲစေတီ-ပန်ပက်ရွာ(၄ရက်) Feb 11 ၁၇၀၀၀၀
၆.ငပလီကမ်းခြေ@4* Resort (၃)ရက် ၂၅၉၀၀၀
၇.ကော့သောင်း-သူဌေးကျွန်း-Cocks Comb Island (၃)ရက် ၄၂၀၀၀၀
၈. မော်လမြိုင်၊ ကျိုက္ကမီ-စက်စဲ၊ နေ့ချင်းပြန် ၃၅၀၀၀
၉.ကျုံထော်ရေတံခွန်-ဆဒ္ဒန်ဂူ-ကော့ကသောင်ဂူ(နေ့ချင်းပြန်) Feb 6,11,13 ၃၅၀၀၀
3*Hotel (၂)ညအိပ်, Scania Express, Meals, Guide စရိတ်ငြိမ်း
အမှတ်(၁၈၅/၁၈၇) မဟာဗန္ဓုလလမ်း နှင့်၅၂လမ်းထောင့် Yurimieko ရှေ့၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်။
Ph-01-397484, 09-333 53275,09-3659 2255,09-25089 2626

## ရန်ကုန်မြို့ သဃ်န်းကျွန်းအိတ်ချိန်းနယ်မြေအတွင်း အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများ ဖြည့်စွမ်းပေးနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည် စက်မှုပိုင်းဆိုင်ရာ အဆင့်မြှင့်ရန်လိုအပ်လျက်ရှိသော သဃ်န်းကျွန်း S-12 အိတ်ချိန်းအား ခေတ်မီ MSAN အိတ်ချိန်းများဖြင့် အမြန်အစားထိုး လဲလှယ်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် သဃ်န်းကျွန်းအိတ်ချိန်း (Host) ၏ (၀၁-၅၆××××) နံပါတ်များအစား (၀၁-၈၅၆××××) နံပါတ်များဖြင့် မူလနံပါတ် (၅၆)ရှေ့တွင် (၈) တစ်လုံးတိုး၍ လည်းကောင်း (ဥပမာအားဖြင့် ၀၁-၅၆၁၂၃၄ အစား ၀၁-၈၅၆၁၂၃၄)၊ သုဝဏ္ဏ RSU အိတ်ချိန်း/ တောင်ဥက္ကလာပ RSU အိတ်ချိန်း/ ရန်ကင်း RSU အိတ်ချိန်းများ၏ မူလ (၀၁-၅၆××××) နံပါတ်များအစား (၀၁-၂၃၃××××) နံပါတ်များဖြင့် မူလ (၅၆) နေရာတွင် (၂၃၃) အစားထိုး၍လည်းကောင်း (ဥပမာအားဖြင့် ၀၁-၅၆၁၂၃၄ အစား ၀၁-၂၃၃၁၂၃၄) (၁၀-၂-၂၀၁၆) ရက်နေ့တွင် အစားထိုးပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## ကြော်ငြာ


# IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း



**ENGLISH Language** | **AutoCAD - 3ds Max** | **VIDEO EDITING** | **Computer Basic** | **LCCI I-II**

**MOBILE PHONE SOFTWARE HARDWARE** | **DESKTOP PUBLISHING** | **Service Technician** | **GRAPHIC DESIGN**

HOT LINE - 383893, 253293, 0949290778 10% OFF

# Day Star International Preschool @ IPC

နိုင်ငံတကာ အသိအမှတ်ပြုလိုင်စင်ရ မူကြို






လှိုင်သာယာမြို့နယ်

နိုင်ငံခြားမှ ကျွမ်းကျင်ဆရာမများကိုယ်တိုင် သင်ကြားပေးပါသည်၊ သင့်ရင်သွေးငယ်၏ အနာဂတ်လမ်းကြောင်း ထွန်းလင်းတောက်ပစေရန် ယုံကြည်စိတ်ချရသော အခြေခံအုတ်မြစ်ချပေးနိုင်ဖို့ မိဘရဲ့ရွေးချယ်မှုပေါ် မူတည်ပါတယ်၊ မွေးကင်းစအရွယ် မှ ၆ နှစ်အရွယ်ဟာ သင်ယူမှု အမြန်ဆုံး အရွယ်ဖြစ်သည်။

**Day Star မူကြိုဆိုပါတယ်။**

ကြိုပို့ကားများရှိသည်။

ခြံအမှတ် (၁၁၈၇- ၈၈)၊ စိုက်ပျိုးလမ်းသွယ်(၁)၊ အဒင်မြင် (၅)ရပ်ကွက်၊ လှိုင်သာယာမြို့။ ဖုန်း - ၀၉- ၅၄၄၁၉၀၁၁၊ ၀၉- ၅၀၂၁၅၅၀၅

# LANCASTER *Education Centre*

၂၆-အေ (တတိယထပ်)နဝဒေးလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း-၃၇၄၆၆၄၊ ၀၉-၇၃၀၉၇၄၆၆

နွေရာသီအင်္ဂလိပ်စာအထူးသင်တန်းများ (March to May)

*Beginners
*Starters *Movers
*Flyers *KET
*PET *FCE



English 4 Skills + Grammar
Drawing Internet
Arts & crafts Story telling
Excursions

အသက် ၅ နှစ် မှ ၁၅ နှစ် အထိ Cambridge ESOL YLE Exam ကို ဝင်ရောက် ဖြေဆိုနိုင်သည် အထိ သင်ကြား လေ့ကျင့်ပေးမည်။

**SERVICE ACADEMY** ELECTRICIAN FOR SHIP YARD, SHIPPING VESSEL, OFF SHORE CONSTRUCTION AND OTHERS

မော်တာ၊ ဂျင်နရေတာ ထရန်စဖော်မာ ကွိုင်ပါတ်ခြင်းသင်တန်း

**အမြန်လာပါ**

မဇင်သီတာဝင်း [၇/ပမန(နိုင်)၂၀၇၄၆၄]သိစေရန်မှာ အဖေ၊ အမေနှင့် ဘုန်းဘုန်းတို့ စိုးရိမ်မကင်းဖြစ်နေကြပါသည်။ အားလုံးခွင့်လွှတ်ပါသည်။ အမြန်ပြန်လာပါ။ ဖုန်း-၀၉ ၅၃၁၂၄၀၈

အသုံးမလိုတော့သော လေအေးပေးစက်များ ဝယ်ယူလိုပါသည်။ 09 253582510

ဟိုက်ဒြောလစ်/လေဖိအား **Fully Auto အော်တိုကားအမျိုးအစား** ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 420035882, 09 73199410
09 420035884, 09 73199257

# KMD Institute

Since 1986

မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၃၀)တိုင်တိုင် အောင်မြင်စွာရပ်တည်နေသော KMD တွင် လူကြီးမင်းတို့၏ သားသမီး အနာဂတ်ဘဝကိုအပ်နှံလိုက်ပါ။

KMD Institute တွင် နိုင်ငံတကာ အသိအမှတ်ပြု ဒီပလိုမာနှင့်ဒီဂရီသင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ UK နိုင်ငံမှပေးအပ်ချီးမြှင့်သည့် တစ်ကမ္ဘာလုံးအမှတ်အများဆုံးဆုရှင် (၃၂)ဦး၊ အာရှဒေသတွင်းအမှတ်အများဆုံးဆုရှင် (၃၄)ဦး နှင့် ဘာသာရပ်ထူးချွန်ဆုရှင် (၂၅၉)ဦး ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာ နှင့် ဒီဂရီရရှိသူပေါင်း (၈၀၀၀)ကျော်ခဲ့ပြီဖြစ်ပါသည်။

NCC education | SQA | University of Greenwich

- B.Sc(Hons) Business IT
- Second Year Computing Diploma
- First Year Computing Diploma
- SQA/ Higher National Diploma




**KMD (Myaynigone):** 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
01- 381776, 381035, 502233, 527436, 220555, 700895 www.facebook.com/kmdncc

**Enroll Now**

Hot Line No-0930500100

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်တွင်ကျင်းပသည့် ဗုဒ္ဓသာသနာ၊ အဆင့်မြင့်ပညာရေးနှင့် အမြော်အမြင် နိုင်ငံတကာစာပေဟောပြောပွဲသို့ တက်ရောက်

သတင်း စာမျက်နှာ- ၃





ရောဝတီတိုင်း ဒေသကြီး လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသော လေးထပ် ပရိယတ္တိစာသင်တိုက်၌ ဖေဖော်ဝါရီ ၆ ရက်က အိမ်ထောင်စုတစ်စုလျှင် ရောဝတီဘဏ်မှ လှူဒါန်းသော ငွေကျပ်နှစ်သိန်း၊ စောင်သုံးထည်၊ တီရှပ်သုံးထည်နှင့် အများလှူဒါန်းထားသော ရေသန့်တစ်ကတ်၊ ခေါက်ဆွဲခြောက် နှစ်ဖာ၊ ဆန်တစ်အိတ်၊ စောင် တစ်ထည်၊ လူတစ်ဦးလျှင် ကြက်ဥ တစ်လုံးနှုန်းဖြင့် ယာယီကယ်ဆယ်ရေးစခန်းတွင် ဝေငှပေးနေစဉ်။

(ခရိုင်ပြန်/ဆက်)

## ယနေ့ မာတိကာ


၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

အချုပ်ပို - ၁

မန္တလေးမြို့ ရောဝတီဆိပ်ကမ်းတွင် ယာယီတဲများဖြင့် နေထိုင်ကြသည့် ရွှေ့ပြောင်းလုပ်သားများအတွက် တည်ဆောက်ထားသည့် အငှားအိမ်ရာ တိုက်ခန်းများ လျှောက်ထားသူ ၁၈၈၉ ဦးရှိ

စာမျက်နှာ - ၃


# နာမည်ကြီး ရှမ်းယူနိုက်တက် ရှုံးပွဲစတွေ့

သတင်းနှင့်ဓာတ်ပုံ – ရှိုင်းထက်ဇော်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**(ကျောက်တိုင်ကွင်း)**

**ရောဝတီ - နှစ်ဂိုး။**

**ရှမ်းယူနိုက်တက် - ဂိုးမရှိ။**

ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသော်လည်း ပုံစံကောင်းရရှိရန် ရှန်းကန်နေရသည့် ရှမ်းယူနိုက်တက်အသင်းမှာ ရောဝတီအသင်းကို အဝေးကွင်း၌ ရှုံးနိမ့်ပြီး ပထမဆုံး ရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရသည်။ ရောဝတီအသင်းမှာ ပုံစံကောင်းပြသနိုင်ခဲ့ပြီး ဒုတိယပိုင်း သွင်းဂိုးများဖြင့် နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့သည်။

ရောဝတီအသင်းမှာ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး ရှမ်းယူနိုက်တက်အသင်းမှာ ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့သည်။ တိုက်စစ်တွင် ဘာရှက်ကိုမသုံးဘဲ လူငယ်ကစားသမားများဖြစ်သည့် စိုင်းမင်းထွန်းနှင့် ဇင်မင်းထွန်းတို့ကို ပွဲထွက်လူစာရင်း၌ အသုံးပြုခဲ့သည်။ ရန်ကုန်အသင်းကို အနိုင်ကစားထားသည့် ရောဝတီအသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး ကျော်ဇေယျာဝင်းနှင့် အောင်ကျော်နိုင်တို့၏ ကန်ချက်များ ဘားထိ၊ တိုင်ထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။ ပထမပိုင်းတွင် ဂိုးမရခဲ့သည့် ရောဝတီအသင်းမှာ ဒုတိယပိုင်းတွင် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၂ မိနစ်တွင် သီဟဇော်က အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရောဝတီအသင်း ကစားပုံပိုကောင်းခဲ့ပြီး ၆၅ မိနစ်တွင် အောင်ကျော်နိုင်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ၇၆ မိနစ်တွင် ရှမ်းနှင့် ရောဝတီကစားသမားအချို့ ခိုက်ရန်ဖြစ်ပွားခဲ့ပြီး ရောဝတီအသင်းမှ ကျော်ဇေယျာဝင်းနှင့် ရှမ်းယူနိုက်တက်အသင်းမှ ဘာရှက်တို့ အနီကတ်များဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းက Southern အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရတနာပုံအသင်းမှာ **စာမျက်နှာ ၃ ကော်လံ ၄ သို့** ❖



ရောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

themirror.npt@gmail.com
www.facebook.com/themirrordaily



# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်း တို့မှရရှိသော စုစုပေါင်း ငှားရမ်းခရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများ ဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(ဂ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူ တစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ယင်းကုမ္ပဏီကရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၂။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ၊ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ်-

(က) လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) ပါအခွန်နှုန်းများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။

(ခ) လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေဖြစ်ပါက ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအားနုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်တွင် လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့် လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့် လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁ - ၃၀၀၀၀၀၀၀ | ၁၅% |
| (ခ) | ၃၀၀၀၀၀၀၁ - ၁၀၀၀၀၀၀၀၀ | ၂၀% |
| (ဂ) | ၁၀၀၀၀၀၀၀၁ နှင့်အထက် | ၃၀% |

၂၅။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့်-

(က) အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က) ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၆။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့်များမနုတ်မီ-

(က) မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့်ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| | မြတ်စွန်းငွေ | ပေးဆောင်ရမည့် ဝင်ငွေခွန်နှုန်း |
|---|---|---|
| (၁) | ညီမျှကျပ် သန်းပေါင်း(၁၀၀၀၀၀)အထိ | ၄၀ % |
| (၂) | ညီမျှကျပ် သန်းပေါင်း (၁၀၀၀၀၁) မှ (၁၅၀၀၀၀) အထိ | ၄၅ % |
| (၃) | ညီမျှကျပ် သန်းပေါင်း (၁၅၀၀၀၁)နှင့်အထက် | ၅၀ % |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပ ဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့်အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်းသုံးနှစ်အတွင်းဝင်ငွေ ကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစား တစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၃၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)တွင် အတူနေမိဘအတွက် ခွင့်ပြုငွေကို ဖြည့်စွက်လျက် အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၂) ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည်-

(က) အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၃၂။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန် စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၃။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်း ဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(ခ) တရားမဝင်ပစ္စည်းများဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်း ဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(ဂ) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူး တံဆိပ်များနှင့်အတူ ရရှိသည့်ချီးမြှင့်ငွေများ၊

(ဃ) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှဝင်ငွေ၊

(င) နိုင်ငံ့ဝန်ထမ်း အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်နှင့် ကရုဏာကြေး၊

(စ) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ။

၃၄။ ဤဥပဒေ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန် ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၈)
## အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ

၃၅။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊

(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) တံဆိပ်ခေါင်းခွန်၊

(စ) မှတ်ကောင် ဝတ်ဆံသွင်းအခွန်၊

(ဆ) အကောက်ခွန်၊

(ဇ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဈ) ရေခွန်၊

(ည) တာတမံခွန်၊

(ဋ) သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

(ဌ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)

(ဍ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊

(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့်ကောက်ခံသည့် အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊

(ဒ) ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်။ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင် / ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး။

၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များတူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်း လုပ်ငန်းတို့သည်-

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင်-

(၁) ဤဥပဒေပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ထမ်းဆောင်ရမည်။

(၂) ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) အရ ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်။

(၃) ပုဒ်မခွဲငယ် (၂)ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန် ထမ်းဆောင်ရမည်။

## အခန်း(၉)
## အထွေထွေ

၃၇။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိက မှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်း မရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များတင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးနှင့် အာဆီယံကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက်

**စာမျက်နှာ ၂ သို့**

စာမျက်နှာ ၁ မှ

ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

၄၀။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)အရ တပ်ရိုက်သည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ တစ်ဆယ်ရာခိုင်နှုန်းအား သတင်းပေးတင်ပြသူကိုလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းအား ရှာဖွေဖမ်းဆီးသည့် အဖွဲ့အားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းမပြုရ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဇယား(၁)

၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်
ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၆- ၂၀၁၇ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်** | **၂၄၈၆၉၁၉. ၈၄၇** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၄၀. ၃၁၁ |
| | ၂ | ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၁၆၂၉၉၂၉. ၇၄၅ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ၊ | ၅၇၆၂. ၀၀၀ |
| | ၄ | ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊ | ၃၀၀၀၀. ၀၀၀ |
| | ၅ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၈၁၄၇၀. ၀၀၀ |
| | ၆ | ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၃၇၇၁၀. ၀၀၀ |
| | ၇ | သတ္တုတွင်းဝန်ကြီးဌာန | မုတ်ကောင်ဝတ်ဆံသွင်းအခွန် | ၄၆၀. ၀၀၀ |
| | ၈ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၆၆၇. ၇၉၁ |
| | ၉ | ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၆၀၀၀၀၀. ၀၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂၃၇၀၄၃၄. ၆၄၅** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂၃၇၀၄၃၄. ၆၄၅ |
| ၃ | | | **အကောက်ခွန်** | **၄၇၅၀၀၀. ၀၀၀** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်။ | ၄၇၅၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်** | **၈၈၇၃၈၄. ၃၃၆** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန၊ | **မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊** | ၁. ၄၈၅ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန် | ၁၃. ၇၂၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန၊ | တာတမံခွန်၊ | ၀. ၀၂၅ |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၂၈၈၆. ၂၆၅ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ) | ၃. ၈၅၅ |
| | ၆ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊ | ၁၃၀၃. ၈၀၀ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၇၁၀၆၁၃. ၇၁၄ |
| | ၈ | သတ္တုတွင်းဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၁၉၅၄၀. ၀၀၀ |
| | ၉ | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့်ကောက်ခံသည့် အခွန်အခ၊ | ၁၄၂၅၉၅. ၁၄၉ |
| | ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊ | ၁၀၄၂၆. ၃၂၀ |
| | | | **စုစုပေါင်း** | **၆၂၁၉၇၅၈. ၈၂၈** |

# မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ။)**

**၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်**

**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) **ကျောက်မျက်ရတနာ** ဆိုသည်မှာ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညို့၊ ပြောင်ခေါင်းစိမ်း၊ သုံးပန်လှမျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြမျိုးကျောက်၊ ဂေါ်မိတ်၊ ထပ်တစ်ရာ၊ သလင်းတူကျောက်၊ ဥဒေါင်၊ မျော၊ အညွှံနီလာ၊ နဂါးသွဲ့၊ ကြံဆစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူကျောက်၊ ပယင်း၊ ပုလဲပြာ၊ နက်ဖရိုက်၊ မှော်စစ်စစ်၊ ထုံကုံး၊ ပလွမ်၊ ထပ်ကျောက်၊ ထပ်ကွာစိမ်း၊ မိုးညှင်းနီလာ၊ ရေဂေါ်မိတ်၊ သန္တာ၊ ပိန်းနိုက်၊ သူရောင်၊ ဆာပင်တင်း၊ ငုပဆစ်၊ ဆိုဒါလိုက် သို့မဟုတ် အမ်ဖီဗိုးအုပ်စုဝင်ကျောက်များကို ဆိုသည်။ ယင်းစကားရပ်တွင် ရတနာတန်းဝင် ရောင်စုံကျောက်များ၊ သလင်းအုပ်စု၌ပါဝင်သော ရတနာတန်းဝင်ကျောက်များနှင့် သတ္တုတွင်းဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကျောက်မျက်ရတနာဟု သတ်မှတ်သည့် ပစ္စည်းများလည်းပါဝင်သည်။"

(ခ) ပုဒ်မခွဲ (ခ) ၏ အောက်တွင် ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဂ) **ကျောက်မျက်ရတနာအရိုင်း** ဆိုသည်မှာ တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းတုံးများ၊ ခွဲစိတ်ဖြတ်တောက်ထားသော၊ ခွဲစိတ်ပြီးပွတ် ချောထားသော၊ ထုခွဲထားသော ကျောက်မျက်ရတနာအရိုင်းတုံးများနှင့် အပိုင်းအစများကို ဆိုသည်။

(ဃ) **ကျောက်မျက်ရတနာအချောထည်** ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်း ပြုလုပ်ခြင်းစသည်ဖြင့် ဆင့်တက်ပြုပြင်ခြင်းတို့ ပြုလုပ်ထားသည့် လက်ဝတ်ရတနာ မပြုလုပ်ရသေးသော ကျောက်မျက်ရတနာကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဂ) ကို ပုဒ်မခွဲ (င) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

(ဃ) ပုဒ်မခွဲ (င)၏ အောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) **ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်း** ဆိုသည်မှာ ကျောက်မျက်ရတနာကို အသုံးပြု၍ ပြုလုပ်ထားသော ပစ္စည်း သို့မဟုတ် ကျောက်မျက်ရတနာပါဝင်သော ပစ္စည်းကို ဆိုသည်။"

(င) ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င) တို့ကို ပုဒ်မခွဲ (ဆ) နှင့် ပုဒ်မခွဲ (ဇ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

(စ) ပုဒ်မခွဲ (စ) ကို ပုဒ်မခွဲ (ဈ) အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အောက်ပါအတိုင်းအစားထိုးရမည် -

"(ဈ) **လိုင်စင်** ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်းကို ဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ဆိုင်ခန်းဖွင့်လှစ်၍ ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်နိုင်ရန်သော်လည်းကောင်း၊ ကျောက်မျက်ရတနာအချောထည် ပြုလုပ်ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ လက်ဝတ်ရတနာ ပြုလုပ်ရောင်းချခြင်း လုပ်ငန်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းပြုလုပ်ရောင်းချခြင်း လုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်နိုင်ရန်သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။"

(ဆ) ပုဒ်မခွဲ (ဆ) ကို ပုဒ်မခွဲ (ည) အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အောက်ပါအတိုင်း အစားထိုးရမည်-

"(ည) **ရတနာခွန်** ဆိုသည်မှာ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းမှ ထွက်ရှိလာသော ကျောက်မျက်ရတနာ အရိုင်းများအပေါ် ဤဥပဒေအရ ကောက်ခံသည့်အခွန်ကို ဆိုသည်။"

(ဇ) ပုဒ်မခွဲ (ည) ၏အောက်တွင် ပုဒ်မခွဲ (ဋ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဋ) **ဝန်ဆောင်ခ** ဆိုသည်မှာ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက ရတနာခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာ သို့မဟုတ် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင် မြန်မာကျပ်ငွေ သို့မဟုတ် နိုင်ငံခြားသုံးငွေဖြင့် တင်ပြရောင်းချခြင်း၊ သတ္တုတွင်းဝန်ကြီးဌာနက စီစဉ်ပေးသော နေရာများတွင် ရောင်းချခြင်းတို့၌ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ဆောင်ရွက်ရသည့် လုပ်ငန်းများအတွက် ဤဥပဒေနှင့်အညီ ကောက်ခံသည့် ဝန်ဆောင်ခကို ဆိုသည်။"

(ဈ) ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲ (ဈ)၊ ပုဒ်မခွဲ (ည) နှင့် ပုဒ်မခွဲ (ဋ) တို့ကို ပုဒ်မခွဲ (ဌ)၊ ပုဒ်မခွဲ (ဍ)၊ ပုဒ်မခွဲ (ဎ) နှင့် ပုဒ်မခွဲ (ဏ)တို့ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

(ည) ပုဒ်မခွဲ (ဏ) ၏အောက်တွင် ပုဒ်မခွဲ (တ)၊ ပုဒ်မခွဲ (ထ)၊ ပုဒ်မခွဲ (ဒ)၊ ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲ (န)၊ ပုဒ်မခွဲ (ပ)၊ ပုဒ်မခွဲ (ဖ)၊ ပုဒ်မခွဲ (ဗ)၊ ပုဒ်မခွဲ (ဘ) နှင့် ပုဒ်မခွဲ (မ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(တ) **အကြီးစားတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ကျောက်မျက်ရတနာ ဖြစ်ထွန်းမှုပမာဏအရ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် ရတနာနယ်မြေအတွင်း လုပ်ကွက်အကျယ်အဝန်း၊ တူးဖော်မည့်နည်းစနစ်၊ သုံးစွဲရမည့် စက်ယန္တရားစသည်တို့ပါဝင်သော ၁၀ နှစ်အထိ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ထ) **အလတ်စားတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ကျောက်မျက်ရတနာ ဖြစ်ထွန်းမှုပမာဏ အသင့်အတင့်ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသည့် ရတနာနယ်မြေအတွင်း လုပ်ကွက်အကျယ်အဝန်း၊ တူးဖော်မည့်နည်းစနစ်၊ သုံးစွဲရမည့် စက်ယန္တရားစသည်တို့ ပါဝင်သော ငါးနှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကိုဆိုသည်။

(ဒ) **အသေးစားတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ကျောက်မျက်ရတနာ ဖြစ်ထွန်းမှု ပမာဏနည်းပါး၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပဧရိယာအတွင်း လုပ်ကွက်အကျယ်အဝန်း၊ တူးဖော်မည့် နည်းစနစ်၊ သုံးစွဲရမည့်စက်ယန္တရားစသည်တို့ပါဝင်သော သုံးနှစ်အထိ ကျောက်မျက်ရတနာ

စာမျက်နှာ ၇ သို့


THE KEY TO
DRIVING LUXURY.
THE ALL-NEW BMW 7 SERIES.
01:12:30 PM
BMW
SLIDE UP
TO UNLOCK


BMW EFFICIENTDYNAMICS.
LESS CONSUMPTION. MORE DRIVING PLEASURE.
Prestige Automobiles
bmwmyanmar.com
Sheer Driving Pleasure
The all-new BMW 7 Series
THE ALL-NEW BMW 7 SERIES.
DRIVING LUXURY.
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
Phone : 01- 230 6133, Service Hotline : 01- 230 6144
Join BMW Myanmar
www.facebook.com/BMWPAC


BMW EFFICIENTDYNAMICS.
LESS CONSUMPTION. MORE DRIVING PLEASURE.
Prestige Automobiles
bmwmyanmar.com
BMW
Sheer Driving Pleasure
LUXURY THAT SHAPES THE FUTURE.
THE ALL-NEW BMW 7 SERIES. DRIVING LUXURY.
The leader of automotive luxury has arrived in Myanmar.
တီထွင်ဖန်တီးမှုအသစ်များစွာနှင့် ၂၁ ရာစု၏ အကောင်းဆုံး အဆင့်မြင့်ဇိမ်ခံကား မြန်မာပြည်သို့ ရောက်ရှိလာပါပြီ။




Carbon CORE

စာမျက်နှာ ၂ မှ

တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ဓ) **လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ သတ္တုတွင်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းပြီး သတ္တုတွင်းဝန်ကြီးဌာနက သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေ ပြင်ပဧရိယာအတွင်း သာမန်လက်သုံး ကိရိယာများကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော မြင်းကောင်ရေအားထက် မပိုသည့် စက်ကိရိယာကို ဖြစ်စေ အသုံးပြု၍ တစ်နှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(န) **လစ်လပ်လုပ်ကွက်** ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော်ရန် ခွင့်ပြုထားသော ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် လျှောက်ထားခြင်းမရှိသော လုပ်ကွက်ကို ဆိုသည်။

(ပ) **မြေအသုံးပြုခွင့်ပြုမိန့်** ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆိုင်ရာ ယာယီအဆောက်အအုံ၊ ပစ္စည်းသိုလှောင်ရုံနှင့်တဲ၊ တန်းလျားများ ဆောက်လုပ်ရေးအတွက်လည်းကောင်း၊ ယာဉ်၊ စက်ယန္တရား၊ ထုတ်လုပ်ပြီး ကျောက်ရိုင်းများနှင့် ဖြုန်းများထားရှိရေးအတွက်လည်းကောင်း၊ မြေစာဆေးကြောရေး၊ ကျောက်ထုခွဲရေးနှင့် မြေစာပစ်ရေးတို့အတွက်လည်းကောင်း လုပ်ငန်းသုံးနေရာတစ်ခုခုကို အသုံးပြုခွင့်အတွက် ထုတ်ပေးထားသော ခွင့်ပြုချက်ကို ဆိုသည်။

(ဖ) **ခွင့်ပြုမိန့်ရရှိသူ** ဆိုသည်မှာ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူကို ဆိုသည်။

(ဗ) **လိုင်စင်ရရှိသူ** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ) အရ ထုတ်ပေးသည့် လုပ်ငန်းအတွက် လိုင်စင်ရရှိသူကို ဆိုသည်။

(ဘ) **အသင်းချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ကို ဆိုသည်။

(မ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။"

၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ကုမ္ပဏီနှင့်သမဝါယမအသင်းများ" ဆိုသည့် စကားရပ်ကို "ခွင့်ပြုမိန့်နှင့် လိုင်စင်ရရှိသူများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဃ) ၏အောက်တွင် ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းများ စီမံဆောင်ရွက်ရန်၊

(စ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန်။"

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာကို စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည့် သို့မဟုတ် ရှာဖွေတွေ့ရှိသည့် နယ်မြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်ရန်ရှိသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း အများပြည်သူသိရှိရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

(ခ) ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်သည့် သက်ဆိုင်ရာနယ်မြေတွင် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်နှင့် အခြားအခွင့်အရေးများနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ ရတနာနယ်မြေအဖြစ် သတ်မှတ်ပါက ထိခိုက်နစ်နာ ဆုံးရှုံးနိုင်ဖွယ်ရာရှိ မရှိနှင့်စပ်လျဉ်း၍ဖြစ်စေ စုံစမ်းစစ်ဆေးပြီး သင့်လျော်သောအခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် နယ်နိမိတ်တိုင်းတာ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျွမ်းကျင်သူများ ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်စေရမည်။

(ဂ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက ယင်းသို့ သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့နှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်း ပြုနိုင်သည်။

(င) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ ဆောင်ရွက်ပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

(စ) ပုဒ်မခွဲ (င) အရ သတ်မှတ်သော ရတနာနယ်မြေအပေါ် ကျူးကျော်၍ ဆောက်လုပ်သည့်အဆောက်အအုံများ၊ ပစ္စည်းများနှင့်စက်ပစ္စည်းကိရိယာများကို သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖယ်ရှားခြင်းမပြုလျှင် အဆိုပါပစ္စည်းများကို ဖျက်သိမ်းခြင်းနှင့်ဖယ်ရှားခြင်း ပြုနိုင်သည်။ ထိုသို့ ပြုလုပ်ရာတွင် မည်သည့်နစ်နာ ဆုံးရှုံးမှုအတွက်ကိုမျှ ပေးလျော်ရန် တာဝန်မရှိစေရ။"

၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄ ၏ နောက်တွင် ပုဒ်မ ၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄-က။ ရတနာနယ်မြေအဖြစ် သတ်မှတ်သည့်နယ်မြေတွင် မြို့ သို့မဟုတ် ကျေးရွာလူနေအိမ်များတိုးချဲ့ခြင်း၊ သာသနာ့နယ်မြေ သတ်မှတ်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့လုပ်ကိုင်ခြင်း၊ သစ်တောစိုက်ခင်းတိုးချဲ့လုပ်ကိုင်ခြင်း၊ ရေတွင်း သို့မဟုတ် ရေကန်တူးဖော်ခြင်း၊ ဆည်မြောင်း တည်ဆောက်ခြင်းနှင့် အခြားစီမံကိန်းနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ ဆောင်ရွက်ရမည်။"

၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင်ပါရှိသော "ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း" ဆိုသည့် စကားရပ်ကို "ခွင့်ပြုမိန့်ရရှိသူ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၇ တွင် ပါရှိသော "အပေါ်ယံမြေဆီလွှာတွင် ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ မည်သည့်ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေ" ဆိုသည့်စကားရပ်ကို "အပေါ်ယံမြေဆီလွှာတွင် ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ နိုင်ငံတော်နယ်နိမိတ်အတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေထုတွင်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရန်အလို့ငှာ ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာတူးဖော်နိုင်သည့် နေရာများကို အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များအဖြစ် သတ်မှတ်ရမည်။"

၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်းအတွက် ကြမ်းခင်းဈေးနှုန်းကို သတ်မှတ်ရမည်။

(ခ) ကြမ်းခင်းဈေးနှုန်း သတ်မှတ်ပြီးသော အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်များကို သတ်မှတ်ချက်များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာခေါ်ယူရမည်။"

၁၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်သော ကုမ္ပဏီ သို့မဟုတ် အသင်းသည် သတ္တုတွင်းဝန်ကြီးဌာနက အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာ ခေါ်ယူသည့်အခါ အကြီးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ၊ အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်၍ အဆိုပြုလွှာတင်ခွင့်ရှိသည်။"

၁၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ သတ္တုတွင်းဝန်ကြီးဌာနသည် အကြီးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ၊ အလတ်စား တူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါသတ်မှတ်ချက်များနှင့်ညီညွတ်ပြီး ဈေးအများဆုံးပေး၍ အဆိုပြုလွှာတင်သည့် ကုမ္ပဏီ သို့မဟုတ် အသင်းအား ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၂-က။ သတ္တုတွင်းဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသူနှင့် အကြီးစားတူးဖော်ထုတ်လုပ်ခြင်း အတွက်ဖြစ်စေ၊ အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ထုတ်လုပ်မှုအပေါ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ကိုင်ရမည်။"

၁၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုသည့် ကျောက်မျက်ရတနာလုပ်ကွက်များ၏ ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုကြောင်း လျှောက်ထားလာပါက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို စိစစ်သုံးသပ်ပြီး လုပ်ကိုင်ခွင့်သက်တမ်းကို တိုးမြှင့်ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသော အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ကျောက်မျက်ရတနာလုပ်ကွက် တစ်ခုချင်းအတွက် ဈေးနှုန်းပြန်လည် သတ်မှတ်ပြီး ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် သက်တမ်းတိုးမြှင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၃ ၏ နောက်တွင် ပုဒ်မ ၁၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၃-က။ သတ္တုတွင်းဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များကို ဖွဲ့စည်းပေးနိုင်သည်။"

၁၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပဧရိယာအတွင်း အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ပြုမည့်နေရာဒေသများကို သတ္တုတွင်းဝန်ကြီးဌာန၏ သဘောထားရယူပြီး လုပ်ကွက်ချထားပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့်နေရာဒေသအတွင်းရှိမြေတွင် အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သို့ လျှောက်ထားရမည်။"

၁၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည်-

(က) အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်၍ အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ်

စာမျက်နှာ ၈ သို့

**စာမျက်နှာ ၇ မှ**

လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်သက်တမ်းနှင့် ကြမ်းခင်းဈေးနှုန်းကို သတ်မှတ်ရမည်။

(ခ) သတ်မှတ်ထားသော ဈေးနှုန်းကိုလျှောက်ထားသူက သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့် ထုတ်ပေးရမည်။

(ဂ) ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့်အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ရမည်။

(ဃ) လက်ရှိလုပ်ငန်းလုပ်ကိုင်နေသူသည် သတ်မှတ်ထားသော ဈေးနှုန်းကို သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ပါရှိသော "လုပ်ကိုင်ခွင့်သက်တမ်း" ဆိုသည့်စကားရပ်ကို "ခွင့်ပြုမိန့်သက်တမ်း" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅-က တွင် ပါရှိသော "ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်က" ဆိုသည့် စကားရပ်ကို "ခွင့်ပြုမိန့်ရရှိသူက" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅-ခ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၅-ခ။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူကို ရတနာနယ်မြေတွင် မြေအသုံးပြုခွင့်ပြုမိန့်ရရှိစေရန် လျှောက်ထားခွင့်ပြုနိုင်သည်။"

၂၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅-ဂ၊ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) ပါ "ပါမစ်" ဆိုသည့်စကားရပ်များကို "မြေအသုံးပြုခွင့်ပြုမိန့်" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။"

(ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာတန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။"

၂၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၇။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်၍ ရတနာခွန်ထမ်းဆောင်ပြီးဖြစ်လျှင်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းထားသော ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို လိုက်နာ၍ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့်ရုပ်တုရုပ်ထွင်းပြုလုပ်ခြင်းတို့ကို ပြုလုပ်၍ အချောထည်ပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်။

(ခ) ယင်းကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့်အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့်ရုပ်တုရုပ်ထွင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကို လက်ဝတ်ရတနာနှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းများပြုလုပ်ခွင့်ရှိသည်။

(ဂ) ယင်းကျောက်မျက်ရတနာအရိုင်းကို လည်းကောင်း၊ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့်ရုပ်တုရုပ်ထွင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကို လည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုလည်းကောင်း -

(၁) ပြည်တွင်း၌ သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာ သယ်ယူခွင့် ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။

(၃) သတ္တုတွင်းဝန်ကြီးဌာနက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် ကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသင်းချုပ်နှင့်မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများပြုလုပ်၍ ရောင်းချခွင့်ရှိသည်။

(၄) ပြည်ပသို့ နိုင်ငံခြားသုံးငွေဖြင့် တည်ဆဲဥပဒေနှင့်အညီ တင်ပို့ရောင်းချခွင့်ရှိသည်။

(၅) သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင် လည်းကောင်း၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်းကျောက်မျက်ရတနာပြပွဲများတွင် လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင် လည်းကောင်း ရောင်းချခွင့်ရှိသည်။

(၆) ပြည်ပမှ ရတနာကုန်သည်များကို မိမိအစီအစဉ်ဖြင့် ဖိတ်ခေါ်၍ တည်ဆဲဥပဒေများနှင့်အညီရောင်းချခွင့်ရှိသည်။

(၇) ပြည်ပကျောက်မျက်ရတနာ ပြပွဲများတွင် တည်ဆဲဥပဒေနှင့်အညီ သွားရောက်ရောင်းချခွင့်ရှိသည်။"

၂၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၉။ ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာအချောထည် သို့မဟုတ် လက်ဝတ်ရတနာ ပြုလုပ်ရောင်းချရာ၌ အသုံးပြုရန် အမှန်တကယ် လိုအပ်သော ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုနှင့်ဆိုင်သော စက်ပစ္စည်းကိရိယာများကို အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိသည်။"

၂၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၀။ မည်သူမဆို ဆိုင်ခန်းဖွင့်လှစ်၍ ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါက လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားရမည်။"

၂၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲ၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်းကျောက်မျက် ရတနာပြပွဲများ၊ နိုင်ငံတကာကျောက်မျက်ရတနာပြပွဲများနှင့် တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်သာ ရောင်းချရမည်။"

၂၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၃။ လိုင်စင်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ရရှိသူက ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်၊ သယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာအချောထည် ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာ ပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းပြုလုပ်ခွင့်များရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ဝယ်ယူထားသည့် ကျောက်မျက်ရတနာအရိုင်းကိုလည်းကောင်း၊ ပြုလုပ်ထားသော ကျောက်မျက်ရတနာအချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကိုလည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုလည်းကောင်း -

(၁) ပြည်တွင်း၌ သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။

(၃) ပြည်ပသို့ နိုင်ငံခြားသုံးငွေဖြင့် တည်ဆဲဥပဒေနှင့် အညီ တင်ပို့ရောင်းချခွင့်ရှိသည်။"

၂၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၆ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ခွင့်ပြုမိန့်ရသူက ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) အရ မိမိထံပြသသော ကျောက်မျက်ရတနာအရိုင်းများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားရှိခြင်း၊"

(ခ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ခွင့်ပြုမိန့်ရရှိသူက ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းများကို တန်ဖိုးဖြတ်အဖွဲ့သို့ ပြသမှတ်ပုံတင်ခြင်းမပြုဘဲ မသမာမှုပြုကြောင်း သတင်းရရှိပါက ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊"

၂၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ အခန်း (၉) ခေါင်းစဉ်ကို အောက်ပါအတိုင်း ပြင်ဆင်ရမည် -

**"အခန်း(၉)**

**ရတနာခွန်နှင့်ဝန်ဆောင်ခပေးဆောင်ခြင်း"**

၂၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၃၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၈။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၂၇ အရ ရတနာခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်းကို ရောင်းချပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုး၏ သုံးရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်။"

၃၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၉။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၂၇ အရ ရတနာခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ရောင်းချပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုး၏ တစ်ရာခိုင်နှုန်းကို ဝန်ဆောင်ခပေးဆောင်ရမည်။"

၃၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ လိုင်စင်ရရှိသူသည် ဤဥပဒေအရ ရတနာခွန် ပေးဆောင်ပြီးသော-

(က) ကျောက်မျက်ရတနာအရိုင်းကို ရောင်းချပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုး၏ သုံးရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်။

(ခ) ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်း ပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ရောင်းချပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုး၏ တစ်ရာခိုင်နှုန်းကို ဝန်ဆောင်ခပေးဆောင်ရမည်။"

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၁ ကို ပယ်ဖျက်ရမည်။

၃၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၂ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ၏ အောက်တွင် ပုဒ်မခွဲငယ် (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ပြီး ပုဒ်မခွဲငယ် (၄) ကို ပုဒ်မခွဲငယ် (၅) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်-

"(၄) မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်မှ အဖွဲ့ဝင်များ ကိုယ်စားလှယ် (၃) ဦး"

(ခ) ပုဒ်မခွဲ (ခ) ၏အောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၃၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၄ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ရတနာနယ်မြေသတ်မှတ်ခြင်း၊ ကျောက်မျက်ရတနာလုပ်ကွက်အမျိုးအစားသတ်မှတ်ခြင်း၊ ကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း၊ ပုဒ်မ ၁၅-က အရ အများသုံး မြေစာပစ်ရန်နေရာသတ်မှတ်ခြင်း၊ ပုဒ်မ ၁၅-ခ ပါလုပ်ငန်းသုံးနေရာအတွက် မြေအသုံးပြုခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ မြေအသုံးပြုခွင့်ပြုမိန့်အတွက် မြေငှားရမ်းခ သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊"

(ခ) ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများနှင့် မညီဘဲ တူးဖော်ထုတ်လုပ်ခြင်း၊ ပြည်ပသို့ ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီးနှိမ်နင်းရေးအတွက် နည်းလမ်းများရှာကြံ၍ သတ္တုတွင်းဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊"

(ဂ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာ၊ ကျောက်မျက်ရတနာအချောထည်နှင့်လက်ဝတ်ရတနာ ဈေးကွက်ရာခိုင်နှုန်းပြည့် ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရတနာခွန်များအပြည့်အဝပေးဆောင်စေရန် အထောက်အကူပြုစေရေးတို့အတွက် ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်အား ကြီးမှူးကျင်းပစေခြင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် နယ်စပ်ကုန်သွယ်ရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်၏ ကြီးကြပ်မှုဖြင့် ကျင်းပခွင့်ပြုခြင်း၊"

(ဃ) ပုဒ်မခွဲ (ဈ) ၏ အောက်တွင် ပုဒ်မခွဲ (ည) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ည) ကျောက်မျက်ရတနာဈေးကွက် ကျယ်ပြန့်ဖြစ်ထွန်းစေရန် ပုဂ္ဂလိက ကျောက်မျက်ရတနာပြပွဲများကို ကျင်းပရန် တင်ပြခြင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များမှ ပြည်ပတွင် ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာပြပွဲများ ကျင်းပခြင်းကို အားပေးကူညီခြင်း။"

**ဆက်လက်ဖော်ပြပါမည်။**